# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်    ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၉]


**အေးစေ မြစေ မေတ္တာရေ**

- ❖ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

## မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

စာ-၃

## ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရေး ဆွေးနွေး

စာ-၅

# တောင်သမန်အတွက် မနက်ဖြန်များ . . .

သတင်းဆောင်းပါး ➤ သပြေ

ဓာတ်ပုံ ➤ မင်းထက်အောင်(မန်းကိုယ်ပွား)



ယိုယွင်းစပြုလာပြီဖြစ်သော တောင်သမန်အင်းနှင့် တောင်သမန်တံတား၏ ရုပ်သွင်ကို ယမန်နှစ်ကတည်းက သတိပြုမိလာသည်။ သဘာဝတရား၏ ဖောက်ပြန်မှုသဘောအတိုင်း ပျိုရာမှ အို၊ သစ်ရာမှ ဟောင်းကြရစမြဲ။

တောင်သမန်တံတား (ခေါ်) ဦးပိန်တံတားကြီး သစ်လွင်ခဲ့စဉ်က လန်းဆန်းတက်ကြွမှု၊ ဣန္ဒြေကြီးစွာ တည်ရှိမှု၊ တံတားကြီး၏အလှနှင့် တောင်သမန်အင်း၏ သဘာဝတရားတို့ လိုက်ဖက်တင့်တယ်မှုဖြင့် ပန်းရစွာ တည်ရှိမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဝင် ရှေးဟောင်းသစ်သားတံတားကြီးအဖြစ် "မြန်မာ"သာမက ကမ္ဘာကျော်သည်အထိ ထင်ရှားကျော်ကြားမှု၊ စိတ်ချမ်းမြေ့ဖွယ် အပန်းဖြေစေမှုနှင့် ပတ်ဝန်းကျင်တစ်ခုလုံး၏ သွားလာရေးနှင့် စီးပွားရေးအရ အထောက်အကူပြုမှုတို့ကို အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးခဲ့ပြီး တာဝန်အလီလီကျေခဲ့ပြီ။

ဦးပိန်တံတားကြီး ရင့်ရော်လာမှုနှင့်အတူ တောင်သမန်အင်းရေပြင် ကျဆင်းလာချိန်တွင် တံတားကြီးကို မူလအနေအထား မပျက်ယွင်းစေဘဲ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်းရန်နှင့် တောင်သမန်အင်း သန့်ရှင်းသာယာလှပစေရန်အတွက် ဖေးမကူညီလုပ်ဆောင်ပေးရမည့်တာဝန်မှာ သက်ဆိုင်သူအားလုံး ဖြစ်လာခဲ့သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❍

**"ရေကန်နှင့်အင်းတို့၏ သဘောသဘာဝသည် ရေရှိမှသာ အဓိပ္ပာယ်ပြည့်စုံသကဲ့သို့ တံတားသည်လည်း ရေပြင်ကျယ်ကို ဖြတ်ကျော်ရန် ဆောက်လုပ်ထားခြင်းဖြစ်ရာ တံတားနှင့်ရေသည် လိုက်ဖက်တင့်တယ်လျက်ရှိသဖြင့် တောင်သမန်အင်းကို အမြဲထိန်းသိမ်းပြီး တိုးတက်လာသည့် လူဦးရေနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ အများပြည်သူအတွက် အပန်းဖြေနေရာတစ်ခုနှင့် ဝင်ငွေရှာဖွေပေးသော နေရာတစ်ခုသာမက ရေနေသတ္တဝါများနှင့် ဆောင်းခိုငှက်များ အပါအဝင် မျိုးစိတ်ပေါင်းများစွာအတွက် နားခိုစရာ နေရာတစ်ခုအဖြစ်လည်း ထိန်းသိမ်းကြရပေမည်"**




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဆင်းရဲမှုလျှော့ချရေးပိုမိုအလေးပေး

မြန်မာနိုင်ငံတွင် လက်ရှိအစိုးရ စတင်တာဝန်ယူစဉ်ကတည်းက အထူးအလေးထားဆောင်ရွက်နေသော လုပ်ငန်းစဉ်တစ်ရပ်မှာ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ လျှပ်စစ်မီးလင်းရေး၊ ပြည်သူတစ်ဦးချင်းဝင်ငွေတိုးတက်ရေးစသော စီမံချက်များသည် ဆင်းရဲမှု လျှော့ချရေးကို ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။

ထို့အတူ မြို့ပြများတွင်လည်း အလုပ်အကိုင်သစ်များ ပိုမိုဖန်တီးပေးရေး၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ထုတ်ပြန်ပေးခြင်း၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများ အလေးထားဆောင်ရွက်ပေးခြင်းစသော ဆောင်ရွက်မှုများသည်လည်း ဆင်းရဲမှုလျှော့ချရေးကို ဦးတည်ဆောင်ရွက်ပေးနေသည်ကိုတွေ့ရမည် ဖြစ်ပါသည်။ သို့သော် မည်မျှပင် ရည်မှန်းချက်များချမှတ်ဆောင်ရွက်နေသည့်တိုင် အလုံးစုံပြည့်စုံသော ထိရောက်အကောင်အထည်ဖော်မှုများဖြစ်လာရန် လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါသည်။ ဆင်းရဲမှုလျှော့ချရေးကို ယခုထက် ပိုမိုအလေးပေးဆောင်ရွက်ရတော့မည့်အနေအထားဖြစ်ပါသည်။

အကြောင်းသည်ကား မကြာသေးမီက ကုလသမဂ္ဂ၌ ရည်မှန်းချက်အသစ်တစ်ရပ်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို ချမှတ်လိုက်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ဤရည်မှန်းချက်အရ လာမည့် ၁၅ နှစ်အတွင်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့နေရာတိုင်း၌ ဆင်းရဲမွဲတေမှုများနှင့် ငတ်မွတ်ခေါင်းပါးမှုများကို အဆုံးသတ်ရမည်ဟု ဆိုပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက လာမည့် ၁၅ နှစ်အတွင်း လက်ရှိဆင်းရဲမွဲတေမှု၏ထက်ဝက်ကို လျှော့ချသွားရန် စီမံကိန်းများချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

သို့အတွက် ပြည်သူအားလုံး စားဝတ်နေရေးအဆင်ပြေအောင် ပိုမိုတွန်းအားပေးဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါသည်။ အထူးသဖြင့် ဆင်းရဲမှုလျှော့ချရာတွင် လူတစ်ဦးချင်းဝင်ငွေတိုးတက်ရေးနှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးရေးသည် ပဓာနအကျဆုံးဖြစ်ပါသည်။ လူတစ်ဦးချင်း လုပ်ခလစာများ၊ ဝင်ငွေများတိုးတက်လာရမည်ဖြစ်ပါသည်။ ဒေသတွင်းနိုင်ငံများဖြစ်သည့် အာဆီယံနိုင်ငံများနှင့်အပြိုင် လူတစ်ဦးချင်းဝင်ငွေများ တိုးတက်လာရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် လာမည့်နှစ်များအတွင်း အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မှုနှင့်အတူ အခြားသောပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာကာ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရန်အလားအလာကောင်းများ ရရှိနေပြီဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအမံများ တိုးချဲ့ဆောင်ရွက်ပေးမှုနှင့်အတူ ပြည်သူများ၏ လူနေမှုဘဝသည်လည်း တိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂ၏ ရည်မှန်းချက်အသစ်ဖြစ်သည့်နေရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဆင်းရဲမှုနှုန်းကို ထက်ဝက်လျှော့ချနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




# ဝါးအခြေခံလက်မှုထည် သင်တန်းဖွင့်

**ကသာ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မင်းလယ်ကျေးရွာတွင် အခြေခံလက်မှုထည် နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၇ ရက်က မင်းလယ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နေပြည်သူများ/ ကျေးရွာနေပြည်သူများအား လက်မှုပညာများဖြစ်သော စက်ချုပ်၊ အပ်ချုပ်ပညာနှင့် ခမောက်၊ စက္ကူဘူး၊ အလှဆင်ယပ်တောင်အမျိုးမျိုး၊ ဖျာ၊ ပိုက်ဆံအိတ်တို့ကို သင်ကြားပေးလျက်ရှိပြီး သင်တန်းသား ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ.အ.မ.ဖ)ပါတီ၊ ရခိုင်အမျိုးသားပါတီနှင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ဖော်ပြသွားမည် ဖြစ်ပါသည်။ **(သတင်းစဉ်)**

# မြို့ပြနှင့်ကျေးလက် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံ ဆောက်လုပ်နေမှုကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် စက်တင်ဘာ ၂၅ရက်က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပျားလုပ်ငန်းဌာနများမှ ရုံးခွဲ/ခရိုင်/မြို့နယ် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာန၏ရည်မှန်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ မူဘောင်ရေးဆွဲခဲ့မှု၊ မဟာဗျူဟာ မူဘောင်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုအခြေပြုစီမံကိန်းများ၊ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ မြို့ပြနှင့် ကျေးလက်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးနေမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စု ခေးနင်းကျေးရွာတွင် ဖွင့်လှစ်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းပေးနေမှုများကို သွားရောက်၍ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ/သားများနှင့်တွေ့ဆုံခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ဖွင့်လှစ်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ ဆရာဖြစ်သင်တန်း တက်ရောက်လျက်ရှိသော ဝန်ထမ်းများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ တိုးချဲ့ဆောင်သစ်ဖွင့်

**လှိုင်းဘွဲ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသတွင် တိုက်နယ်ဆေးရုံတိုးချဲ့ဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ရက်က ကျင်းပရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာနမှူးက တိုက်နယ်ဆေးရုံ ၁၆ ခုတင်မှ ၂၅ ခုတင်သို့ တိုးချဲ့ဆောင်သစ်ဖွင့်လှစ်ရခြင်းနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

၂၁-၉-၂၀၁၅ မှ ၂၅-၉-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၂၉ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၇၉ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု စူဗန်နဂျာတာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့် စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဟံစိန်၊ ဦးသန့်ရှင်း၊ ဒေါက်တာ ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**စက်တင်ဘာ ၂၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ 66 th Anniversary of Founding of China Day အခမ်းအနားတက်ရောက်လာသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Hong Liang နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



❊ *ကျောဖုံးမှ*

လေးအေးစက်ပါ RBE ရထားတွဲတွေကို ချိတ်ဆက်ပြေးဆွဲပေးနေပါတယ်။ ဒီရထားတွဲတစ်တွဲရဲ့ တန်ဖိုးက ငွေကျပ် သိန်း ၁၀၀၀ ခန့်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်တွေ၊ မသန်စွမ်းသူတွေ အတွက်လည်း အဆင်ပြေစွာ အဆင့်မြင့်မြင့် စီးနိုင်ပါတယ်”ဟု မြန်မာ့မီးရထားမှ အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

ယခု လွှဲပြောင်းပေးအပ်သည့် RBE ရထားတွဲများမှာ RBE 25-109 မှ RBE 25-114 အထိ တွဲနံပါတ်အစဉ်လိုက် ခြောက်တွဲဖြစ်သည်။ ရထားတွဲတစ်တွဲလျှင် ခရီးသည် ၁၀၀ ခန့် လိုက်ပါ စီးနင်းနိုင်မည်ဖြစ်သည်။ ယင်းရထားတွဲများမှာ မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် ဩဂုတ် ၂၀ ရက်က ရောက်ရှိလာခြင်းဖြစ်သည်။ ဂျပန်မှ မြန်မာ့မီးရထားသို့ လွှဲပြောင်းလှူဒါန်းမည့် ရထားများမှာ KIHA 40 အမျိုးအစား ၁၃ စင်းနှင့် KIHA 48 အမျိုးအစားခြောက်စင်းတို့ဖြစ်သည်။ ယခုရထားတွဲခြောက်တွဲ ရောက်ရှိလွှဲပြောင်းပြီး ကျန်ရှိနေသည့် RBE ရထားတွဲ ၁၃ စင်းမှာ လာမည့် အောက်တိုဘာ ၃၁ ရက်ခန့်တွင် ၁၄ စင်း၊ ၂၀၁၆ ဧပြီ ၈ ရက်ခန့်တွင် ရထားတွဲကိုးစင်း ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားသို့ ယခုအချိန်အထိ ပြည်ပမှရထားတွဲ စုစုပေါင်း ၂၇၇ တွဲ ရောက်ရှိခဲ့ပြီးဖြစ်ရာ ရန်ကုန်မြို့ပတ် ရထားလိုင်းများအပြင် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် စသည့် ရထားစဉ်များတွင်လည်း ပြေးဆွဲပေးရန် စီစဉ်ထားသည်။

ဂျပန်မှ ရထားတွဲများလွှဲပြောင်းပေးအပ်သည့် ယခု ရထားတွဲခြောက်တွဲပေးအပ်သည့် အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာ့ရေကြောင်းနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍကို ဦးတည်သည့် ကမ္ဘာ့ရေကြောင်းနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ကျင်းပခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကမ္ဘာ့ရေကြောင်းနေ့ အခမ်းအနားကို ယခုလိုနှစ်စဉ် စက်တင်ဘာလအတွင်းတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) အဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပလေ့ရှိပြီး နှစ်စဉ်နှစ်တိုင်းလည်း ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ပေးကာ ကျင်းပလေ့ရှိပါကြောင်း၊ ယခုနှစ်အတွက် ရေကြောင်းဘက်ဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးကဏ္ဍကို ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ရေကြောင်းပို့ဆောင်ရေးစနစ်တစ်ခုတည်းကသာလျှင် ခရီးဝေးကွာသည့် နေရာများကို ထုထည်ကြီးမားသော ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်ပြီး စျေးစရိတ်စက သက်သာသော ပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်ကြောင်း၊ ယခုအခါတွင် သင်္ဘောများ၏ အရွယ်အစားကြီးမားလာသည့်အပြင် ခေတ်မီဆန်းပြားသည့် ရေကြောင်း ပြကိရိယာများ၊ ဆက်သွယ်ရေး ကိရိယာများအပါအဝင် သယ်ဆောင်သည့် ကုန်စည်အလိုက် သင်္ဘောအမျိုးအစားလည်း တိုးတက်ပြောင်းလဲလာသည့်အတွက် ထိုစနစ်များအပေါ် ကိုင်တွယ်မောင်းနှင်နိုင်မည့် ခေတ်မီပညာရပ်ဆိုင်ရာ သင်ကြားမှုစနစ်များလည်း တိုးတက်ပြောင်းလဲလာပြီဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် ယခုနှစ် ကမ္ဘာ့ရေကြောင်းနေ့ဆောင်ပုဒ်အဖြစ် ရေကြောင်းဘက်ဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးကို သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးမှပေးပို့သော သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) ကိုယ်စားလှယ်ဖြစ်သူ Mr. Ken McDonald က ဖတ်ကြားခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး သဝဏ်လွှာဖတ်ကြားမှု ဗီဒီယိုပြသခြင်းနှင့် Maritime Education and Training ဆိုင်ရာ ပိုစတာများ ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ရေကြောင်းနေ့ အခမ်းအနားများကို ၁၉၇၈ ခုနှစ်မှစတင်ကာ အပြည်ပြည်ဆိုင်ရာ ရေကြောင်း အဖွဲ့ချုပ် (IMO) အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်စက်တင်ဘာလ နောက်ဆုံးပတ်ကာလတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဘားကမ့် ၂၀၁၅ တောင်ငူ၌ ဒုတိယအကြိမ်ကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် ကွန်ပျူတာပညာရှင်များအသင်းတို့ ဦးစီးကျင်းပသည့် ဒုတိယအကြိမ်မြောက် တောင်ငူဘားကမ့် ၂၀၁၅ (2th Towngoo Barcamp 2015) ပွဲကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဘားကမ့်နှီးနှောဖလှယ်ပွဲတွင် ဧည့်လမ်းညွှန်တစ်ဦးဖြစ်လိုသော လူငယ်နှင့် အရှုံးမပေးသောစိတ် နိုင်ငံတကာပညာရေး အခွင့်အလမ်းများနှင့် ပရဟိတ တောင်ငူသမိုင်းဆိုင်ရာ၊ ပရဟိတ နည်းပညာများနှင့် နိုင်ငံတည်ဆောက်ရေး၊ သမိုင်းကပေးသော ခေါင်းဆောင်တို့၏တာဝန် Data-2 History of Esport Bee၊ ကိုယ်ပိုင် Website တစ်ခု အလွယ်တကူရေးခြင်း၊ အမျိုးသားရေးအကြောင်း၊ Photo Talk ၊ သတ္တုဗေဒနှင့် ယနေ့ နည်းပညာ၊ အမျိုးသားရေးစိတ်ဓာတ်နှင့် နိုင်ငံချစ်စိတ်၊ Programmer ဖြင့်ဘဝရပ်တည်ခြင်း၊ နှလုံးသားကို ဖြတ်စီးဝင်သွားသော ကဗျာများ စသည့် ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးခဲ့ကြပြီး တောင်ငူခရိုင်အတွင်းရှိ လူငယ်များ IT ပညာရပ်များ၊ နည်းပညာသစ်များ၊ လူမှုရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ လုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# အခွန်နှုန်းထားများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၈**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၅၀)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်တွင် ရန်ကုန်မြို့ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ပြည်တွင်း အခွန်များဦးစီးဌာနအနေဖြင့် ခေတ်နှင့် မလျော်ညီတော့သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများကို ပြင်ဆင်ပြီး အခွန်နှုန်းထားများကိုလည်း ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကာ ပိုမိုထိရောက်ကောင်းမွန်သည့် အခွန်စီမံခန့်ခွဲမှုစနစ်ဖြစ်လာရေး ကြိုးစားဆောင်ရွက်နေပြီဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အဘက်ဘက်က အရည်အသွေးပြည့်ဝနေစေရန် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# စပိဘုတ်ပေါက်ကွဲမှု မော်လ်ဒိုက်သမ္မတ ဘေးမသီရန်မခလွတ်မြောက်



**ကိုလံဘို စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၈ ရက်က မော်လ်ဒိုက်သမ္မတစီးနင်းလာသော စပိဘုတ်သည် မြို့တော်မေးလ်သို့ရောက်ခါနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သော်လည်း သမ္မတ အဗ္ဗဒူလာယာမင်းသည် ဘေးမသီ ရန်မခလွတ်မြောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သမ္မတရုံးဝန်ကြီးနှင့် ခေတ္တနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဟူစိန်ရှာရစ်ဖ်က သမ္မတကတော် ဖာသီမက်သ်မှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

သမ္မတကတော်မှာ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သတိလက်လွတ်ဖြစ်သွားကာ ၎င်း၏နောက်ကျောတွင် ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒဏ်ရာမှာ အသက်အန္တရာယ်စိုးရိမ်စရာမရှိကြောင်း သမ္မတရုံးဝန်ကြီးက ပြောကြားခဲ့သည်။

၎င်းကို ဆေးရုံခေါ်ဆောင်သွားသောလူနာတင်ယာဉ်ပေါ်တွင် သမ္မတလည်းလိုက်ပါသွားကြောင်း၊ ၎င်းကို စောင့်ကြည့်ကုသနေရကြောင်း၊ သို့သော် သမ္မတကြီးမှာ ဘေးကင်းလုံခြုံမှုရှိကြောင်း သမ္မတရုံးဝန်ကြီး ရှာရစ်ဖ်က ပြောကြားခဲ့သည်။

သမ္မတကြီးမှာ ဟာ့ဂျ်ဘုရားဖူးပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံမှ မော်လ်ဒိုက်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆင်းသက်ပြီး အစိုးရအရာရှိများနှင့် သတင်းထောက်များကြိုဆိုနေသော မေးလ်မြို့လေးသို့အသွား ခရီးလမ်းပေါ်တွင် ၎င်း၏စပိဘုတ်မှာ မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အစ်ဖူဒင်ဆိပ်ကမ်းသို့ စပိဘုတ်ဆိုက်ကပ်လာစဉ် ကျယ်လောင်သောအသံများနှင့် မီးခိုးများထွက်လာကာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောသည်။

သမ္မတ၏အသက်ကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံခြင်းလားဆိုသည်ကိုမူ ဆက်လက်စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အမျိုးသမီးများ တန်းတူရည်တူအခွင့်အရေးမြှင့်တင်ပေးရေး တရုတ်သမ္မတရှီကျင့်ဖျင် အချက်လေးချက်တင်ပြ

**ဂျီနီဗာ စက်တင်ဘာ ၂၈**

ကမ္ဘာတစ်ဝန်းအမျိုးသမီးများအခွင့်အရေးမြှင့်တင်မှုအတွက် တရုတ်သမ္မတရှီကျင့်ဖျင်က တနင်္ဂနွေနေ့က ကုလသမဂ္ဂ၌ပြုလုပ်သော အဆင့်မြင့်အဆင့်ထိပ်သီးအစည်းအဝေး၌ အချက်လေးချက်တင်ပြဆွေးနွေးခဲ့သည်။

အမျိုးသမီးများအား တန်းတူရည်တူအခွင့်အရေးပေးရေးနှင့် အမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်လေးချက် ချမှတ်၍ တွန်းအားပေးဆောင်ရွက်သင့်ကြောင်း သမ္မတရှီကျင့်ဖျင်က တိုက်တွန်းခဲ့သည်။

အမျိုးသမီးများအား လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ခွင့်ပေးသင့်ကြောင်း၊ အမျိုးသမီးများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကာကွယ်ပေးသင့်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေးတွင် အမျိုးသမီးများအားဦးဆောင်မှုအပိုင်းမှ ပါဝင်ခွင့်ပေးရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများအား အခြေခံဆေးဝါး လိုအပ်ချက် များဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အမျိုးသမီးတိုင်းအား လုံခြုံမှုနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးပြီး စဉ်ဆက်မပြတ်သင်ယူနိုင်သောပညာရေးကို ဖန်တီးပေးရမည်ဖြစ်ကြောင်း စသည်ဖြင့် သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



## အီရတ်တွင် ဓားစာခံ တူရကီအလုပ်သမား ၁၆ ဦး ပြန်လွှတ်ပေး

**ဘဂ္ဂဒက် စက်တင်ဘာ ၂၈**

စက်တင်ဘာလအစောပိုင်းက အီရတ်၌ ဖမ်းဆီးထားသော တူရကီအလုပ်သမား ၁၆ ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း ပြန်ပေးဆွဲသူအုပ်စုက စက်တင်ဘာ ၂၈ရက်တွင် ပြောကြားခဲ့သည်။ တူရကီအစိုးရက ပြန်ပေးဆွဲသူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးပြီးနောက် ဖမ်းဆီးခံထားသော တူရကီအလုပ်သမားများကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအုပ်စုက ဗီဒီယိုတိပ်ခွေဖြင့် အသံသွင်းထားသော ထုတ်လွှင့်ချက်တွင် ဖော်ပြထားခဲ့သည်။ **(ဆင်ဟွာ)**

## အာဖဂန်ဘော်လီဘောကွင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

**ရှာရန်း(အာဖဂန်နစ္စတန်) စက်တင်ဘာ ၂၈**

အာဖဂန်နစ္စတန်အရှေ့ပိုင်း ပတ္တိကာပြည်နယ်တွင် တနင်္ဂနွေနေ့က ဘော်လီဘောအားကစားကွင်းတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အနည်းဆုံး ၁၀ ဦး သေဆုံးကာ ၃၅ ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန် ရှိသူတစ်ဦးက ပြောသည်။

ကိုယ်ကာယကော့အားကစားကွင်း၌ လူငယ်ကစားသမားများ ညနေပိုင်းတွင် ကစားနေချိန် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားတစ်ဦးက ကွင်းလယ်သို့ဝင်ရောက်လာပြီး ၎င်း၏ ဂျက်ကက်အင်္ကျီထဲမှ ဗုံးကိုထုတ်ကာ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြည်နယ်ဆိုင်ရာ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ပြောသည်။ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို မသိရသေးဟုဆိုသည်။ **(ဆင်ဟွာ)**

## အာဖဂန်စစ်ဆင်ရေး ၂၄ နာရီအတွင်း စစ်သွေးကြွ ၉၅ ဦး သုတ်သင်ရှင်းလင်း

**ကဘူးလ် စက်တင်ဘာ ၂၈**

တပ်မတော်ပါဝင်အင်အားဖြည့်ထားသော လုံခြုံရေးတပ်က ပဋိပက္ခအကြမ်းဖက်မှုများဖြစ်ပွားရာ အာဖဂန်နစ္စတန်တစ်ဝန်းတွင် စစ်ဆင်မှုများ လုပ်ဆောင်နေစဉ် ၂၄ နာရီအတွင်း လက်နက်ကိုင်သောင်းကျန်းသူ ၉၅ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက စက်တင်ဘာ ၂၈ ရက်က ထုတ်ပြန်ခဲ့သောကြေညာချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါစစ်ဆင်ရေးဆောင်ရွက်မှုများကို နန်ဂါဟာ၊ ဥရုဂန်၊ ဂါဇနီနှင့် ဟီရက်ဘ် တစ်ဝန်းပြုလုပ်ခဲ့ပြီး စစ်ဆင်ရေးဆောင်ရွက်နေစဉ်အတွင်း နောက်ထပ်သောင်းကျန်းသူသုံးဦးကို သုတ်သင်နိုင်ခဲ့ကာ လေးဦးကို လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း အဆိုပါထုတ်ပြန်ကြေညာချက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုကို မဖော်ပြခဲ့ပေ။ ထိုဒေသများတွင် စိုးမိုးလှုပ်ရှားနေသော တာလီဘန်စစ်သွေးကြွများကလည်း အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မည်သည့်တုံ့ပြန်ပြောဆိုခြင်းမျိုးမှ မပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဆီးရီးယားစစ်ပွဲအဆုံးသတ်ရေး ရုရှားတိုက်တွန်း

**ကုလသမဂ္ဂ စက်တင်ဘာ ၂၈**

စစ်ပွဲကြောင့် ထောင်းထောင်းကြေ ပျက်စီးနေသော ဆီးရီးယားနိုင်ငံ ပဋိပက္ခအဆုံးသတ်ရေး မဟာဗျူဟာသစ်ချမှတ်ရန် ဝါရှင်တန်ကကြိုးစားနေချိန် ပြင်သစ်က အိုင်အက်စ်တို့အား ပစ်မှတ်ထား၍ ဗုံးကြဲတိုက်ခိုက်ရန် စစ်လေယာဉ်များစေလွှတ်ခဲ့ရာ ရုရှားအနေဖြင့် ဆီးရီးယားပဋိပက္ခအဆုံးသတ်ရေး နိုင်ငံတကာမှ ဝိုင်းဝန်းကြိုးပမ်းရန် တိုက်တွန်းဖွယ်ရှိသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပရာ နယူးယောက်မြို့သို့ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့နှင့်အတူ ဆီးရီးယားအရေးဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုသည် အသက်တမျှအရေးကြီးပြီး ညှိနှိုင်းလုပ်ဆောင်မှုများ မရှိသေးဟု ဂျွန်ကယ်ရီက ဆိုသည်။

ဂျွန်ကယ်ရီသည် စနေနေ့က ကုလသမဂ္ဂ၌ အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့်လည်း ဆီးရီးယားအရေးဆွေးနွေးခဲ့သည်ဟု ဆိုသည်။

ရုရှားစစ်ဘက်တာဝန်ရှိသူများအနေဖြင့် ဆီးရီးယားနှင့်အီရတ်တို့တွင် နယ်မြေများကို သိမ်းပိုက်ထားသော အိုင်အက်စ်တို့အားတုံ့ပြန်ရန် ထောက်လှမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အီရန်၊ အီရတ်၊ ဆီးရီးယား တာဝန်ရှိသူများနှင့် ပူးပေါင်းလုပ်ဆောင်နေပြီဖြစ်ကြောင်း ဘဂ္ဂဒက်၌ပြုလုပ်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆီးရီးယားစစ်ပွဲအဆုံးသတ်ရေး အမေရိကန်၏ကြိုးပမ်းမှုများသည် အိမ်နီးချင်းနိုင်ငံများနှင့် ဥရောပသို့ ဒုက္ခသည်များတိုးလာစေသည်ဟု ပြက်ရယ်ပြုပြောဆိုလိုက်သည်။ ဆီးရီးယား



ပဋိပက္ခအဆုံးသတ်ရေးညှိနှိုင်းမှု မူဘောင်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဆီးရီးယားရှိရုရှားစစ်အခြေစိုက် စခန်းတစ်ခုသို့ တင့်ကားများနှင့် စစ်လေယာဉ်များ ယခုလတွင် ပေးပို့ခဲ့ကြောင်း မော်စကို၌ သမ္မတပူတင်က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ရုရှား-မြန်မာ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ မစ္စတာ အလက်ဇန်ဒါ ဖိုမင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဇင်ယော်နှင့် ဒေါ်လဲ့လဲ့သိန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Vasily Pospelov လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ ကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် ရဟတ်ယာဉ်နှင့်သက်ဆိုင်သည့် လုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ရုရှား- မြန်မာ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ မစ္စတာ အလက်ဇန်ဒါ ဖိုမင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## မြစ်ဝကျွန်းပေါ်ဒေသ ထစ်ချုန်းမည့်အခြေအနေ ဆက်လက်ဖြစ်ပေါ်

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

# ကလေးသူငယ်အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် လိင်အလွဲသုံးမှုစုံစမ်းစစ်ဆေးရေးသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၈

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် UNICEF တို့ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့်ကလေးသူငယ်လိင်အလွဲသုံးမှု စုံစမ်းစစ်ဆေးရေးသင်တန်းအမှတ်စဉ်(၂/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ကလေးသူငယ်ဥပဒေသည် သီးခြားဥပဒေတစ်ခုဖြစ်နေပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုနည်းနေသည့်အတွက် ကလေးသူငယ်များကို ကိုင်တွယ်ရမည့် တပ်ဖွဲ့ဝင်များအနေဖြင့် သိထားသင့်၍ ယခုသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ရိုးလုပ်စဉ် စုံစမ်းစစ်ဆေးရေးနည်းနာများအပြင် လူကုန်ကူးခံရသည့် ကလေးများအပေါ် စာနာနားလည်သော အပြုအမူများ၊ တွေ့ဆုံမေးမြန်းပုံများကို အဓိကထားလေ့လာမှတ်သားရန်လိုကြောင်း၊ သို့မှသာ ကလေးသူငယ်များကို မေးမြန်းရာတွင် ကလေးသူငယ်များက ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး အဖြစ်မှန်များကို ဖော်ထုတ်နိုင်ကာ ပြစ်မှုကျူးလွန်သူလူပွဲစားများကို ဖော်ထုတ်အရေးယူနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

သင်တန်းကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF၊ Save the Children နှင့် World Vision Myanmar တို့မှ တာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားများအဖြစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတကာသတင်း**

## ဗုံးပေါက်ကွဲမှု၏ အဓိကတရားခံရှာဖွေမှုပြီးဆုံးသွားပြီဟု ထိုင်းရဲတပ်ဖွဲ့ဆို

**ဗန်ကောက် စက်တင်ဘာ ၂၈**

ထိုင်းနိုင်ငံ၌ ဩဂုတ် ၁၇ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု၏ အဓိကတရားခံရှာဖွေမှုပြီးဆုံးသွားပြီဟု ထိုင်းရဲတပ်ဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။ ဧရာဝဏ်နတ်ကွန်းဗုံးကွဲမှုနှင့်ပတ်သက်ပြီး ဖမ်းဆီးထားသော နိုင်ငံခြားသားတရားခံ ဘီလာမိုဟာမက်က ဝန်ခံခဲ့သဖြင့် အဆိုပါလုပ်ငန်းပြီးစီးခဲ့ခြင်းဖြစ်သည်။

ပထမဗုံးကွဲမှုနှင့်ပတ်သက်ပြီး ထိုင်းရဲတပ်ဖွဲ့က သက်သေ ၂၀၀ ကျော်ကို စစ်ဆေးခဲ့ကာ ဗီဒီယိုကင်မရာမှ သဲလွန်စရယူခဲ့သည်။ ရဲတပ်ဖွဲ့အနေဖြင့် အခင်းဖြစ်အရပ်၌ ဗုံးသယ်ယူလာသောအိတ်နှင့် ဘောဘယ်ရင်များကို သိမ်းဆည်းရမိသည်။ ဆက်သွန်ပိုင်ရာတွင် ဩဂုတ် ၁၈ ရက်က ဖြစ်ပွားသော ဒုတိယဗုံးပေါက်ကွဲမှုအတွက် ထိုင်းရဲတပ်ဖွဲ့က သက်သေ ၃၀ ကို စစ်ဆေးခဲ့ပြီး အခင်းဖြစ်အရပ်မှ ဒီတိုနေတာအစိတ်အပိုင်းကို သိမ်းဆည်းရမိသည်။ "ဒီဗုံးခွဲမှုကျူးလွန်သူတွေဟာ လူမှောင်ခိုဂိုဏ်းဝင်တွေဖြစ်ပြီး ထိုင်းအစိုးရရဲ့လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုကိုဟန့်တားဖို့လုပ်တာပါ"ဟု ရဲတပ်ဖွဲ့အကြီးအကဲ ဆွန်ရုတ်ပွန်ပန်မောင်က ပြောကြားသည်။ **စီအင်န်အေ**

✻ *ကျောဖုံးမှ*

ပလတ်စတစ်ပစ္စည်းများ ရောင်းသည့် ကိုသာအေးက ဈေးရုံကြီးကို ဇူလိုင်လအတွင်းက ဖျက်ဆောက်တယ်။ အခုစက်တင်ဘာလ ၂၀ ရက်မှာ ကိုယ်စီဆိုင်ပြန်တက်နိုင်ပြီး ရောင်းနိုင်ခဲ့ကြတယ်။ အချိန်အားဖြင့် နှစ်လကျော်ကျော်ပဲကြာတယ်။ အခြားဈေးကြီးတွေလို နှစ်ချီပြီး မကြာခဲ့ဘူး။ ဈေးရုံကြီးပဲ သက်သက်ဆောက်တာဖြစ်ပြီး အထပ်မြင့်တွေ မပါတဲ့အတွက် မြန်ခဲ့တာပါ" ဟု ပြောပြသည်။

ဈေးရုံများကိုယ်စားလှယ် ဘဏ္ဍာရေးမှူး ဦးအောင်ဝင်းက " ဈေးရုံဖျက်သိမ်းချိန်မှာလည်း အရောင်းအဝယ် မပျက်ရအောင် ဈေးကြီးရှေ့မှာ ယာယီဆိုင်ခန်းတွေ ဆောက်လုပ်ပေးခဲ့တယ်။ အရောင်းအဝယ် မပျက်ခဲ့ကြဘူး၊ အခုကိုယ့်ဆိုင်ကိုယ့်နေရာ၊ ကိုယ့်အကျယ်အဝန်းအတိုင်း ပြန်ရကြတော့ အားလုံးအဆင်ပြေသွားကြပြီ" ဟု ပြောပြသည်။

"ဈ" ရုံအတွင်း တည်ဆောက်မှုမှာ ဆိုင်ခန်းပေါင်း ၁၈၀ ရှိပြီး ဆိုင်ခန်းတစ်ခန်းလျှင် ရှေ့မျက်နှာစာအကျယ် ခုနစ်ပေခွဲ၊ အတွင်း ခုနစ်ပေစီရှိပြီး ဈေးရုံသစ်ကြီး ပြန်လည်တည်ဆောက်မှုအတွက် ဈေးသူဈေးသားများအနေဖြင့် ငွေကြေးပေးသွင်းရမှုမရှိဘဲ မိမိဆိုင်ခန်းအလှဆင်ပြင်ဆင်မှုအတွက်သာ ကုန်ကျမှုရှိခဲ့သည်ဟု ဈေးသူဈေးသားများက ဆိုကြသည်။

အလှကုန်ပစ္စည်းများ ရောင်းချသူ ဦးသာအေးက "ဈေးကြီးက အဆင့်မြင့်သွားတာတော့ အမှန်ပဲ။ လေဝင်လေထွက်ကအစ၊ အလင်းရောင်၊ ဈေးလမ်းတွေအားလုံး ကောင်းသွားတယ်။ အလယ်ဗဟိုလမ်းမကြီးဆို ၁၈ ပေကျယ်တယ်။ မီးသတ်ကားတစ်စီးကောင်းကောင်း ဝင်ထွက်နိုင်တယ်။ အရင်ဈေးဟောင်းတုန်းကဆို မီးဘေးအလွန်စိုးရိမ်ရတယ်။ အခုတော့ စိတ်အေးသွားရပါပြီ" ဟု ဆိုသည်။

ပါတိတ်အထည်များ ရောင်းသော ဒေါ်မြနိုင်က "ဈေးကြီး မိုးလုံ၊ လေလုံနဲ့ ပိုကောင်းသွားပြီ။ အရင်ကဆို ဈေးရုံတန်းတစ်ခုနဲ့တစ်ခုအကြား မိုးရေထဲမှာ သွားကြရတာ။ အားလုံးစည်းကမ်းရှိရှိနဲ့ ထိန်းသိမ်းသွားဖို့လိုတယ်။ အခုဆို မီးသတ်ကား ဈေးရုံထဲအထိ ဝင်နိုင်တဲ့ဈေး၊ ဘယ်မှာမှ မရှိသေးဘူး။ ဒါ ပထမဦးဆုံးလို့ ထင်တယ်၊ ဈေးလူကြီးတွေရော၊ စည်ပင်ကိုရော အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ဆိုသည်။

ယခုအခါ "ဈ" ဈေးရုံကြီး အသစ်ပြန်လည် တည်ဆောက်ပြီးဖြစ်၍ ဒုတိယအဆင့်အနေဖြင့် "က" ရုံ၊ "ခ-ကြီး" ရုံ၊ "ခ-သေး" ရုံ၊ "ဂ"ရုံနှင့် "ဈ"ရုံတို့မှ လက်ကျန်ရုံအချို့ တည်ဆောက်ရန် ဈေးဟောင်းကို ဖျက်သိမ်းနေပြီဖြစ်သည်။ ထိုဈေးရုံမှ ဆိုင်ခန်းများကို ဈေးကြီးရှေ့ရှိ ယာယီဆိုင်ခန်းများတွင် ခေတ္တနေရာချထားပေးပြီးဖြစ်သည်ကို တွေ့ရသည်။

ဈေးမှ တာဝန်ရှိသူတစ်ဦးက "အခုက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ရရှိတဲ့ငွေနဲ့ တည်ဆောက်နေတာပါ၊ ဒုတိယအဆင့် ပြီးရင် တတိယအဆင့်အနေနဲ့ တည်ဆောက်သွားမှာပါ" ဟု ဆိုသည်။

ယခုတည်ဆောက်ပြီးသွားသော "ဈ" ဈေးရုံကြီးမှာ ပေါင်းမိုးသဏ္ဌာန်တစ်ထပ်ဈေးကြီးဖြစ်ပြီး လက်ဝဲ၊ လက်ယာ၌ နှစ်ထပ်ဈေးရုံ နှစ်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ကြည့်မြင်တိုင် ဗဟိုလဟာပြင်ညဈေးကြီး၏ "ဈ" ဈေးရုံကြီး၌ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။**

## ယာဉ်၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှု အသိပညာပေး

**ဟားခါး စက်တင်ဘာ ၂၈**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြန်မာခရစ်ယာန်မိတ်သဟာယ၌ကျင်းပရာ အမှတ်(၁၃) ယာဉ်ထိန်း ရဲဒု-တပ်ဖွဲ့ခွဲချင်းမှ ယာဉ်ထိန်းရဲမှူးဘင်နီဖိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ လည်းကောင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူးအောင်မင်းကြည်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြပြီး ရပ်ကွက်နေပြည်သူ ၉၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**(ခရိုင် ပြန်/ဆက်)**

❍ ရှေ့ဖုံးမှ

**ဦးပိန်တံတားကြီး…**

**“အင်းကအောင်အာ”**ဟု တံတားကြီးတည်ဆောက်ခဲ့သည့် ၁၂၁၁ ခုနှစ်ကိုလည်းကောင်း၊ **“အင်းကအောင်ညီ”**ဟု တံတားကြီးဆောက်လုပ်ပြီးစီးခဲ့သည့် ၁၂၁၃ ခုနှစ်ကိုလည်းကောင်း စာချိုးဖြင့် ဖော်ပြခဲ့မှု၊ ပုဂံမင်းလက်ထက်တွင် အမရပူရမြို့စာရေး မောင်ပိန်က တောင်သမန်ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများ သွားလာမှုအဆင်ပြေစေရန် တောင်သမန်အင်းကို ဖြတ်၍ နှစ်နှစ်ခန့်ကြာ ဆောက်လုပ်ခဲ့မှု၊ စစ်ကိုင်းနှင့် အင်းဝမြို့များမှ နန်းတော်ဟောင်းနှင့် အိမ်တော်ဟောင်းများမှ သစ်သားဟောင်းများကို ပုဂံမင်းက အများပြည်သူအတွက် တံတားဆောက်လုပ်ရန် ခွင့်ပြုခဲ့မှုနှင့် ဘုရင့်စစ်လှေကြီးများ၊ ပြည်ကြီးမွန်စသည့် ဘုရင့်ဖောင်တော်ကြီးများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်စေရေး လွယ်ကူစွာဖြုတ်နိုင်၊ တပ်နိုင်ရန် စီမံဆောက်လုပ်ခဲ့မှု၊ ဖောင်လမ်းကြောင်းကိုးခုနှင့် ခရီးသွားများ နားနေနိုင်စေရန် ဇရပ်လေးခု ထည့်သွင်းတည်ဆောက်ခဲ့မှုများကို လေ့လာသိရှိရသည်။

**“မြေဝင်တသူ၊ ထူးမူနှစ်ချက်၊ နှစ်ဖက်ဝရန်တာ၊ ခင်းသုံးလွှာနှင့်”** စာချိုးဖြင့် တံတားတိုင် မြေဝင် ခုနစ်ပေအနက်နှင့် မြေဝင်တိုင် အဖျားအား ချွန်ထားမှု၊ တိုင်ခြေများကို အပေါက်ဖောက်၍ ထူးနှစ်ချက်ခတ်၊ ဝရန်တာနှစ်ဖက်ကာ၍ အခင်းသုံးထပ်၊ သုံးလွှာခင်း၍ ဆောက်လုပ်ထားမှု၊ ထုထည်ကြီးမားသောသစ်များ အောက်ခံထားပြီး အခင်းသစ်သားပြားသုံးဆင့်ကို တစ်ခုအပေါ်တစ်ခု ကန့်လန့်ဖြတ်တင်ကာဆောက်လုပ်ခဲ့မှုတို့ကိုလည်းကောင်း၊ **“နဝအဌဇယ မောင်ပိန်”**ဟူ၍ တံတားတွင် တိုင်ပေါင်း ၉၈၄ တိုင်ဖြင့် ရှေးခေတ်မြန်မာဗိသုကာ လက်သမားပညာရှင်များက စကေးချိန်၊ မှန်ချိန်မပါဘဲ လက်အတိုင်းအတာ၊ ခြေလှမ်းအတိုင်းအတာတို့ဖြင့် လည်းကောင်း၊ လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်ရန် ဖြောင့်တန်းစွာ မဆောက်လုပ်ဘဲ တောင်ဘက်သို့ ဦးမော့၍ ကွေ့ဝိုက်ကာ ကျင်တွယ်ချိုးသဏ္ဍာန်ဆောက်လုပ်ခဲ့မှုကို လည်းကောင်း လေ့လာမှတ်သားရသည်။

ခေတ်အဆက်ဆက် ပျက်စီးယိုယွင်းမှုနှင့်အတူ ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ခဲ့ရာတွင် တံတားနှစ်ဖက်ထိပ်ရှိ အုတ်တံတားကို ဖြုတ်ပြီး သစ်သားတံတားဖြင့် အစားထိုးဆောက်လုပ်ခဲ့မှုကြောင့် တံတားတိုင်များ တိုးလာခဲ့ရာ ဇရပ်လေးဆောင်မှ တိုင်များ အပါအဝင် တံတားတိုင်စုစုပေါင်းမှာ ၁၀၈၆ တိုင်အထိ ရှိလာခဲ့ပြီး မြန်မာနိုင်ငံ၏ အရှည်ဆုံးသစ်သားတံတားအဖြစ် ရပ်တည်လျက်ရှိသည်။

“ဒုတိယကမ္ဘာစစ်ပြီးကာလ ၁၉၄၆ ခုနှစ်က တောင်သမန်အင်း ရေအလွန်ကြီးပြီး ဦးပိန်တံတားကြီး ရေနစ်မြုပ်ခဲ့ဖူးပါတယ်။ တံတားတိုင်လုံးနဲ့ တံတားအခင်းတွေ ရေစီးနဲ့ မျောပါပျက်စီးခဲ့တာကြောင့် တောင်သမန်ရွာမှာနေတဲ့ အမရပူရအမတ် ဦးဘသီက ပြုပြင်ခဲ့တယ်”ဟု အမရပူရမြို့နေ အသက် ၈၄ နှစ်အရွယ်ရှိ ကျောင်းအုပ်ဆရာကြီး (အငြိမ်းစား) ဦးအောင်ငွေက ပြောသည်။

တောင်သမန်တံတားကြီးကို ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရာတွင် ၁၉၆၇ ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တံတားအရှေ့ဘက်ပိုင်းရှိ အခန်းပေါင်း ၅၀ အရှည်ပေ ၅၀၀ ကိုလည်းကောင်း၊ ၁၉၇၃ နှင့် ၁၉၈၈ ခုနှစ်များတွင် ရေကြီးသဖြင့် အမရပူရမြို့ရှိ မဟာဂန္ဓာရုံဆရာတော်ကြီး ဦးဆောင်ပြီး တာဝန်ရှိသူများနှင့် အလှူရှင်များ ပူးပေါင်း၍ တံတားအခန်းပေါင်း ၈၀ ခန့်ကိုတစ်ကြိမ်၊ ၄၅ ခန်းခန့်ကို တစ်ကြိမ်စီဖြင့် ပြုပြင်ခဲ့ရာတွင် အချို့နေရာများ၌ သံကူကွန်ကရစ်တံတားများဖြင့် အစားထိုး၍ ပြုပြင်ခဲ့ကြောင်း သိရသည်။

“ရှေးဟောင်းသုတေသန ခွင့်ပြုရန်ပုံငွေမှ ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၁၀ သိန်း၊ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သုံးသိန်း၊ ၂၀၀၄ ခုနှစ်ထဲမှာ ငွေကျပ် ၃၅၅ ဒသမ ၇ သိန်း ခွင့်ပြုခဲ့ပြီး ယိုင်နေတဲ့ သစ်သားတိုင်နဲ့ ကြမ်းခင်းတွေ ပြန်လည်တည့်မတ်တာ၊ ဆွေးမြည့်နေတဲ့ ရက်မနဲ့ဆင့်တွေမှာ အစားထိုးပြုပြင်တာ၊ တံတားကြမ်းခင်းဟောင်းတွေမှာ သံချက်ကြွနေတာကို ထပ်မံသံရိုက်တာ၊ ကျွန်းတိုင်တွေဆက်ပြီး ပြုပြင်ခဲ့တာတွေကို မှတ်တမ်းတွေမှာ လေ့လာတွေ့ရှိရပါတယ်”ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။


ထို့အပြင် ဦးပိန်တံတား ပြုပြင်ခဲ့မှုများတွင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၁၇၀၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၄၈ ဒသမ ၅ သိန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၃၄ သိန်းတို့ ခွင့်ပြုချက်ရရှိခဲ့ပြီး တံတားတိုင်များ အစားထိုးလဲလှယ်ခြင်း၊ ဖြတ်ဆက်ခြင်း၊ တည့်မတ်ခြင်း၊ ချုပ်တန်း၊ ထောက်တန်း၊ ရက်မ၊ ဆင့်၊ ကြမ်းခင်းများ လဲလှယ်ခြင်း၊ ဇလီသတ်ခြင်း၊ လက်ရန်းများတပ်ဆင်ခြင်း၊ အခန်းနံပါတ်များ ရေးထိုးခြင်းများအပြင် အများပြည်သူ လှူဒါန်းငွေများဖြင့်လည်း ဆွေးမြည့်ပျက်စီးသည့် တံတားကြီး၏ ရက်မ၊ ဆင့်နှင့် ကြမ်းခင်းလဲလှယ်ခြင်းများကို အခါအားလျော်စွာ ပြုပြင်ခဲ့ပြီး ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

“ဦးပိန်တံတားကြီးကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်ရမှာပါ။ အခုတံတားကြီးမှာ ဆွေးမြည့်နေတဲ့ တံတားတိုင် ၁၀၀ လဲလှယ်ဖို့၊ အောက်ခြေဆွေးမြည့်နေတဲ့ တံတားတိုင် ၁၇ တိုင်ဖြတ်ဆက်ပြုပြင်ဖို့၊ ဆွေးမြည့်ပျက်စီးနေတဲ့ တိုင်အခေါင်း ၄၆ တိုင်ကို အစားထိုးဆက်ပြီး ပြုပြင်ဖို့၊ ဆွေးမြည့်နေတဲ့တံတား ရက်မ ၃၅ ချောင်း လဲလှယ်ဖို့၊ တံတားလက်ရန်းပေအရှည် ၂၀၀ ခန့် ပြုလုပ်ဖို့၊ သစ်သားခါးပန်းများ ထည့်သွင်းပြုလုပ်ဖို့ လိုအပ်နေပါသေးတယ်”ဟု ဦးညိုမြင့်ထွန်းက ဆက်လက်ပြောကြားသည်။

တောင်သမန်တံတားကြီးမှ ကွန်ကရစ်တံတား လက်ရန်းများတွင်လည်း အင်္ဂတေ အချောကိုင်ပြုပြင်ရန်၊ ကွဲအက်နေသော တိုင်ခေါင်းများကို စတီးပြားများဖြင့် ခါးပတ်ပြုလုပ်ထိန်းသိမ်းရန်၊ တောင့်တင်းခိုင်မာမှုရှိစေရေးချုပ်တန်းနှင့် ထောက်တန်းများ ထည့်သွင်းပြုလုပ်ရန်အပြင် တံတားအောက်ဘက်ခြမ်းမှ ၁၅ ပေခန့်အကွာအထိ လုံခြုံရေးရှုထောင့်အရ လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ရန်လည်း လိုအပ်ကြောင်း သိရှိရသည်။



တောင်သမန်အင်းအတွင်းရှိ ဦးပိန်တံတားနှင့် ငှက်သမ္ဗန်များအား တွေ့ရစဉ်။




တောင်သမန်အင်းအား ရိုက်ကူးထားသည့် ကောင်းကင်ဓာတ်ပုံ။

**တောင်သမန်အင်း…**

လွန်ခဲ့သော နှစ် ၁၀၀ ခန့်က အင်းအကျယ်မှာ ဧက ၂၅၀၀ ခန့် ရှိခဲ့ရာမှ ယခုအခါ မိုးများချိန်တွင် ဧက ၁၈၀၀ ခန့်၊ ရေအနက် ၉ ပေမှ ၁၅ ပေအထိရှိသော်လည်း ပွင့်လင်းရာသီတွင်မူ ဧက ၈၀၀ မှ ၁၀၀၀ ခန့်အထိ လျော့ကျလာခဲ့သည်။

ယခင်က ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်တို့မှ တောင်သမန်အင်းသို့ တိုက်ရိုက်ရေဝင်ရောက်ခဲ့ရာ သဘာဝတိုင်းရင်းငါးမျိုးများ ပေါများသဖြင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၃ ရွာမှ ဒေသခံပြည်သူများမှာ ငါး၊ ပုစွန် ရှာဖွေရောင်းချမှုများ လုပ်ကိုင်ကြသည်။

ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်မှုများနှင့် အပူချိန်လွန်ကဲလာပြီး ရေအနက် လျော့ကျလာကာ ငါးများအတွက် ရေနေဧရိယာ ကျဉ်းမြောင်းလာခြင်း၊ တောင်သမန်အင်းအတွက် ရေထိန်းနိုင်ရန် ၁၉၉၅ ခုနှစ်ခန့်က တံတားဖြူရေထိန်းတံတား တည်ဆောက်ခဲ့ရာ မြစ်ရေများ တိုက်ရိုက်စီးဝင်မှုကန့်သတ်ချက် ဖြစ်ပေါ်လာခြင်း၊ မြို့ပြဧရိယာ ကျယ်ပြန့်တိုးချဲ့လာပြီး လူနေထူထပ်လာခြင်း၊ ပရံတော်ချောင်းတစ်လျှောက်နှင့် ရေပိုပစ်မြောင်းတစ်ဖက်တွင် စက်မှုဇုန်များ၊ အင်းပတ်လည်တွင် လူနေအိမ်နှင့် စားသောက်ဆိုင်များ ဖြစ်ပေါ်လာခဲ့ရာ စွန့်ပစ်ရေနှင့် အမှိုက်သရိုက် အညစ်အကြေးများကြောင့် အင်းရေမှာ သန့်စင်ကြည်လင်မှု လျော့နည်းလာခဲ့ပြီး ငါးသေဆုံးမှု ဖြစ်စဉ်များ ဖြစ်ပွားလာကြောင်း သိရသည်။

“တောင်သမန်အင်းမှာ အစုလိုက်အပြုံလိုက် ငါးသေဆုံးတာ နည်းပါတယ်။ ၂၀၀၈ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်က တစ်ကြိမ် ရာသီဥတုပူပြင်းလွန်းတာကြောင့် သေဆုံးခဲ့တဲ့ ဖြစ်စဉ်တွေရှိခဲ့တယ်။ အခုနှစ် ဧပြီလမှာတစ်ကြိမ်၊ အခုစက်တင်ဘာလလယ်မှာ တစ်ကြိမ် ထပ်မံဖြစ်ပွားခဲ့တာ နှိုင်းယှဉ်တွေ့ရတယ်။ သေဆုံးတဲ့ ငါးတွေမှာ သဘာဝငါးတွေ မပါဝင်ဘဲ ရာသီဥတုဒဏ်ခံနိုင်ရည်နည်းတဲ့ အရွယ်တူ “တီလားပီးယား” မွေးမြူရေးငါးတွေ အများစုဖြစ်တာလည်း ထူးခြားတယ်”ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**တောင်သမန်အင်း သန့်ရှင်းသာယာလှပရေး…**

ယခုအခါ တောင်သမန်အင်းရေပြင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ကင်းစင်အောင် ဆောင်ရွက်ခြင်း၊ ဗေဒါများ ဆယ်ယူခြင်း၊ နုန်းဆယ်စက် (Dreyer)ဖြင့် နုန်းဆယ်ခြင်း၊ ပရံတော်ချောင်းတစ်လျှောက် တည်ဆောက်ထားသော စက်ရုံများမှ ရေဆိုးများကို Treatment ပြုလုပ်ပြီးမှသာ စည်ပင်သာယာရေးကော်မတီ၏ ၁၀ လက်မ ပိုက်လိုင်းအတွင်းသို့ ရေဆိုးများ စွန့်ထုတ်ရန် စီမံဆောင်ရွက်ခြင်း၊ တမုတ်ဆိုးမြောင်းမှ ဒုဋ္ဌဝတီမြစ်အထိ အရှည်ပေ ၁၂၀၀၀ ခန့်ရှိသည့် ရေဆိုးထုတ် ပိုက်လိုင်းဆက်သွယ်ခြင်း၊ ဂါလန် တစ်သိန်းဆံ့ ရေဆိုးစုကန်ဆောက်လုပ်ပြီး စက်နှစ်လုံးဖြင့် ရေဆိုးများ နေ့စဉ်မောင်းနှင် စုပ်ထုတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

“တောင်သမန်အင်းနဲ့ ဆက်စပ်အင်းသုံးအင်းမှာ ငါးမွေးမြူရေးလုပ်ကိုင်ခွင့်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ နှစ်ချင်းငွေချေစနစ်နဲ့ ငှားရမ်းခဲ့ပါတယ်။ ဒါပေမယ့် တောင်သမန်အင်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ဖို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဆက်လက်ငှားရမ်းလုပ်ကိုင်ခွင့်မပြုတော့ပါဘူး။ ငါးမွေးမြူရေးက ဒေသအတွက် စားသောက်ရေးကို အထောက်အကူပြုပေမယ့် တောင်သမန်အင်းရေပြင် သန့်ရှင်းရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်ရေးကို ပိုပြီးဦးစားပေးရမှာဖြစ်ပါတယ်”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာသွင်ကျော်ကျော်က ပြောကြားသည်။

*စာမျက်နှာ ၁၁ သို့*

**တောင်သမန်အင်းရေပြင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ကင်းစင်အောင် ဆောင်ရွက်ခြင်း၊ ဗေဒါများ ဆယ်ယူခြင်း၊ နုန်းဆယ်စက် (Dreyer) ဖြင့် နုန်းဆယ်ခြင်း၊ ပရံတော်ချောင်းတစ်လျှောက် တည်ဆောက်ထားသော စက်ရုံများမှ ရေဆိုးများကို Treatment ပြုလုပ်ပြီးမှသာ စည်ပင်သာယာရေးကော်မတီ၏ ၁၀ လက်မ ပိုက်လိုင်းအတွင်းသို့ ရေဆိုးများ စွန့်ထုတ်ရန် စီမံဆောင်ရွက်ခြင်း၊ တမုတ်ဆိုးမြောင်းမှ ဒုဋ္ဌဝတီမြစ်အထိ အရှည်ပေ ၁၂၀၀၀ ခန့်ရှိသည့် ရေဆိုးထုတ်ပိုက်လိုင်းဆက်သွယ်ခြင်း၊ ဂါလန် တစ်သိန်းဆံ့ ရေဆိုးစုကန်ဆောက်လုပ်ပြီး စက်နှစ်လုံးဖြင့် ရေဆိုးများ နေ့စဉ်မောင်းနှင် စုပ်ထုတ်ခြင်းများ ပြုလုပ်လျက်ရှိ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်၌ ဖွဲ့စည်းထားသည့် ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကျား/မ တန်းတူရည်တူရှိရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်မှုဆောင်ရွက်ရန် ကမ္ဘာ့ခေါင်းဆောင်များ ကတိကဝတ်ပြု

နေပြည်တော် စက်တင်ဘာ ၂၈

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကုလသမဂ္ဂဌာနချုပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် UN Women တို့မှ ကြီးမှူးသည့် ကျား/မ တန်းတူ ရည်တူရှိရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ္ဘာ့ခေါင်းဆောင်များ၏ ကတိကဝတ် ပြုသည့်အခမ်းအနားသို့ တက်ရောက်သည်။**

ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေး၏ နောက်ဆုံးနေ့တွင် ပေကျင်းကြေညာချက်နှင့် လုပ်ငန်းစဉ်၏ နှစ် (၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အခမ်းအနားဖြစ်သည်။ အခမ်းအနားတွင် ကျား/မ တန်းတူ ရည်တူရှိရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် "Beijing+20" ဗီဒီယိုကို ပြသခဲ့ပြီး နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းတို့က အဖွင့်မိန့်ခွန်း ပြောကြားသည်။

မစ္စတာ ဘန်ကီမွန်းက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့လူဦးရေထက်ဝက်အတွက် တန်းတူရည်တူနှင့် အပြည့်အဝအခွင့်အရေး မရရှိပါက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ ပြည့်နှစ် အစီအစဉ် ရည်မှန်းချက်သစ်များကို အောင်မြင်ရရှိနိုင်မည် မဟုတ်ကြောင်း၊ ကျား/မ တန်းတူ ရည်တူရှိရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် ကမ္ဘာ့ခေါင်းဆောင်များက ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ် အစီအစဉ်ရည်မှန်းချက်များ ပြည့်မီရန် လူမှုအဖွဲ့အစည်းနှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးစောင့်ရှောက်သူများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ကျား/မ တန်းတူ ရည်တူရှိရေး ပိုမိုမြှင့်တင်ရန် ပုဂ္ဂလိကကဏ္ဍကိုလည်း တိုက်တွန်းအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုနှင့် UN Women ၏ လုပ်ငန်းအားအထောက်အကူပြုရန်၊ ပေကျင်းကြေညာချက်နှင့် လုပ်ငန်းစဉ် အကောင်အထည်ဖော်ရန်နှင့် ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်၏ ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်ရန်အတွက် တရုတ်နိုင်ငံမှ UN Women သို့ အမေရိကန်ဒေါ်လာ ၁၀ သန်း ထည့်ဝင်သွားမည် ဖြစ်ကြောင်း၊ လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံသည် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးစီမံကိန်း ၁၀၀ အား အကောင်အထည်ဖော်ဆောင်ရာ၌ ကူညီသွားမည်ဖြစ်ကြောင်း၊ ဆေးဝါးဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့များကိုလည်း စေလွှတ်သွားမည်ဖြစ်ကြောင်း၊ မိန်းကလေးငယ်များ ကျောင်းနေမှုတိုးမြှင့်ရန် ဘဏ္ဍာငွေ ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီး ၃၀၀၀၀ အား တရုတ်နိုင်ငံတွင် သင်တန်းအစီအစဉ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာသင်တန်း ၁၀၀၀၀၀ ပံ့ပိုးပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။ ထို့နောက် မက္ကဆီကို၊ ဒိန်းမတ်၊ ကင်ညာနိုင်ငံနှင့် အခြားနိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအကြီးအကဲများက မိန့်ခွန်းများ ဆက်လက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စပိန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အစ်ဂ်နာဆီရို ဘနိစ် ရူဘီရိုနှင့် လည်းကောင်း၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောဂ် ဘရန်ဒီနှင့် လည်းကောင်း တွေ့ဆုံသည်။

၎င်းနောက် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးအား ဂုဏ်ပြုကြိုဆိုသည့် နယူးယောက်မြို့ရှိ ဂျပန်အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးမှ ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယူးယောက်မြို့ Time Square Sheraton ဟိုတယ်၌ ပြုလုပ်သည့် ကလင်တန်၏ ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (၂၀၁၅) Clinton Global Citizen Award ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ Clinton Global Initiative (CGI)သည် ကမ္ဘာပေါ်တွင် ရင်ဆိုင်နေရသည့် အရေးကြီး ကိစ္စရပ်များကို တီထွင်ကြံဆဖြေရှင်းရန် ဦးတည်သည့်အဖွဲ့အစည်းဖြစ်ပြီး အမေရိကန်သမ္မတဟောင်း ကလင်တန်က ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။ **(သတင်းစဉ်)**

# မန္တလေးယဉ်ကျေးမှုပြတိုက်နှင့် ရွှေနန်းတော်ကျောင်း ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**



ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် တံတားဦးမြို့နယ်ရှိ ပင်းယမြို့ဟောင်းဂူကြီးသုံးလုံး၌ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။ ဆက်လက်၍ အင်းဝမြို့ဟောင်းနန်းမြို့ရိုး တူးဖော်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ရာ တူးဖော်မှုလုပ်ငန်းခွင်၌ သက်ဆိုင်ရာတူးဖော်မှု တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် တူးဖော်မှုလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြသ၍ လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် စနစ်တကျစီမံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းဝမြို့ဟောင်းအတွင်းရှိ ပင်းယခေတ်ဂူတော်သစ်ဘုရား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အင်းဝမြို့ဟောင်းသည် မင်း ၃၁ ဆက် အုပ်စိုးခဲ့ပြီးနှစ်ပေါင်း ၄၀၀ ကျော်ခန့် ကြာရှည်ခဲ့သည့် မင်းနေပြည်တော်ဖြစ်၍ အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် ရှေးဟောင်း အဆောက်အအုံများ များစွာ ကျန်ရှိနေသော မြို့ဟောင်း တစ်ခုဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက ပြတိုက် ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းခြင်း လုပ်ငန်းများဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြတိုက်ကို အများပြည်သူစိတ်ဝင်တစားလေ့လာ ကြည့်ရှုနိုင်ရေး ပြင်ဆင်ခင်းကျင်းရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ ဆက်လက်၍ မန္တလေးရွှေနန်းတော်ကျောင်းသို့ ရောက်ရှိပြီး ရွှေနန်းတော်ကျောင်းကို Ambassdor Fund for Cultural Property ရန်ပုံငွေဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို Mr. Ruby Christian က Power Point ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ရွှေနန်းတော်ကျောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# မင်းဘူးမြို့တွင် ကင်းထောက်နည်းပြဆင့်ပွားသင်တန်းဖွင့်

**မင်းဘူး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ပညာရေးမှူးရုံးမှ ဖွင့်လှစ်သော ကင်းထောက်နည်းပြ ဆင့်ပွားသင်တန်းကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၂၁ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ မင်းဘူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ ဆရာမ ၃၉ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၆ ရက်အတွင်း ကျောင်းပိတ်ရက်များတွင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သင်တန်းတက်ရောက်ပြီးသော ဆရာ ဆရာမများက တာဝန်ကျရာ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို ဆက်လက်ဆင့်ပွားသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြု ကော့ကရိတ်၌ စုပေါင်းသွေးလှူဒါန်း

**ကော့ကရိတ် စက်တင်ဘာ ၂၈**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်စိုး၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး နေမိုး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ တို့ ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နှလုံးသားချင်းဆက်သွယ်လို့ လက်တွဲကူညီကြပါစို့ ပရဟိတရန်ပုံငွေဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့မှ ပူးပေါင်းတင်ဆက်သည့် SUPPORT MYANMAR "နှလုံးသားချင်းဆက်သွယ်လို့ လက်တွဲကူညီကြပါစို့" ပရဟိတရန်ပုံငွေဖျော်ဖြေပွဲကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဂီတအနုပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပြည်သူချစ်အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်မည့် ပရဟိတရန်ပုံငွေဂီတဖျော်ဖြေပွဲမှ ရရှိလာသောငွေကြေးများကို မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရာတွင် အသုံးပြုမည်ဖြစ်သည့်အတွက် ပွဲစီစဉ်သူ များနှင့် အနုပညာရှင်များ၏ မွန်မြတ်သည့်စိတ်ထားကို ချီးကျူးအပ်ကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု ပိုမိုအခွန့်ရှည်တည်တံ့ပါစေကြောင်း ပြောကြားသည်။





ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဖုန်ဖန့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျှန်တို့က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားကြသည်။

ထို့နောက် ကလေးငယ်များက ဂီတဖျော်ဖြေပွဲအဖွင့်ကို ဖယောင်းတိုင်ထွန်းညှိပုံဖော်ကြပြီး ရေဘေးနှင့်ပတ်သက်သော နောက်ခံအကြောင်းအရာများကို ဗီဒီယိုဖိုင်ဖြင့် ပြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယမန်နေ့ကျင်းပသည့် ပရဟိတရန်ပုံငွေဖျော်ဖြေပွဲမှရရှိသည့် အလှူငွေများအားလုံးကို မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော် (ရုံးချုပ်)၌ ပြင်သစ်နိုင်ငံ ပါရီမြို့တွင်နေထိုင်သူ Mr.Valenciennes က ယူရို ၃၀၀ လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးသန်းထိုက်-ဒေါ်တင်တင်ဝင်းနှင့် မလေးရှားရောက် လူငယ်များက ငွေကျပ် ၃၀၀၀၀၀၊ (ဇနီး) ဒေါ်အုန်းကြည်နှင့်(သား)ဗိုလ်ကျော်ထွဋ်တို့အားရည်စူး၍ စိုက်ပျိုးရေးဝင်းကြို့ကုန်း အင်းစိန်နေ ဦးဘဟန်မိသားစုက ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်းငွေကျပ် ၄၀၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ အလှူငွေ ရရှိငွေစုစုပေါင်းမှာ ၇၉၉၉၀၀၃၁၁၃ ကျပ် ၆၁ပြား၊ အမေရိကန်ဒေါ်လာ ၂၇၉၃၉၉၅ ဒသမ ၆၉၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဘဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် အဝတ်အထည်မျိုးစုံကို ပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အင်္ဂပူမြို့၌ အထူးကုဆရာဝန်ကြီးများက အခမဲ့လာရောက်ဆေးဝါးကုသပေး

**အင်္ဂပူ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့တော်ခန်းမ၌ ဝိတိုရိယအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါအခမဲ့ဆေးဝါးကုသခြင်းကို ဝိတိုရိယကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ကျော်ဇင်ဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန္ဒဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် အထွေထွေရောဂါဝေဒနာရှင် ၂၅၂ ဦး၊ အရိုးအကြောဝေဒနာရှင် ၂၀၁ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် ၅၇ ဦး၊ မျက်စိဝေဒနာရှင် ၁၉၈ ဦး၊ ခွဲစိတ်လူနာ ခြောက်ဦး၊ စုစုပေါင်း ဝေဒနာရှင် ၇၁၄ ဦးတို့ကို အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် ဆေးဝါးကုသရန် လာရောက်ကြသောဝေဒနာရှင်များကို နေ့လယ်စာများ ပေးဝေခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ရေဘေးသင့်ကျေးရွာများမှ ဝေဒနာရှင်များအား ကွင်းဆင်းကုသပေး

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်အဖွဲ့) ရန်ကုန်၏ အဖွဲ့လုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကျေးရွာများသို့ ကွင်းဆင်းဆေးကုသပေးခြင်းကို ပါမောက္ခများ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆရာဝန် ၃၅ ဦးတို့က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ရေဘေးသင့်ခံခဲ့ရသော ကျေးရွာငါးရွာမှ ရောဂါဝေဒနာရှင် ၄၉၁ ဦးတို့ကို အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းနှင့် ရေဘေးသင့်ဒဏ်ခံခဲ့ရသော အိမ်ထောင်စု ၄၁၁ စုတို့ကို ထောက်ပံ့ငွေကျပ် ၂၀၆၅၀၀၀ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၂၇ ရက်က ညောင်တုန်းမြို့နယ် သောင်တန်းကျေးရွာ ဝိမုတ္တိသုခဓမ္မဗိမာန်တော်တန်ဆောင်း၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် သန့်ရှင်းသောရေအိမ်သာများ ဆောက်လုပ်

**တွံတေး စက်တင်ဘာ ၂၈**

ကျေးလက်နေပြည်သူများ၏ကျန်းမာရေးအတွက် သန့်ရှင်းသောရေအိမ်သာများကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လူစည်ကားရာနေရာဖြစ်သော စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်များနှင့် အများနှင့်သက်ဆိုင်သော နေရာများတွင် ရေအိမ်နှစ်ခန်းတွဲ၊ လေးခန်းတွဲ၊ ငါးခန်းတွဲ တည်ဆောက်ပေးလျက်ရှိရာ စုစုပေါင်း ၃၁ လုံး တန်ဖိုးငွေကျပ် သန်း ၁၁၂ ဒသမ ၉ အသုံးပြုပြီး ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာသွန်းမည့် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၉ ရက်တွင် ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်း၊ တံတားများတည်ဆောက်

**နေပြည်တော် စက်တင်ဘာ ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် လမ်း၊ တံတားဦးစီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါဝင်သော လမ်း၊ တံတားတိုးတက်မှုနှင့် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၂၆ ရက်တွင် လှိုင်သာယာ- တွံတေး- မအူပင် လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ မိုင်တိုင်အမှတ် (၁၈/၆ နှင့် ၁၈/၇ ) ကြားရှိ တံတားအမှတ် (၁/၁၉) ရေကျော်လေးတံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့ (၁၀) က တာဝန်ယူဆောင်ရွက်သော ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်တံတား၊ မအူပင်ဘက်ကမ်း အကြီးစား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးသည်။

ဆက်လက်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါဝင်သော လမ်းအမှတ်(၁) မအူပင်- ရေလဲကလေး- ရွှေတောင်မျော်- ကျိုက်ပိ- မော်လမြိုင်ကျွန်း လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၅) က တည်ဆောက်နေသော အရှည်ပေ ၁၈၀ နွားရေကျော်တံတား တည်ဆောက်နေမှု၊ လမ်းအမှတ် (၁၀) ဘိုကလေး- မော်လမြိုင်ကျွန်း - ကျုံမငေး- ဝါးခယ်မ- မြောင်းမြ လမ်းအခြေအနေတို့ကိုကြည့်ရှုစစ်ဆေး၍ ပြန်လည်ထွက်ခွာခဲ့ကာ မအူပင်- ကျိုက်လတ်- ဖျာပုံလမ်း (မအူပင်- ကျိုက်လတ်အပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ကျိုက်လတ်- မော်လမြိုင်ကျွန်းလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)က တည်ဆောက်နေသော အရှည် ၁၈၃ မီတာ စိန်ဟိုင်းတံတား တည်ဆောက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ ယင်းနောက် ကျိုက်လတ် - ဖျာပုံလမ်းနှင့် ဖျာပုံ-ဘိုကလေးလမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဘိုကလေး- မော်လမြိုင်ကျွန်း- ကျုံမငေး- ဝါးခယ်မ- မြောင်းမြလမ်း မိုင်တိုင်အမှတ် (၂/၄) တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၁) က တည်ဆောက်နေသော ကွဲခြံရေကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဘိုကလေးဘက်ခြမ်း ကမ်းကပ်ခုံ $A_2$ မှ $P_{16}$ အထိ ကြမ်းခင်းပြီးစီးမှု၊ $P_1$ မှ $P_7$ ထိ Girder တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် သံပေါင်တင်ရန် Temporary Support များဆောင်ရွက်နေမှု၊ မော်လမြိုင်ကျွန်းဘက်ခြမ်းကမ်းကပ်ခုံ $A_1$ နှင့် $P_1$ ကြားကြမ်းခင်းများ ဆောင်ရွက်ပြီးစီးမှု၊ $P_1$ မှ $P_7$ ထိ Girder တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားလုပ်ငန်းပြီးသည်နှင့် ချဉ်းကပ်လမ်းပြီးစီးရေး ပေါင်းစပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဘိုကလေး- စက်ဆန်း- ထော်ပိုင်-အမာလမ်း အခြေအနေနှင့် အဆိုပါလမ်းပေါ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄) က တည်ဆောက်နေသော အရှည်ပေ ၂၃၁၀ သက်ံချောင်းတံတား တည်ဆောက်နေမှု၊ ဖျာပုံ- ဘိုကလေးလမ်းပေါ်ရှိ တံတားအထူးအဖွဲ့ (၁၆) က တည်ဆောက်နေသော အရှည် ၁၀၄ မီတာ နတ်ချောင်းတံတား တည်ဆောက်နေမှု၊ လမ်းအမှတ် (၇) ဖျာပုံ- ကျုံကဒွန်း- ဒေါင်ကြီမ်း -အမာလမ်း အခြေအနေနှင့် အဆိုပါလမ်းပေါ်ရှိ အရှည် ၄၁ မီတာ အခြားတံတား တည်ဆောက်နေမှုနှင့် အရှည် ၄၁ မီတာ အဖောင်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် လှိုင်သာယာ- တွံတေး- ကော့မှူး- ကွမ်းခြံကုန်း- ဒေးဒရဲ- ဖျာပုံလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ အဆိုပါလမ်းပေါ်ရှိ ဖျာပုံတံတား၊ ဒေးဒရဲတံတားနှင့် တွံတေးကြိုးတံတားကြံ့ခိုင်မှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ **(မြန်မာ့အလင်း)**



# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ ဆက်လက်ကျဆင်းလျက်ရှိ

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၈**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် စက်တင်ဘာ ၂၈ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ ၂၆ ဒသမ ၄၅ ပေသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် ကျဆင်းသွားကာ မြစ်ရေဆက်လက်ကျဆင်းလျက်ရှိသည်။

ငါးသိုင်းချောင်းမြို့ အတွင်းရှိ ငဝန်ရေကာတာ တိုင်းတာစစ်ဆေးချက်များကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး **(အပေါ်ပုံ)** ရေကာတာအနီးရပ်ကွက်သုံးရပ်ကွက်ရှိ ဈေးကြီး၊ သာသနိကအဆောက်အအုံများ၊ အမကကျောင်းနှင့် နေအိမ်များ အပါအဝင် အဆောက်အအုံစုစုပေါင်း ၄၄၉ လုံးကို တာမိုင်(၄၆/၂ မှ ၄၇/၃)အထိ တိုင်းတာဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး တာတမံကြံ့ခိုင်မှုဆောင်ရွက်ရန် လိုအပ်သောနေရာများကို အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အောက် လျင်မြန်စွာ ကျဆင်းသွားသောကြောင့် ငဝန်မြစ်ကမ်းဘေးကျေးရွာများမှ ဒေသခံကိုင်းသီးနှံစိုက်တောင်သူများ သီးနှံစိုက်ပျိုးရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိကြသည်။

ဒေသခံဝါးဖောင်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက "ဒီရေထရက်ဖြစ်သော်လည်း အခုရက်ပိုင်းအတွင်း ထူးခြားစွာ မြစ်ရေအလျင်အမြန်ကျဆင်းသွားကြောင်း၊ ကိုင်းသီးနှံစိုက်တောင်သူများမှ မြစ်ရေအခြေအနေကို နားထောင်နေကြကြောင်း၊ မြစ်ရေအနည်းငယ် ပြန်တက်လာနိုင်စရာရှိသော်လည်း စိုးရိမ်ဖွယ်မရှိနိုင်ကြောင်း" သုံးသပ်ပြောကြားခဲ့ပြီး ဒေသခံပြည်သူများမှာ မြစ်ရေကျသွားသဖြင့် အေးချမ်းစွာ ပုံမှန်ဆက်သွယ်သွားလာရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၂၈

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ စဉ့်ကိုင်မြို့တွင် ၃ ဒသမ ၂၄ လက်မ၊ အမရပူရမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ တံတားဦးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၅၈ လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၄၁ လက်မတို့ ဖြစ်ကြသည်။** (မိုး/ဇလ)



**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံအရှေ့မြို့နယ် (၇) ရပ်ကွက် တိမ်ကြားမင်းခေါင်လမ်း၌ မြို့နယ်စည်ပင်နှင့် လမ်းသူလမ်းသားတို့ စုပေါင်းခင်းကျင်းပြီးစီးခဲ့သော ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက်ကကျင်းပရာ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်မြတ်မြတ်မွန်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**
ကျော်ကျော်(ဗန်းမော်)



**မန္တလေး-တကောင်း- ဗန်းမော်လမ်းပေါ်ရှိ ဟသ်ာချောင်းတံတား (၃/၇၈) ပေ (၆၀) နှစ်လွှာတစ်ထပ်ဘေလီ ရေတိုက်စားပျက်စီးနေမှုကို တွေ့ရစဉ်။** (ဆောက်လုပ်ရေး)



**မန္တလေး-တကောင်း- ဗန်းမော်လမ်းပေါ်ရှိ ဟသ်ာချောင်းတံတား (၃/၇၈) ပေ (၁၄၀) ဘေလီတံတား ပြုပြင်ဆောင်ရွက်ပြီး တွေ့ရစဉ်။** (ဆောက်လုပ်ရေး)

# ရွှေတိဂုံစေတီတော်နှင့် ကမ္ဘာအေးစေတီတော်တို့၌ တော်သလင်းလပြည့်ဂရုဓမ္မအခါတော်နေ့ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

ယနေ့သည် ၁၃၇၇ ခုနှစ် တော်သလင်းလပြည့် နေ့ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဂရုဓမ္မ အခါတော်နေ့တစ်နေ့ဖြစ်သည်။ကိုယ်ကျင့်သီလစောင့် ထိန်းလိုက်နာရမည့် ဂရုဓမ္မ အခါတော်နေ့အခမ်းအနား များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်နှင့် ကမ္ဘာအေးစေတီတော်တို့၌ ကျင်းပခဲ့ကြ သည်။

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ဂေါပက အဖွဲ့ကကြီးမှူးကျင်းပသည့် တော်သလင်းလပြည့် ဂရုဓမ္မ အခါတော်နေ့အခမ်းအနားကို နံနက် ၆ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွား တော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက ရွှေတိဂုံ စေတီတော်မြတ်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြပြီး သူတော်ကောင်း တို့အလေးဂရုထား ကျင့်သုံးလိုက်နာသည့် ဂရုဓမ္မ ငါးပါး သီလတော်ဆိုင်ရာ အမွှန်းများကို ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာပို့ဆုတောင်း ခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာတင် သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တော်သလင်းလပြည့် ဂရုဓမ္မအခါ တော်နေ့ မင်္ဂလာအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ကမ္ဘာအေးစေတီတော်အာရုံခံတန်ဆောင်း အပေါ်ထပ် ၌ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးလှထွန်းက ဂရုဓမ္မအခါတော် နေ့အကြောင်းကို မင်္ဂလာထောပနာစကားဖြင့် ရှင်းလင်း ပြောကြားပြီး ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်း ၂၁ သင်းမှ အဖွဲ့ဝင်များက ဂရုဓမ္မဇာတ်တော်အမွှန်းနှင့် ငါးပါးသီလ ကိုယ်ကျင့်တရားကဗျာတို့ကို စုပေါင်းရွတ်ဆို ပူဇော်ကြပြီး မေတ္တာပို့ဆုတောင်း အမျှဝေကြကြောင်း သိရသည်။

**(သတင်းစဉ်)**



၁၃၇၇ ခုနှစ် တော်သလင်းလပြည့်နေ့၌ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

# ပုဂံတွင် မနူဟာဘုရားကြီး ရွှေသင်္ကန်းနှင့် နဝကမ္မအတွက် ငွေသွန်းလောင်းလှူပွဲ စည်ကား



**ညောင်ဦး စက်တင်ဘာ ၂၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသမှ မြင်းကပါကျေးရွာရှိ မနူဟာမင်းကြီး ကောင်းမှုတော် မနူဟာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တော်သလင်းလဆန်း ၁၄ ရက်နေ့မှစတင်၍ ရိုးရာအရုပ်သွန်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး တော်သလင်းလပြည့်နေ့တွင် မြင်းကပါကျေးရွာအုပ်စု အတွင်းရှိ ရပ်ကွက်ခြောက်ရပ်ကွက်မှ ပြည်သူများစုပေါင်းကာ ဘုရားကြီး ရွှေသင်္ကန်းဖိုးနှင့် နဝကမ္မအသုံးပြုနိုင်ရန် ရည်ရွယ်ကာ ငွေသွန်းလောင်းလှူ ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါငွေသွန်းလောင်းလှူပွဲကို မြင်းကပါကျေးရွာအုပ်စုအတွင်းရှိ မြို့ရှေ့၊ မြို့ညွန့်၊ မြို့မ၊ မြို့လယ်၊ စိန်ကုန်း၊ ရွှေခြံ ရပ်ကွက်ခြောက်ရပ်ကွက်မှ ပူးပေါင်းဆင်နွှဲကြပြီး ရပ်ကွက်တစ်ရပ်ကွက်ချင်းစီမှ ဖွဲ့စည်းထားသည့် ကာလသားများက အတီး၊ အဆို နရည်းခုံအဖွဲ့များနှင့် အမျိုးသမီးခေါင်းဆောင် များ၊ လှပျိုဖြူအမျိုးသမီးငယ်များ၊ ကလေးငယ်များက ဝတ္ထုငွေများကို ကိုင်ဆောင်ကာ ရပ်ကွက်မှသည် ဘုရားကြီးသို့အရောက် စီတန်းလှည့်လည် ကာ သွားရောက်လှူဒါန်းကြသည်။

အဆိုပါ ငွေသွန်းလောင်းလှူပွဲတွင် ပါဝင်ဆင်နွှဲသည့် ရပ်ကွက်ခြောက် ရပ်ကွက်မှ အဖွဲ့ခြောက်ဖွဲ့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့က မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ စည်းလုံးညီညွတ်မှု၊ ဖျော်ဖြေမှုများကို အကဲဖြတ်၍ အကောင်းဆုံးအဖွဲ့သုံးဖွဲ့ရွေးချယ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများ ရွေးချယ် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ငွေသွန်းလောင်းလှူပွဲသို့ ညောင်ဦး ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်နှင့် အဖွဲ့ဝင် များ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးဧည့်သည်များ၊ ညောင်ဦး(ပုဂံ) မြို့နယ်အတွင်းရှိ ပြည်သူများ လာရောက်ကြည့်ရှုအားပေး ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# အသံမစဲ မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး စက်တင်ဘာ ၂၈**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပသော အသံမစဲ မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲကို ၁၃၇၇ ခုနှစ် တော်သလင်းလပြည့် နေ့ (၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်) နံနက် ၉ နာရီ က ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံဗုဒ္ဓဘာသာဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ် ကာ တရားနာဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တပဏ္ဍိဝ (မဟာသဒ္ဓမ္မ ဇောတိကဓဇ)ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်အရှင်သီလာစာရက သုံးလူ့ထွတ်ထားမြတ်ဘုရား အား ပင့်လျှောက်တော်မူပြီး ဆရာတော်အရှင်သံဝရက နတ်ပြဟ္မာများအား ပင့်လျှောက်ကာ ဆရာတော်သံဃာတော်များက အသံမစဲမဟာသမယသုတ်ကို စတင်ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

အဆိုပါ အသံမစဲမဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့မှစ၍ စက်တင်ဘာ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် ဆရာတော်အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်တော်မူကြမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# မြို့နယ်အလိုက် ပြေးခုန်ပစ်(တာဝေး)အပြေးပြိုင်

**ကသာ စက်တင်ဘာ ၂၈**

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မြို့နယ်အလိုက် ပြေးခုန်ပစ် ပြိုင်ပွဲ(တာဝေး)အပြေးပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက ကျင်းပရာ ကသာခရိုင် ခုနစ်မြို့နယ်မှ ပြိုင်ပွဲဝင်ဦးရေ ၅၃ ဦး ပါဝင်ယှဉ်ပြိုင်ကြ သည်။ အဆိုပါပြိုင်ပွဲတွင် ပထမဆု အေးချမ်းဖြိုး(ထီးချိုင့်မြို့နယ်)၊ ဒုတိယ မြတ်မင်းစိုး (ကသာမြို့နယ်)နှင့် တတိယ ဖိုးထောင်(အင်းတော်မြို့နယ်)တို့အား ကသာခရိုင် စီ/ခန့်ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်အား/ကာမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲသည် ကသာမြို့ မီတာ ၄၀၀ အားကစားကွင်းရှေ့မှ နဘားဘက် သို့ ကိုးမိုင်အကွာအဝေး အသွားအပြန် ၁၈ မိုင်ခရီးဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကင်းထောက်လုပ်ငန်းများတိုးချဲ့ရေး အာရှနှင့် ပစိဖိတ်ကင်းထောက်များနှင့် ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ကင်းထောက် လုပ်ငန်းများ တိုးချဲ့မြှင့်တင်ရေးအတွက် အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်ညွှန်ကြားရေးမှူး Mr.J. Rizal C.Pangilinan ဦးဆောင်သော ကင်းထောက်အဖွဲ့ဝင်များ ၏ တတိယနေ့ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန် မြို့ ပြည်လမ်းရှိ တက္ကသိုလ် စိန်ရတု အစည်းအဝေးခန်းမ ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကင်းထောက် လုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် ရေတို၊ ရေရှည် စီမံချက်(မူကြမ်း)ကို အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ (Asia-Pacific Regional Scout Committee-APR) နှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ချုပ် ယာယီကော်မတီတို့ ညှိနှိုင်းကြသည်။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ရှေ့လုပ်ငန်းများအပေါ် (APR) အနေ ဖြင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများအတွက် မှတ်တမ်းတင်ကြ သည်။ ထို့ပြင်UNICEF နှင့် Action Aid တို့မှ ဆွေးနွေးပွဲ ကိုယ်စားလှယ်များက မြန်မာနိုင်ငံကင်းထောက်လှုပ်ရှား မှု လုပ်ငန်းများအတွက် ၎င်းတို့ ပါဝင်နိုင်ရန် အခန်းကဏ္ဍ များ ဆွေးနွေးပြီး APR မှ မြန်မာနိုင်ငံ၏ ဆောင်ရွက် မှုလုပ်ငန်းများနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

သုံးရက်တာဆွေးနွေးမှု၊ လေ့လာခဲ့သည့် အတွေ့အကြုံ များအပေါ် ကင်းထောက်ရှေ့လုပ်ငန်းများကို ဖော်ဆောင် ကြသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ချုပ်ယာယီကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကင်းထောက်အလုပ်အမှုဆောင်များ၊ အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်ညွှန်ကြားရေးမှူး Mr.J.Rizal C. Pangilinan နှင့် ကင်းထောက်များ၊ ယူနီဆက်(မြန်မာ) နှင့် Action Aid တို့မှ ဆွေးနွေးပွဲ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ Myanmar International School သို့ သွားရောက်ပြီး ကင်းထောက် ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို သွားရောက်လေ့ လာခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ အခြားအဆင့်(အမျိုးသား၊ အမျိုးသမီး)ဝတ်စုံများ အသစ်ပြဋ္ဌာန်းသတ်မှတ်

နေပြည်တော်　　စက်တင်ဘာ　　၂၈

မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊လေ)အရာရှိ၊ အခြားအဆင့်(အမျိုးသား၊ အမျိုးသမီး)များ လက်ရှိအသုံးပြုလျက်ရှိသည့် စစ်ဝတ်စုံများကို နိုင်ငံတကာတပ်မတော်များ၏ ဝတ်စုံများနှင့်အညီဖြစ်စေရေး၊ တပ်မတော်သားများ၏ စိတ်ဓာတ်ပိုမိုမြင့်မားတက်ကြွစေရေးနှင့် ရာသီဥတုအခြေအနေများနှင့် လိုက်လျောညီထွေစွာဝတ်ဆင်နိုင်ရေးအတွက် အသစ်ပြဋ္ဌာန်းလိုက်ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ သတင်းရရှိသည်။

အသစ်ပြဋ္ဌာန်းလိုက်သည့်ဝတ်စုံများကို ယှဉ်တွဲပါပုံများအတိုင်း သတ်မှတ်ထားကြောင်းနှင့် အဆိုပါ စစ်ဝတ်စုံအသစ်များကို သတ်မှတ်ရက်များအလိုက် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) တစ်ရပ်လုံး ပြောင်းလဲဝတ်ဆင်ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲရန်ကျန်ရှိသော စစ်ဝတ်စုံများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝတီ)




























*စာမျက်နှာ ၆ မှ*

ထို့ပြင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကလည်း တောင်သမန်အင်းရေ အရည်အသွေးကောင်းမွန်စေရေးအတွက် ထုံးများဖြူးခြင်း၊ ကန်အတွင်း စက်လှေများမောင်းနှင်ပြီး အောက်ဆီဂျင်ပိုမိုရရှိရန် ဆောင်ရွက်ခြင်း၊ ရေနမူနာရယူပြီး ရေအရည်အသွေးစစ်ဆေးခြင်း၊ ရေပန်းများချခြင်း၊ ရေထုအခြေအနေလိုက်၍ ငါးအရေအတွက် ထိန်းသိမ်းမွေးမြူရန် အကြံပြုခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဗိသုကာပညာရှင် ဒေါက်တာကျော်လတ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးစက်မှုတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ပညာရှင်များပါဝင်သော အဖွဲ့ကလည်း "တောင်သမန်အင်းအနာဂတ်နှင့်ပတ်သက်ပြီး ဌာနပေါင်းစုံ၊ လူမှုရေးအဖွဲ့ပေါင်းစုံ၊ အခြားသောပညာရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သင့်ကြောင်း၊ မန္တလေးမြို့ပြဖွံ့ဖြိုးမှုစီမံကိန်းတွင် တောင်သမန်အင်းအား ယဉ်ကျေးမှုဇုန်နယ်မြေအတွင်း သတ်မှတ်ပြီး ဆက်စပ်ဧရိယာများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်သင့်ကြောင်း"အကြံပြုခဲ့ကြပြီး ပါရဂူဘွဲ့ရ အင်ဂျင်နီယာသုတေသနပြုသူများကလည်း "ရေထုညစ်ညမ်းမှုကြောင့် ရေသတ္တဝါတို့၏ဂေဟစနစ်ကို ပျက်ပြားစေနိုင်သဖြင့် စွန့်ပစ်အမှိုက်များ၊ ရေဆိုးများ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးရည်များ၊ အဆိပ်သင့်စေသောအရာများ ဝင်ရောက်ခြင်းမရှိစေရေး ကာကွယ်ထိန်းသိမ်းထားရန်"အကြံပြုခဲ့ကြသည်။

ဆည်မြောင်းဦးစီးဌာနမှ တောင်သမန်အင်းရေပြင်ညစ်ညမ်းမှု လျှော့ချရန်နှင့် ရေနေသတ္တဝါများ ရှင်သန်လှုပ်ရှားမှုကောင်းမွန်စေရေးအတွက် နုန်းများဆယ်ယူခြင်းနှင့်အတူ ရံဖန်ရံခါတွင် ပိုလျှံသောရေများ လျှော့ချခြင်း၊ ဧရာဝတီမြစ်ရေတက်ချိန်တွင် အင်းအတွင်းသို့ ရေသွင်းပြီး ရေလဲလှယ်ခြင်းများ ဆောင်ရွက်သင့်ကြောင်း အကြံပြုမှုနှင့်အတူ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဝင်လာမစဲတသဲသဲ…**

တောင်သမန်အင်းအတွင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လှည့်လည်လှေလာခြင်းအစီအစဉ်အဖြစ် ငှက်လှေ ၄၅ စင်းဖြင့် ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ အင်းတစ်ဝိုက်တွင်လည်း စားသောက်ဆိုင် ၇၃ ဆိုင် ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။

တောင်သမန်အင်း၏ တည်ငြိမ်လှပသောရှုခင်းနှင့် ဦးပိန်တံတား၏ အလှသည် ပြည်တွင်း၌သာမက နိုင်ငံတကာမှပင် အထူးစိတ်ဝင်စားမှုခံရသည့် လည်ပတ်စရာနေရာတစ်ခုဖြစ်လာခဲ့ရာ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုမှာလည်း နှစ်စဉ်တိုးတက်လာခဲ့သည်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် နိုင်ငံခြားသားဧည့်သည် ၂၁၀၀၀၀၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၂၃၀၀၀၀၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၁၀၀၀၀၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၅၀၀၀၀ နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၃၈၀၀၀၀ အထိ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု မြင့်တက်ခဲ့ရာ ခရီးသွားလုပ်ငန်းနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသခံပြည်သူတို့၏ လူနေမှုဘဝများလည်း မြင့်တက်လာလျက်ရှိသည်။

**တစ်ကျော့ပြန်နိုးထလာမည့်တောင်သမန်…**

ရေကန်နှင့်အင်းတို့၏ သဘောသဘာဝသည် ရေရှိမှသာ အဓိပ္ပာယ်ပြည့်စုံသကဲ့သို့ တံတားသည်လည်း ရေပြင်ကျယ်ကို ဖြတ်ကျော်ရန် ဆောက်လုပ်ထားခြင်းဖြစ်ရာ တံတားနှင့်ရေသည် လိုက်ဖက်တင့်တယ်လျက်ရှိသဖြင့် တောင်သမန်အင်းကို အမြဲထိန်းသိမ်းပြီး တိုးတက်လာသည့် လူဦးရေနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ အများပြည်သူအတွက် အပန်းဖြေနေရာတစ်ခုနှင့် ဝင်ငွေရှာဖွေပေးသော နေရာတစ်ခုသာမက ရေနေသတ္တဝါများနှင့် ဆောင်းခိုငှက်များအပါအဝင် မျိုးစိတ်ပေါင်းများစွာအတွက် နားခိုစရာနေရာတစ်ခုအဖြစ်လည်း ထိန်းသိမ်းကြရပေမည်။

ထို့အပြင် အများပြည်သူဆန္ဒကို တန်ဖိုးထားလေးစားမှုဖြင့် ဒေသဆိုင်ရာယဉ်ကျေးမှုနှင့် ဘာသာရပ်ဆိုင်ရာအထိမ်းအမှတ်နေရာ(Land Mark) တစ်ခုအဖြစ် အစဉ်ဝင့်ထည်စွာရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်။

မကြာမီ တောင်သမန်အင်း ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရှင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပူးပေါင်းကျင်းပမည်ဖြစ်ရာ ထိုဆွေးနွေးပွဲမှ အကြံပြုချက်များနှင့် ရလဒ်များအပေါ် အခြေခံပြီး တောင်သမန်အင်း၏ အနာဂတ်ကို အကောင်းဆုံးပုံဖော် စီမံဆောင်ရွက်ကြမည်ကို ယုံကြည်မျှော်လင့်တော့သည်။ ။

# မြေပဲဆီဈေးကျ၊ စားအုန်းဆီ-ကြက်သွန်-ပဲမျိုးစုံဈေးတက်

**ရန်ကုန်  စက်တင်ဘာ  ၂၈**

ယခုလပိုင်းတွင် မြေပဲအထွက်များလာပြီး ဈေးနှုန်းများလည်း ကျဆင်းလာသည်။ ယခင် မြေပဲဆန် တစ်ပိဿာ ငွေကျပ် ၃၀၀၀ အထက်တွင်ရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ငွေကျပ် ၂၈၀၀ ဝန်းကျင်သာရှိသည်။ စက်တင်ဘာလ ဒုတိယပတ်က မြေပဲဆီသန့် တစ်ပိဿာ ငွေကျပ် ၆၃၀၀ နှုန်းသို့ ကျဆင်းလာသည်။ မြေပဲဆန် ဆီသန့်တစ်ပိဿာလျှင် ငွေကျပ် ၂၃၅၀၊ လုံးဆန်အဖြူ တစ်ပိဿာ ငွေကျပ် ၂၇၀၀၊ လုံးဆန်အနီ တစ်ပိဿာ ငွေကျပ် ၂၈၅၀ သာရှိသဖြင့် မြေပဲဆီသန့်တစ်ပိဿာ အကြမ်းဖျင်း ဆီထွက်နှုန်း ၃၈ ကျပ်သား၊ မြေပဲဖတ် ငွေကျပ် ၅၅ ကျပ်နှုန်းဖြင့် တွက်ချက်လျှင် ပဲဖတ်ဈေးနှုန်းမြင့်တက်မှုကြောင့် မြေပဲဆီသန့်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ အောက်တွင်သာ ရှိနိုင်သည်ဟု စိန်ပန်းလမ်း(ဘုရင့်နောင်ပွဲရုံဝင်း)ရှိ မြေပဲဆီရောင်းသည့် ပွဲရုံလုပ်ငန်းတာဝန်ခံ ဦးမျိုးနှင့် ပြည်ဒေသ မြေပဲဆန်ဈေးကွက်တို့ထံမှ သိရသည်။

သို့ဖြစ်ရာ မြေပဲဆီသန့်ဈေးနှုန်း လက်ကားဈေးမှာ ကျဆင်းဖွယ်ရှိသည်။ ရန်ကုန်မြို့လယ်ရှိ ကုန်တိုက်ကြီးများတွင် တံဆိပ်ကပ်မြေပဲဆီ အများစုသည် တစ်လီတာဘူးလျှင် ငွေကျပ် ၄၁၀၀-၄၁၅၀ နှုန်း၊ တစ်ပိဿာလျှင် ငွေကျပ် ၇၁၀၀-၇၁၅၀ နှုန်းဖြင့် ရောင်းချနေရာ ယခင်လဈေးနှုန်းထက် တစ်လီတာဘူးတစ်ဘူးလျှင် ငွေကျပ် ၄၀၀ ဝန်းကျင် ဈေးကျလာသည်ဟု ရန်ကုန်မြို့တွင်း အိမ်ရှင်မတစ်ဦးဖြစ်သူ မခိုင်က ဆိုသည်။

စက်တင်ဘာ ၂၄ ရက်က ပြည်ပစားအုန်းဆီဈေးနှုန်းထုတ်ပြန်ခြင်းမရှိ၊ စက်တင်ဘာ ၂၅ ရက် ရုံးပိတ်ရက်၊ စက်တင်ဘာ ၂၆ ရက်(စနေနေ့)တွင် စားအုန်းဆီဈေးနှုန်း ထုန်ပြန်မှုမရှိခြင်းတို့ကြောင့် ပြည်တွင်းရန်ကုန်ဈေးကွက်တွင် စားအုန်းဆီလက်ကားရောင်းဈေး တစ်ပိဿာငွေကျပ် ၆၀ မြင့်တက်လာသည်။ စက်တင်ဘာ ၂၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် FOB စားအုန်းဆီ ပြည်ပတစ်တန်ဈေးနှုန်းဒေါ်လာ ၅၆၀၊ ဗဟိုဘဏ်ငွေလဲနှုန်း ၁၂၈၆ ကျပ်၊ ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၃၇၄ ကျပ်ရှိပြီး ရန်ကုန်ဆီဈေးကွက်တွင် အလှယ်တစ်ပိဿာလက်ကားရောင်းဈေး ၁၃၆၀-၁၃၆၅ ကျပ်ရှိရာမှ စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်က နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုနည်းနေသော်လည်း အလှယ်တစ်ပိဿာလက်ကားရောင်းဈေး ၁၄၂၅ ကျပ်အထိ ဖြစ်လာသည်ဟု ဆီအသင်းမှ နေ့စဉ်ထုတ်ပြန်သော ဆီဈေးနှုန်းစာရင်းနှင့် ဆီဈေးကွက်တို့မှ သိရသည်။

စက်တင်ဘာ ၁ ရက်မှ ၁၉ ရက်အထိ ဆိပ်ဖြူကြက်သွန်ဖြူ တစ်ပိဿာလျှင် လက်ကားရောင်းဈေး ငွေကျပ် ၆၂၅၊ ၈၂၅၊ ၉၂၅၊ ၁၀၅၀ မှ ငွေကျပ် ၆၅၀၊ ၈၅၀၊ ၉၅၀၊ ၁၀၅၀ နှုန်းဖြင့်သာ ဈေးနှုန်းပြောင်းလဲမှုနည်းခဲ့သည်။ သို့သော် စက်တင်ဘာ ၂၁ ရက်ကစ၍ ကြက်သွန်နီ ဝင်ရောက်မှုနှင့် နယ်ဈေးနှုန်းပေါ်မူတည်၍ ရန်ကုန်ဈေးကွက်တွင် ဈေးမြင့်တက်လာသည်။ စက်တင်ဘာ ၂၃ ရက်က ကြက်သွန်နီဝယ်ယူရာတွင် ဒိုင်ဈေးနှုန်း နှစ်မျိုးဖြစ်လာသည်။ စက်တင် ဘာ ၂၆ ရက်က ကြက်သွန်နီဆိပ်ဖြူအမျိုးအစား တစ်ပိဿာငွေကျပ် ၈၅၀၊ ၁၀၅၀၊ ၁၁၅၀၊ ၁၂၅၀ နှုန်းသို့ မြင့်တက်လာသည်ဟု ကြက်သွန်နီပွဲရုံ ပိုင်ရှင် ကိုဇော်က ဆိုသည်။

၂၀၁၃ နှင့် ၂၀၁၄ နှစ်တို့တွင် တစ်ပိဿာလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၉၀၀ မှ ၁၀၀၀ အတွင်းရှိခဲ့သော ကုလားပဲခြမ်း ဈေးနှုန်းသည် ၂၀၁၅ စက်တင်ဘာ ၂၆ ရက်က လက်ကားဈေးနှုန်းတစ်ပိဿာငွေကျပ် ၂၂၀၀ အထိ မြင့်တက်လာသည်။ အလားတူ ပြည်ပပို့ကုန်ဖြစ်သော မတ်ပဲ FAQ.RC တစ်တန်လျှင် စက်တင်ဘာ ၂၆ ရက်က ငွေကျပ် ၁၇၆၅၀၀၀ နှုန်း၊ SQ.RC တစ်တန်လျှင် ငွေကျပ် ၁၉၁၅၀၀၀ နှုန်းအထိ ဈေးနှုန်းမြင့်တက်လာသော်လည်း ဈေးကွက်တွင် ပဲလက်ကျန်နည်း၍ အရောင်းအဝယ်ဖြစ်မှုနည်းသည်ဟု နေ့စဉ်ထုတ်ပြန်သော ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းနှင့် ပဲရောင်းဝယ် သူများထံမှ သိရသည်။ မြစ်ဝကျွန်းပေါ်ဒေသအများအပြားတွင် မိုးစပါး ရိတ်သိမ်းအပြီး ငရုတ်၊ ပဲ စိုက်ပျိုးလေ့ရှိရာ ယခုနှစ် မတ်ပဲဈေးနှုန်း ပုံမှန်နှစ်များထက် သုံးဆဝန်းကျင်ရှိလာသဖြင့် ယခုနှစ်တွင် မတ်ပဲစိုက်ပျိုးမှု ပိုမိုနိုင်ကြောင်း၊ ဖေဖော်ဝါရီလအတွင်း မတ်ပဲအသစ်များ ဈေးကွက်အတွင်းသို့ ရောက်ရှိနိုင်ကြောင်း၊ ပဲအဓိကဝယ်လက် အိန္ဒိယပြည်တွင်းလိုအပ်ချက်ကြောင့် ပဲဈေးနှုန်းများ အမြင့်တွင် ရှိနေနိုင်ကြောင်း ကျောင်းကုန်းဒေသမှ ဆန်၊ ပဲရောင်းဝယ်လုပ်ကိုင်သူ ဦးစန်းအောင်က ဆိုသည်။

**ခင်ဆိုင်**

# မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲနှင့် စီမံခန့်ခွဲမှုသင်တန်းဖွင့်

**ရေကြည်  စက်တင်ဘာ  ၂၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် စီမံခန့်ခွဲမှုသင်တန်းကို စက်တင်ဘာလ တတိယပတ်က ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့ မြို့နယ်ခန်းမ၌ ကျင်းပပြီး **(ယာပုံ)** ကျေးရွာ ၂၁ ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း နာယက၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များအပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လေ့လာသူများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်းဝင်ကျေးရွာများဖြစ်သော ၂၀၁၃-၂၀၁၄ ကျေးရွာ ၂၁ ရွာနှင့် ယခု ကျေးရွာ ၂၂ ရွာရှိပြီး မြို့နယ်၌ ရွာပေါင်း ၄၃ ရွာရှိကာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ပြီး အကြံကောင်းဉာဏ်ကောင်းများဖြင့် စုပေါင်းကြရန် တိုက်တွန်းမှာကြားသည်။ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာဇော်မျိုးက စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံမှာ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ပြီး ကျေးရွာတစ်ရွာလျှင် မတည်ငွေကျပ်သိန်း ၃၀၀ ချေးငှားခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ ကျေးရွာပေါင်း ၅၅၁ ကျေးရွာမှာ ချေးငွေ ကျပ်သိန်း ၁၆၅၃၀၀ ရှိပါတယ်။ ကျွန်တော်တို့ ရေကြည်မြို့နယ်အနေနဲ့ ကျေးရွာပေါင်း ၄၃ ရွာမှာ ချေးငွေကျပ်သိန်းပေါင်း ၁၂၉၀၀ ရှိပြီးဖြစ်သလို ဒီချေးငွေနဲ့ မွေးမြူရေး၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှုလုပ်ငန်း၊ မီးလင်းရေး ကဏ္ဍများတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ကြမှာဖြစ်လို့ စားဝတ်နေရေး အထိုက်အလျောက်အဆင်ပြေမှာဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒီအပေါ်မှာ အကျိုးရှိရှိအသုံးချကြဖို့လိုပါတယ်။ အဲဒီအရင်းအနှီးနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားရမှာဖြစ်ပါတယ်" ဟု ဦးဇေယျာဇော်မျိုးက ပြောသည်။ ကြို့ကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျာလွင်ကလည်း "ကျွန်တော်တို့ကျေးရွာကို ချေးလိုက်တဲ့ ဒီငွေကို သင်တန်းက စာတွေ့လက်တွေ့ပို့ချလိုက်သလို စနစ်တကျ၊ စည်းကမ်းတကျ ပြန်လည်ချေးငှားတာတွေ၊ ချေးငွေတောင်းခံတာနဲ့ ပေးသွင်းတာတွေကို စေတနာအပြည့်နဲ့ ဆောင်ရွက်မှာပါ။ နောက်ပြီး ကိုယ့်အရင်ချေးငှားထားပြီး စံပြဖြစ်နေတဲ့ ကျေးရွာတွေကိုလည်း နမူနာယူမှာပါ။ ဒီလိုချေးငွေရတဲ့အတွက် ကျွန်တော်တို့ကျေးရွာမှာ လူမှုဘဝ တိုးတက်မြင့်မားလာမယ်လို့လည်း ယုံကြည်ပါတယ်။ နှစ်စဉ် အတိုးငွေကိုလည်း ကျွန်တော်တို့ကျေးရွာက ခံစားရမှာပါ" ဟု ပြောကြားသည်။




ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများသို့ ရင်းနှီးငွေ ရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က ပေးအပ်ခဲ့ရာ သက်ဆိုင်ရာကျေးရွာများမှ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု သန့်ရှင်းရေးဆောင်ရွက်

**စလင်း  စက်တင်ဘာ  ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စလင်းမြို့နယ် ရဲတပ်ဖွဲ့ မြို့မရဲစခန်းမှ ဒုတိယရဲမှူးဝင်းတင့် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် စလင်းမြို့ ညောင်နှစ်ပင်ကျောင်းတိုက်အတွင်းရှိ ချုံနွယ်များကို ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဘီးလင်းမြို့နယ်၌ ဆိုလာမီးလင်းရေး ကွင်းဆင်းစစ်ဆေး

**ဘီးလင်း  စက်တင်ဘာ  ၂၈**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သော မြင့်မိုရ်စျာန်ကုမ္ပဏီလီမိတက်က ဆောင်ရွက်နေသော ရွှေရောင်စံပြကျေးရွာအုပ်စု၌ ဆိုလာမီးလင်းရေး အစုံ ၅၄၂ စုံ တပ်ဆင်နေမှုကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စက်တင်ဘာလ တတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါဆိုလာမီးလင်းရေးဆောင်ရွက်ပြီးပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စက်တင်ဘာ ၂၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၆၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၁၅ မှ ၂၄၁၅ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၅၀ မှ ၁၂၇၅ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၅၅၀ |
| ၁၁ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၃၀၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၈၀ မှ ၇၇၀ |
| ၁၃ | ကွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၆၀၀ |
| ၁၄ | ဩဇာသီး | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၈၀၀ မှ ၄၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ဆရာလှိုင်သင်း ဘာသာပြန်ဆိုသည့် The Story of Civilization: Part II The Life of Greece လူ့ယဉ်ကျေးမှုသမိုင်း အတွဲ(၂)၊ ဂရိကရသောအမွေ အတွဲ(၂) ဝီလ်ဒူးရန့် စာအုပ်ထွက်ရှိ




ဆရာလှိုင်သင်း ဘာသာပြန်ဆိုသော အဆိုပါစာအုပ်တွင် အခန်း ၁၁ မှ ၁၈ အထိ ပဲရကလီဇ်နှင့် ဒမော့ခရစီ စမ်းသပ်မှု၊ အက်သင်ဇ်၏ အလုပ်နှင့်ခေ၊ အက်သင်ဇ်သားတို့၏ ကိုယ်ကျင့်တရားနှင့် ရည်မွန်မှု၊ ပရကလီဇ်ခေတ် ဂရိ၏အနုပညာ၊ လေ့လာသင်ယူမှု ထွန်းကားခြင်း၊ ဒဿနိကဗေဒနှင့် ဘာသာရေးပဋိပက္ခ၊ ရွှေခေတ်၏ စာပေ၊ ဂရိကိုယ့်သေတွင်းကိုယ်တူးခြင်းစသည်ဖြင့် ဂရိယဉ်ကျေးမှု အဆင့်ဆင့်ကို တစ်ခန်းပြီးတစ်ခန်း တင်ပြထားသည်။

အခန်း ၁၁ တွင် ရှေးအကျဆုံး ဂရိလူမျိုးများက ဥပဒေသည် ကောင်းကင်ဘုံက ခွင့်ပြုမိန့်ပေး၍ ဖွင့်လှစ်ပြသသော ဘာသာရေး အထွတ်အမြတ် ဓလေ့ထုံးတမ်းဖြစ်သည်ဟု ရှုမြင်ကြသည်ဟု ပါရှိသည်။ ဂရိဥပဒေသည် လူ့အဆင့်အတန်းမှသဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်ဆီသို့ တဖြည်းဖြည်းချင်း ပြောင်းလဲလာရာ လူတစ်ဦးတစ်ယောက်၏ စိတ်ကူးပေါက်သလို လုပ်မှု သို့မဟုတ် ကျဉ်းမြောင်းသော လူတန်းစားတစ်ရပ်၏ အမိန့်ပြန်တမ်းအဆင့်မှ လွတ်လပ်သော နိုင်ငံသားများ၏ နှိုင်းနှိုင်းချိန်ချိန်ဖြစ်သော သဘောတူညီချက်ဆီသို့ ပြောင်းလဲသွားသည်ဟုလည်း ပါရှိသည်။

ဘာသာပြန်သူသည် မူရင်းစာရေးဆရာကြီး ဝီလ်ဒူးရန့်၏ Life of Greece ကို ဘာသာပြန်ဆိုရာတွင် ဂရိအမည်များကို မြန်မာအသံလှယ်ရာ အခက်အခဲကြုံတွေ့ခဲ့ရသည်ဟု ဆိုထားသည်။

အဆိုပါ စာအုပ်ကို ညိုစာပေမှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၈၀၀၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အမျိုးသမီးတစ်ဦး သေဆုံးမှုကို သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးခဲ့ရာ လူသတ်မှုပေါ်ပေါက်

**ပခုက္ကူ စက်တင်ဘာ ၂၈**

ပခုက္ကူမြို့နယ် ကျွဲတဲအုပ်စု အောင်ချမ်းသာရပ်ကွက်၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အမျိုးသမီးတစ်ဦးကို ၎င်း၏နေအိမ်ဘုရားစင်ရှေ့၌ ပါးစပ်နှင့်နှာခေါင်းတွင် အဝတ်စည်း၍ သေဆုံးလျက်တွေ့ရှိခဲ့မှုကို ကနဦး သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးခဲ့ရာမှ လူသတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီ မိနစ် ၅၀ က ပခုက္ကူမြို့နယ် အောင်ချမ်းသာရပ်ကွက်၌ ဒေါ်ငွေအိ (၅၂ နှစ်)သည် ၎င်း၏နေအိမ်ခေါင်းရင်း ဘုရားစင်အောက်၌ ပါးစပ်နှင့်နှာခေါင်း၌ အဝတ်စည်းလျက် မှောက်လျက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းအမျိုးသမီးသေဆုံးမှုနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ် မြို့မရဲစခန်းက ကနဦး အမှုဖွင့်ထားပြီး အမှုစစ်ဒုရဲမှူးကျော်စိုးသည် စက်တင်ဘာ ၂၇ ရက်က သေဆုံးသူအမျိုးသမီး နေထိုင်သောရပ်ကွက်အတွင်းသို့ သွားရောက်စစ်ဆေးချက်အရ အခင်းဖြစ်ည ၉ နာရီက ကျော်သက်လွင်ဦးသည် ၎င်း၏အဒေါ်ဖြစ်သူ ဒေါ်ငွေအိအိမ်သို့ ငွေတောင်းရန် တစ်ရပ်ကွက်တည်းနေ စံညိမ်းအောင်နှင့်အတူ သွားခဲ့ပြီး ငွေတောင်းခဲ့ကြောင်း၊ ငွေတောင်းမရ၍ ဒေါ်ငွေအိ၏လည်ပင်းကို ညှစ်ရာမှ လက်လွန်ပြီး သေဆုံးသွားခဲ့ကြောင်း၊ စံညိမ်းအောင်အား ဒေါ်ငွေအိ၏ နှစ်ခေါင်းနှင့်ပါးစပ်ကို အဝတ်ဖြင့် ပိတ်စည်းခိုင်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းအမှုဖွင့်ထားရှိခဲ့ရာမှ သေဆုံးသူ ဒေါ်ငွေအိထံ ငွေတောင်းခံသည်ကို မရသဖြင့် ယင်းပြစ်မှုကျူးလွန်သူ ကျောက်သက်လွင်ဦး (၁၉ နှစ်) နှင့် စံညိမ်းအောင် (ခေါ်) ဖိုးစံ (၁၉ နှစ်)တို့ နှစ်ဦးကို ပခုက္ကူမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဆေးခြောက်များ ဖမ်းဆီးရမိ



**ရန်ကုန် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ် သရက်တော တောင်ရပ်ကွက် သရက်တော ၆ လမ်း အိမ်အမှတ် ( - ) သို့ ဝင်ရောက်ရှာဖွေခဲ့ကြရာ ဆေးခြောက်ဟုယူဆရသော အရွက်ခြောက်ထုပ် ၁၀ ထုပ်၊ စုစုပေါင်း ၂၅ ဂရမ်ခန့်၊ ဂရမ် ၅၀ ခန့်ရှိ အရိုးအရွက်ပါ ဆေးခြောက်ဟုယူဆရသော အရွက်ခြောက်ထုပ်တစ်ထုပ် နှစ်ခုပေါင်း ၇၅ ဂရမ်ခန့်၊ ဆေးခြောက်များ ရောင်းရငွေဟုယူဆရသောငွေကျပ် ၃၆၀၀၀၀၊ လက်ကိုင်ဖုန်းများ သိမ်းဆည်းရမိခဲ့သည်။

ဒေါ်မြမြသန်းကို စစ်ဆေးရာ ၎င်းထံမှ သိမ်းဆည်းရမိသော ဆေးခြောက်အရွက်များမှာ တစ်လမ်းတည်းနေ ဒေါ်ဌေးကြည်(ခ) အဖွားကြီးထံမှဝယ်ယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

ထို့ကြောင့် ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုနှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဝိုင်းဝန်းရိုက်နှက်၍ တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၅ ရက် ည ၁၁ နာရီခွဲက ကယားပြည်နယ် လွိုင်ကော်မြို့နေ ဦးလှမြင့်သည် နေအိမ်၌ရှိနေစဉ် လွိုင်ကော်မြို့ လောခမ္မရပ်ကွက်နေ တူဝမ်းကွဲတော်စပ်သူ အောင်နိုင်ထွန်း (၂၃နှစ်)မှာ အရိုက်ခံရ၍ ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုရာ အောင်နိုင်ထွန်းသည် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

မေးမြန်းချက်အရ အောင်နိုင်ထွန်းသည် တစ်ရပ်ကွက်တည်းနေ ရှုမောင်(၁၉ နှစ်)၊ လောသူ (ခ) အောင်အောင်(၂၃ နှစ်) နှင့် ဟိန်းမင်းအောင်(၂၀ နှစ်)တို့ လေးဦးသည် ယင်းနေ့ည ၉ နာရီခန့်က နောင်ယားကန်သို့သွားရောက်ခဲ့ပြီး ည ၉ နာရီခွဲတွင် နေအိမ်သို့ပြန်ရန် ဆိုင်ကယ်အပ်သည့်နေရာ၌ ဆိုင်ကယ်သွားယူစဉ် လူငယ် ၁၅ ဦးခန့်ရောက်ရှိလာပြီး ၎င်းတို့ရန်ဖြစ်စဉ်က ပါဝင်သည်ဟု ပြောဆိုကာ ဝိုင်းဝန်း ထိုးကြိတ်ရိုက်နှက်ခဲ့၍ အောင်နိုင်ထွန်းတို့ လေးဦးအနက် အောင်နိုင်ထွန်းမှာသေဆုံးခဲ့ပြီး ကျန်သုံးဦးမှာ ဒဏ်ရာများရရှိ၍ အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။ လွိုင်ကော်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်နေ ဇော်ဝင်းအောင်(ခ) ပိန်ညောင်(၂၂ နှစ်)၊ တစ်ရပ်ကွက်တည်းနေ သီဟကိုကို မောင်(ခ)သားကြီး (၁၇ နှစ်)၊ အောင်သူဝင်း (၁၇ နှစ်)၊ မောင်မောင်(ခ) စိုးမိုး(၁၉ နှစ်)၊ ညီညီထွန်း (၁၇ နှစ်)၊ ဘအေး(၁၈ နှစ်)၊ ဖိုးဇော်(ခ)သန့်ဇင်ဦး(၂၂ နှစ်)၊ အောင်တီ(ခ) ခွန်ပြည့်ထွန်း(၁၇ နှစ်)၊ ခွာထူး(ခ) ရဲရင့်ကျော်(၂၁ နှစ်)၊ ကိုဟိန်း (၁၇ နှစ်)၊ ဘင်ဇင်း(ခ) ဇေယျာထွန်း (၁၇ နှစ်)၊ သားငယ်(ခ) ရှိုင်းမင်းဦး(၁၇ နှစ်)၊ ဆိုတေးဒို(ခ)မောင်ရိ(၁၇ နှစ်) နှင့် လွိုင်ကော်မြို့နယ် မလောခူ ကျေးရွာနေခွန်းငယ်(ခ)ကာပြည်းလယ် ဒွေအေး (၁၇ နှစ်) တို့ ၁၄ ဦးအား စက်တင်ဘာ ၂၆ ရက် နံနက် ၃ နာရီ ၅ မိနစ်က ဖမ်းဆီးရမိ၍ အမှုဖွင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# လမ်းဘေးဈေးဆိုင်မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကောလင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲခန့်က မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့သည် ကောလင်းမြို့နယ် ယင်းတိုက်ကျေးရွာနှင့် ကြာအင်းကျေးရွာလမ်းရှိ စိုးသိုက်၏ လမ်းဘေးဈေးဆိုင်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၇ ပြားနှင့် ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေး ၁၇ ဂရမ်ခန့်၊ ခပ်ပုံ ၁၇ ဂရမ်ခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ကောလင်းမြို့မရဲစခန်းက စိုးသိုက် (၃၄ နှစ်) ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကသာ စက်တင်ဘာ ၂၈**

အင်းတော်မြို့နယ် ခိုချယ်ကျေးရွာထိပ် လမ်းမပေါ်တွင် အင်းတော်မြို့မရဲစခန်းမှ ဒုရဲအုပ်သောင်းစိန်ထွန်းနှင့်ပူးပေါင်းတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက်က စောင့်ဆိုင်းနေစဉ် တာဖလားကျေးရွာဘက်မှ ခိုချယ်ကျေးရွာဘက်သို့ တင်မောင်ထွေး (၂၄ နှစ်) မောင်းနှင်လာပြီး မတင်သန်း (၃၈ နှစ်) နောက်မှလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားစီပါ ကပ်ခွာအိတ်နှစ်အိတ် စုစုပေါင်းဆေးပြား ၃၉၀ ကာလတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀ ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အင်းတော်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ကန်အတွင်း ရေဆင်းချိုးရာမှ သေဆုံး

**မြိုင် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဗဟင်းရဲစခန်းအပိုင် စဘေကန်ကျေးရွာအနီး ရေကန်အတွင်း ရေဆင်းချိုးရာ ခြောက်နှစ်အရွယ်ကလေးငယ်တစ်ဦး စက်တင်ဘာ ၂၇ ရက်က ရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက ဗဟင်းကျေးရွာအုပ်စု စဘေကန်ကျေးရွာနေ ဦးဇော်မင်းနိုင်၏ သားများဖြစ်ကြသော ဇင်ကိုဦး (ကိုးနှစ်) စတုတ္ထတန်းကျောင်းသားနှင့် ညီဖြစ်သူ ဇင်ကိုဖြိုး (ခြောက်နှစ်)သူငယ်တန်းကျောင်းသားညီအစ်ကိုနှစ်ယောက်သည် ကျေးရွာ၏အနောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ ရေကန်အတွင်း ရေဆင်းချိုးရာ ညီဖြစ်သူ ဇင်ကိုဖြိုးမှာ ရေနစ်သွား၍ အကူအညီတောင်းရာ ရွာသားများဝိုင်းဝန်းရှာဖွေခဲ့ပြီး ရေကန်ပေါင်နှင့် ငါးပေခန့်အကွာ ရေအနက် ငါးပေခန့်၌ သေဆုံးနေကြောင်း တွေ့ရသည်။

ရေနစ်သေဆုံးမှုအား ဗဟင်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

# ခိုးမှုမသင်္ကာဖြင့် ဖမ်းဆီးထားသူအား စစ်ဆေးရာက ဆိုင်ကယ်ခိုးမှုပေါ်

**နေပြည်တော် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ရဲတပ်ဖွဲ့ မှူးရုံးမှတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က ချမ်းမြသာစည်မြို့မရဲစခန်းက မသင်္ကာဖွယ်ရာ မိုးကုတ်မြို့ ရွှံ့ပန်းရပ်ကွက်နေ အောင်ထွေး(ခ)မိုးမျှော်(၂၀ နှစ်)အား သက်သေများနှင့်အတူ စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ၎င်းသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက အောင်မြေသာစံမြို့နယ် ၂၂ လမ်း (၈၆×၈၇) လမ်းကြားတွင်ရပ်ထားသော Hensim-110 ဆိုင်ကယ်ကိုခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံပစ္စည်းသိမ်းဆည်းပြီး အောင်ထွေး(ခ)မိုးမျှော်အား အောင်မြေသာစံ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

# ဆိုင်ကယ်နှစ်စီးတိုက် တစ်ဦးသေဆုံး

**ဖြူး စက်တင်ဘာ ၂၈**

တောင်ငူခရိုင် ဖြူးမြို့နယ် ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်း မြဝတီ စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက မော်တော်ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်တိုင် (၁၄၂/၂) နှင့် (၁၄၂/၃) အကြား ရန်ကုန်-မန္တလေး ကားလမ်းနှင့် ၁၃ လမ်းဆုံတွင် လမ်းအရှေ့ဘက် မြဝတီ စက်သုံးဆီဆိုင်မှ ဆီထည့်ပြီး လမ်းအနောက်ဘက် ၁၃ လမ်းသို့ ဦးမောင်ကို(၅၈ နှစ်) မောင်းနှင်သော ဆိုင်ကယ်ကို လမ်းလယ်တွင် ဖြူးမြို့အတွင်းမှ ဇေယျဝတီဘက်သို့ သက်နိုင်စိုး(၃၃ နှစ်) မောင်းနှင်သောဆိုင်ကယ်က အရှိန်ဖြင့်တိုက်မိ၍ ဆိုင်ကယ်နှစ်စီးလဲကျပြီး ဦးမောင်ကိုနှင့် သက်နိုင်စိုးတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး သက်နိုင်စိုးမှာ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကြောမရှင်းဘဲ လမ်းမကြီးကို မောင်းသူ ဦးမောင်ကိုနှင့် ဆိုင်ကယ်အား ပေါ့ဆစွာအရှိန်ဖြင့်မောင်း၍ တိုက်မိသူ သက်နိုင်စိုးတို့နှစ်ဦးကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂)၊ ဗန်းမော်(စင်းခန်း)နောက်ချန်အဖွဲ့၊ ချောင်းမ-လင်းကတော-ပခုက္ကူလမ်း (ချောင်းမ၊ ယင်းမာပင်အပိုင်း) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ၂၂ပေ အကျယ်ဒု-အခြေခံလွှာတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို (လုပ်ငန်းခွင်အရောက် ပို့စနစ်) မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

၁။ ၁" အောက်ခွဲကျောက် ၂။ ကျောက်စရစ် ၃။ သဲ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၀-၂၀၁၅ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၇-၁၀-၂၀၁၅ရက် နံနက် ၁၀နာရီ

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ချောင်းမ-လင်းကတော-ပခုက္ကူလမ်း (ချောင်းမ-ယင်းမာပင်အပိုင်း) မိုင်တိုင် အမှတ် (၄/၁)ရှိ လုပ်ငန်းခွင် အင်ဂျင်နီယာရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၉၇၀၃၄၂၀၈၅**
**၀၉-၉၇၉၁၈၂၅၇၆**

## ဝန်ထမ်းအမြန်အလိုရှိသည်။

**D-2,** ရွှေအင်ကြင်းရိပ်မွန်ကွန်ဒို၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ E-mail, johnnwinn1981@gmail.com
Ph. 09-31225547, 09-259261148

**1. BE (Civil)** ကျား(၂)ဦး
**2. AGTI (Civil)** ကျား(၅)ဦး

သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ အလုပ်လျှောက်ရာတွင် လိုအပ်သော စာရွက်စာတမ်းများ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ အထက်ပါ လိပ်စာသို့လာရောက် လျှောက်ထားနိုင်ပါသည်။

## တစ်ချက်တည်းကျင်းဝင်

ဦးတင်မြင့် (မြေချမ်းသာကုမ္ပဏီ)သည် ၂၅-၉-၂၀၁၅ရက် ညနေ ၄း၃၀ နာရီတွင် မြစ်ကြီးနားမြို့ နောသင်းစတားဂေါက်ကွင်း၌ ပထမကွင်းပတ်အမှတ် (၂) ကျင်းတွင် ကိုက် ၁၃၀ အကွာအား PW(Wilson)တုတ်ဖြင့် Titliest (1) ဘောလုံးကိုရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

၎င်းနှင့်အတူ ကစားဖော်များမှာ ဦးဝင်းဖိုလ်၊ ဦးစိုးနိုင်၊ ဦးMလဆိုင်း၊ ဦးစိုးမင်းထွန်းတို့ဖြစ်ကြသည်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/ 3748၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်BB/ 4976၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး (ပဲခူး)**

## ငှက်ဖျားရောဂါကင်းဝေးရေး အကြံပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကင်းဝေးရေးအတွက် လိုအပ်သော အမျိုးသားနည်းဗျူဟာစီမံကိန်းရေးဆွဲရန် အမျိုးသားအဆင့် အကြံပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် Hotel Max ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါသည် ပထမဦးစားပေး တိုက်ဖျက်ရသောရောဂါများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်နှင့်ယှဉ်လျှင် ၂၀၁၄ ခုနှစ်တွင် ငှက်ဖျားဖြစ်ပွားမှု လူဦးရေတစ်ထောင်တွင် လေးဦးခန့်နှင့် သေဆုံးမှုမှာ လူဦးရေတစ်သိန်းတွင်တစ်ဦးအောက် လျော့နည်းသည်အထိ သိသာစွာကျဆင်းခဲ့ပြီး ထောင်စုနှစ်ရည်မှန်းချက် အမှတ်(၆)၊ ငှက်ဖျားရောဂါဆိုင်ရာ မျှော်မှန်းရလဒ် အမှတ်(၈)ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သော်လည်း မဟာမဲခေါင်ဒေသတွင် မြန်မာနိုင်ငံသည် ငှက်ဖျားရောဂါဖြစ်ပွားမှုအများဆုံးဖြစ်နေပြီး အာတီမီစီနင်းငှက်ဖျား ဆေးယဉ်ပါးမှုသည်လည်း ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်ရှိနေသောကြောင့် အာတီမီစီနင်းငှက်ဖျားဆေးယဉ်ပါးမှုထိန်းချုပ်ခြင်းနှင့်အတူ ငှက်ဖျားရောဂါကင်းဝေးရေးကိုလည်း ဆက်လက်ဆောင်ရွက်ရန်နှင့် နိုင်ငံနှင့်အဝန်း ဖြန့်ကြက်ဆောင်ရွက်ရန်အတွက် စီမံကိန်းရေးဆွဲရန် လိုအပ်ကြောင်း။

အမျိုးသားအဆင့် စီမံကိန်းရေးဆွဲရန်နှင့် (၂၀၁၁-၂၀၁၅)ခုနှစ် အမျိုးသားနည်းဗျူဟာစီမံကိန်း ဆောင်ရွက်ခဲ့မှုအပေါ် မူတည်၍ (၂၀၁၆-၂၀၂၀)ခုနှစ် အမျိုးသားနည်းဗျူ ဟာစီမံကိန်းကို Global Technical Strategy (GTS) နှင့် Greater Mekong Subregion (GMS) Malaria Elimination Strategy တို့အညီရေးဆွဲရန်လိုအပ်သောကြောင့် ဤဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိသည်။ **(သတင်းစဉ်)**

## တောင်ငူမြို့ ကျုံးရေကန်အတွင်း သီလရှင်တစ်ပါးရေနစ်သေဆုံး

**တောင်ငူ စက်တင်ဘာ ၂၈**

တောင်ငူမြို့ အမှတ်(၉)ရပ်ကွက် အုတ်ကျွတ်တန်း ဥယျာဉ်ချောင်းတံတားကျုံးရေကန်ထဲ၌ စက်တင်ဘာ ၂၅ ရက်နံနက် ၈ နာရီခွဲခန့်က ရေနစ်သေဆုံးနေကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှတာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာရေနစ် သေဆုံးသူမှာ သီလရှင်တစ်ပါးဖြစ်သည့် ဒေါ်ပညာသီရိ (၄၂နှစ်) ဝါတော်(၂၅)ဝါ ဝေဠုဝန်ကျောင်းတိုက်အမှတ်(၉)ရပ်ကွက်နေသူမှာ ရေနစ်သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရ၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင် (ဆွာ)**

## စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရပ်စောက် စက်တင်ဘာ ၂၈**

၂၀၁၅ခုနှစ်အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ သုခကာရီ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ကျောင်းသား/သူများက "ကိုယ်စားမိဘ စောင့်ရှောက်ကြ မြတ်သည့်ဒါန ပရဟိတ"ခေါင်းစဉ်ဖြင့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုရရှိသူများအား အောက်တိုဘာ ၁ ရက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

## သူကောင်းတည်မြစ်ရေတင်မှ ရေပေးဝေခြင်းကြောင့် ဒေသခံများအဆင်ပြေ



**ညောင်ဦး စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် သူကောင်းတည်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်၊ လောကနန္ဒာမြစ်ရေတင်ဟူ၍ ငါးခုရှိရာ အဆိုပါမြစ်ရေတင်များကို အားကိုးပြီး ဒေသခံကျေးလက်ပြည်သူများက ဒေသဝမ်းစာအဖြစ် တောင်ယာသီးနှံများကို စိုက်ပျိုးကြသကဲ့သို့ တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြကြောင်း သိရသည်။ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ကျေးရွာအုပ်စု ၉၁ စု ကျေးရွာပေါင်း ၂၂၀ ခန့်ရှိပြီး ယင်းဒေသသည် မိုးခေါင်ရပ်ဝန်းဒေသဖြစ်သောကြောင့် မြစ်ရေတင်မှ ပေးလွှတ်သောရေကိုသာ အဓိကအားကိုးအားထားပြီး စိုက်ပျိုးကြရကြောင်း သိရသည်။

မြစ်ရေတင်ငါးခု ရှိသည့်အနက် သူကောင်းတည် မြစ်ရေတင်တွင် ကန်ရှစ်ကန်ရှိပြီး ကန် ၆၊ ၇ ကြားတွင် မြစ်ရေတင်မှ ရေပိုက်စနစ်ဖြင့် ရေသွယ်တန်း ပေးထားခြင်းကြောင့် အဆိုပါဒေသခံ ကျေးလက်ပြည်သူများ ယခင်ထက်စာလျှင် ယခုအခါ ရေအတွက်အဆင်ပြေကြောင်း သိရသည်။

"ကျွန်မတို့က ယမ်းဇမ်းကျေးရွာကပါ အရင်တုန်းကဆိုရင် သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် အဆင်မပြေဘူး အခုဆိုရင် မြစ်ရေတင်မှ ရေပိုက်သွယ်တန်းစနစ်ဖြင့် ရေပေးထားတာကြောင့် ရေအတွက်အဆင်ပြေပါတယ်။ ကျွန်မတို့လို ကျေးလက်နေ စိုက်ပျိုးတောင်သူများ ဒေသဝမ်းစာအတွက် အဆင်ပြေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## အတက်ရောဂါစီမံချက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်

**သထုံ စက်တင်ဘာ ၂၈**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ သထုံနှင့် ကျိုက်ထိုမြို့နယ်များမှ အတက်ရောဂါခံစားနေရသူများအားရှာဖွေကာ ထိရောက်သောဆေးဝါးကုသမှုများကို ရရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ စတုတ္ထပတ်က သထုံခရိုင် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မြန်မာနိုင်ငံ အတက်ရောဂါစီမံချက်အကြောင်း အသိပေးရှင်းလင်းပွဲတွင် အဆိုပါစီမံချက် မန်နေဂျာ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနမှ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က ပြောသည်။

"မြန်မာနိုင်ငံရဲ့ လူဦးရေတစ်ထောင်မှာ တစ်ယောက်နှုန်းလောက် ဒီအတက်ရောဂါကို ခံစားနေရတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနက WHO နဲ့ပူးပေါင်းပြီး ၂၀၁၃ ခုနှစ်ကစလို့ လေးနှစ်တာ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ စီမံချက်ကာလ တစ်နှစ်အတွင်းမှာတော့ ဆေးကို အခမဲ့ရမှာပါ။ ဒီကာလပြီးရင်တော့ အစိုးရကဆေးကို ဆက်ပေးနိုင်အောင်စီစဉ်ပေးမှာပါ"ဟု ဒေါက်တာဝင်းမင်းသစ်က ပြောသည်။

အတက်ရောဂါမှာ ဦးနှောက်နှင့် အာရုံကြောရောဂါ တစ်မျိုးဖြစ်ကြောင်း ပယောဂနှင့်စိတ်ရောဂါမဟုတ်သောကြောင့် ဆေးမှန်မှန်ဂရုစိုက်ကုသပါက ပျောက်ကင်းကြောင်း၊ ကားဆိုင်ကယ်မောင်းခြင်း၊ အမြင့်တက်ခြင်း၊ ရေကူးခြင်းစသည့် အန္တရာယ်ရှိနိုင်သည့် ကိစ္စများကို ဂရုပြုရှောင်ရှားကာ လူမှုဝန်းကျင်အတွင်း ပုံမှန်သွားလာလှုပ်ရှားပြီး လူကောင်းတစ်ဦးကဲ့သို့ နေထိုင်နိုင်သောကြောင့် ကြောက်စရာရောဂါမဟုတ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## ပျက်စီးသွားသောလယ်မြေများတွင် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချပွဲကျင်းပ

**ကြို့ပင်ကောက် စက်တင်ဘာ ၂၈**

ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော ကျေးရွာအုပ်စု ၁၀ အုပ်စုမှလယ်မြေ ၈၈၂၉ ဧကအား ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် စက်တင်ဘာလပထမပတ်က တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ အရန်ပျိုးဖြင့်စိုက်ပျိုးခြင်း၊ နှံ့ပျိုးဖြင့်စိုက်ပျိုးခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ညှိအဖွဲ့များမှ စီမံဆောင်ရွက်လျက်ရှိရာ ရွားပင်ထကျေးရွာအုပ်စုတောင်သူဦးတင်ထွန်းအောင်နှင့် ဦးသောင်းညွန့်တို့၏ လယ်မြေတွင်ပျက်စီးခဲ့သော စပါးများအားနှံ့ပျိုး/ မျိုးစေ့ချကိရိယာဖြင့် ပြန်လည်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



အဆိုပါပြန်လည်စိုက်ပျိုးသော ကျေးရွာအုပ်စုသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဝင်းမြင့်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တောင်သူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**



## မျိုးကွဲနုတ်ပယ်ခြင်းနှင့် မိုးစပါး GAP စိုက်ခင်းများ ဓာတ်မြေဩဇာထည့်သွင်း

**သီပေါ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီတွင် တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲမှုနည်းပညာများ ကျင့်သုံးတတ်စေရန်နှင့် မျိုးစေ့လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်၍ မော်ဘီ ၂ မျိုးသန့်မျိုးပွားမျိုးစေ့ထုတ် ၁၂ ဧကစိုက်ပျိုးခြင်းကို ကျေးရွာအုပ်စုနှစ်ခုတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများသို့ စက်တင်ဘာ ၂၆ ရက်က ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦး၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဆွေဆွေမြင့်၊ သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းတို့ကကြီးကြပ်၍ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက ဘော်ကြိုကျေးရွာအုပ်စု ဆားတွင်းကျေးရွာရှိ ကွင်းအမှတ် ၁၁၇၊ ဦးပိုင်အမှတ် ၁၇/၁ ရှိ တောင်သူဦးစိုင်းနန္ဒော၏စိုက်ခင်း၌ကွင်းဆင်းကာ မျိုးကွဲနုတ်ပယ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မန်ဟဲကျေးရွာအုပ်စုတွင်း စိုက်ပျိုးထားသည့် မိုးစပါး GAP ၂၅ ဧကစံပြစိုက်ခင်း၌ တောင်သူများနှင့်အတူ မြေဩဇာကြဲပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**စိုင်း(သီပေါ)**

# ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ဟောင်ကောင်အစိုးရတက္ကသိုလ်ဖြစ်သည့် The Open University of Hong Kong (OUHK)၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ SKU တက္ကသိုလ်တို့နှင့် STI Myanmar University (STIMU)တို့ ပူးပေါင်း၍ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ယခုအခါ ဗြိတိသျှအစိုးရတက္ကသိုလ်တစ်ခုဖြစ်သည့် University of Bedfordshire (UOB)နှင့် STIMU တို့ ပူးပေါင်း၍ ဘွဲ့လွန်၊ ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေး မဟာဌာနတွင် Business Adminstration နှင့် Accounting အထူးပြု ဘွဲ့ကြိုသင်တန်းများ၊ MBA ဘွဲ့လွန်သင်တန်း၊ အင်ဂျင်နီယာမဟာဌာနတွင် Civil Engineering၊ Architectural Enginerring၊ Electronic Engineering၊ Architectural Design နှင့် Construction Management ဘွဲ့ကြိုသင်တန်းများ၊ MBA (Engineering Management) မဟာဘွဲ့သင်တန်းတို့ကို ဖွင့်လှစ်မည်ဖြစ်သည်။

ထို့အပြင် Education နှင့် Linguistics မဟာဌာနမှ Master of Education မဟာဘွဲ့ကိုလည်းကောင်း၊ မဟာဌာနအသစ်တစ်ခုဖြစ်သည့် Health Science မဟာဌာနမှ MBA (Hospital and Health Services Management)၊ Master of Nutrition and Dietetics နှင့် Master of Public Health မဟာဘွဲ့များကို လည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းများမှ မွေးထုတ်ပေးသည့် လူ့စွမ်းအား အရင်းအမြစ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းရှိ ဆရာများနှင့် ကျောင်းသားများအား ကမ္ဘာ့အဆင့် သင်ကြား၊ သင်ယူမှုနည်းပညာများကို အချိန်တိုအတွင်း ရယူနိုင်မည်ဖြစ်သည်။

ဝင်ခွင့် သတ်မှတ်ချက်မှာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ GCE 'O' နှင့် GCE 'A' အောင်မြင်ပြီးသူများ၊ STIMU ဒီပလိုမာဘွဲ့ ရရှိပြီးသူများ၊ HND၊ ABE ဒီပလိုမာရရှိပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းများသို့ ဘွဲ့တစ်ခုခုရရှိထားသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ညီညီထွန်း**



# ဗိုလ်ချုပ်ကြေးရုပ်တုစိုက်ထူပွဲကျင်းပ

**ဘိုကလေး စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ်တွင် စက်တင်ဘာ ၂၆ ရက်က ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူပွဲ ကျင်းပခဲ့သည်။

မြို့တွင်းသို့ လှည့်လည်ပွဲ ကျင်းပရာတွင် ကျင်းပရေးကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဘိုကလေး မြို့သူမြို့သားများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုလှည့်လည်ပြီး ဗိုလ်ချုပ်ကြေးရုပ်တုကို သတ်မှတ်ထားသော လွတ်လပ်ရေးပန်းခြံနေရာတွင် စိုက်ထူခဲ့ကြသည်။

ဖွင့်ပွဲကို အောက်တိုဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နောင်လာနောက်သားများ ဗိုလ်ချုပ်ကို အတုယူစေလို၍ ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူရခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းက ဘိုကလေးမြို့သူမြို့သားများကိုယ်စား ပြောကြားသည်။

**ဘိုကလေးဌေးနိုင်**



# တောင်ညိုမြို့သစ် တိုက်နယ်ဆေးရုံ ၉၀ ရာခိုင်နှုန်းပြီးစီး

**နတ်တလင်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် (အရှေ့ခြမ်း)တောင်ညိုမြို့သစ်တွင် ၁၆ ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ပြီးစီးမှုကို ဆောက်လုပ်ရေးတာဝန်ခံ ဦးသိန်းဦးအား စက်တင်ဘာ ၂၅ ရက်က မေးမြန်းရာ ယခုတည်ဆောက်နေသော တိုက်နယ်ဆေးရုံသည် ၂၀၁၅/၂၀၁၆ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်က ချထားပေးရာ (ဧရာမိုင်ကုမ္ပဏီ)က တာဝန်ယူပြီး ဆောက်လုပ်နေခြင်းဖြစ်ပါကြောင်း၊ တိုက်နယ်ဆေးရုံပင်မဆောင်အကျယ် ရှေ့ အလျား ၁၁၆ ပေ၊ အနံ ၁၂၆ ပေရှိပြီး လူနာဆောင်မှာ ရှစ်ခုတင်ဆံ့ နှစ်ခန်း၊ တစ်ခန်းလျှင် အလျား ၅၅ ပေ၊ အနံ ပေ ၂၀ ကျယ်ဝန်းကြောင်း ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်း၊ နားနေဆောင်စသော အခန်းများဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

ဆေးရုံတည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဒေသနေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မကြာမီပိုမိုကောင်းမွန်လာတော့မည်ဖြစ်ကြောင်း ဒေသခံကံစုရွာမှ ဦးဇော်မင်းထွန်းက ပြောပြသည်။

**တင်မြင့်(နတ်တလင်း)**

# လက်ပံတန်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**လက်ပံတန်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်ခန်းမ၌ စက်တင်ဘာ တတိယပတ်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်သင်တန်းဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူးနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြား၍ မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းတွင်အသုံးပြုမည့်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

သင်တန်းကာလမှာ တစ်လဖြစ်ပြီး သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၉၈)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

# မြန်မာနိုင်ငံစာရေးဆရာများနှင့် သတင်းစာဆရာများအသင်းတွေ့ဆုံဆွေးနွေး

**လားရှိုး စက်တင်ဘာ ၂၈**

လားရှိုးမြို့ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဝင်များသည် စက်တင်ဘာ ၂၆ ရက်က ရှမ်းပြည်နယ် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဦးစီးဌာန အစည်းအဝေး ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် လားရှိုးမြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝေလင်းက အမှာစကားပြောကြားခဲ့ပြီးစာရေးဆရာအသင်းလုပ်ငန်းစဉ်များကို စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးညွန့်ဝေ (ကောင်းညွန့်ဝေ-ရေစကြို)က လည်းကောင်း၊ သတင်းစာဆရာအသင်း လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံသတင်းစာဆရာ အသင်း (MJA) ဗဟိုမှ စာရင်းစစ်မှူး ဒေါ်ခင်သန်းနွဲ့(မမ-လားရှိုး)က လည်းကောင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

# တရားလွှတ်တော်စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

**ထားဝယ် စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် စာရေးဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်ဝင်းက အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီး တရားသူကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးသည့်ရုံးလုပ်ငန်း ဆိုင်ရာဘာသာရပ်များကို စိတ်ပါဝင်စားစွာ မှတ်သားလိုက်နာကြပြီး တာဝန်ကို အလေးထားကာ တရားရုံးသို့ လာရောက်ကြသော ပြည်သူများကို ယဉ်ကျေးလေးစား နွေးထွေးစွာ ဆက်ဆံကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းမှူးက သင်တန်းသား/သင်တန်းသူများ၏ ရမှတ်နှင့် အဆင့်သတ်မှတ်ချက်များကို ကြေညာပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စည်းကမ်းဆုရရှိသူများအား တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ တနင်္သာရီ တိုင်းဒေသကြီး တရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

**(ဖိုးရွှေသွန်း-ထားဝယ်)**




# အိမ်တော်ရာစေတီ ဗုဒ္ဓပူဇနီယပွဲတော် (၄၁) ကြိမ်မြောက် ခြင်းအလှခတ်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် အိမ်တော်ရာ စေတီဗုဒ္ဓပူဇနီယပွဲတော်(၄၁) ကြိမ်မြောက် ခြင်းအလှခတ်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က အိမ်တော်ရာစေတီခြင်းခတ်ရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ခြင်းအလှခတ်ပွဲတော်ကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ရက် ၃၀ ကြာ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၂ နာရီထိ ကျင်းပသွားမည်ဖြစ်ပြီး ခြင်းအသင်းပေါင်း ၈၉၅ သင်းတို့မှ တစ်သင်းလျှင် နာရီဝက်ကြာခတ်ကစားခွင့်ပြုထား၍ တစ်ရက်လျှင် အသင်း ၃၀ ခတ်ကစားသွားမည်ဖြစ်ကြောင်းနှင့် အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် ခြင်းဝါသနာရှင်ကြီးများက ပဥ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မိခင်နှင့်ကလေးအဖွဲ့ဝင် ဆယ်အိမ်စုမှူးသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှု၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ဆယ်အိမ်စုမှူးဆင့်ပွားသင်တန်းအမှတ်စဉ်(၂/၂၀၁၅)ကို စက်တင်ဘာ ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ဖွင့်လှစ်သင်တန်းပို့ချခဲ့သည်။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုက ပြည်သူများအခြေပြုကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအရည်အသွေးမြှင့်တင်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းဖွင့်ပွဲအမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဒုတပ်ရင်းမှူး ဦးရဲနောင်နောင်က သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းခေါင်းစဉ်နှင့် အရေးပေါ်အသက်ကယ်ဆယ်ပြုစုနည်းခေါင်းစဉ်တို့ဖြင့် ရှင်းလင်းဆွေးနွေးသင်တန်းပို့ချခဲ့သည်။ အသင်းဝင် သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**



**မိုးကုတ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီတပ်ရင်းတို့ပူးပေါင်း၍ မိုးကုတ်မြို့ လယ်ဦးရပ်ကွက် သံလွင်တောင်ရပ်ရှိ ခရစ်ယာန်ဘုရားကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ စက်တင်ဘာ ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။**
နေဝါ(မိုးကုတ်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စားသုံးသူအခွင့်အရေးဆိုင်ရာများ ပညာပေးဟောပြောပွဲ ဆိပ်ဖြူ၌ကျင်းပ

**ဆိပ်ဖြူ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ပတ်ဝန်းကျင်ထန်းသိမ်းရေးနှင့် စားသုံးသူအခွင့်အရေးဆိုင်ရာများအကြောင်း ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမြင့်အောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများနှင့် ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းစသည်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ယောရော)**

# စကုမြို့ ဇီဝကကုသိုလ်ဖြစ် ဆေးခန်း(၅)နှစ်မြောက်အထိမ်းအမှတ်တရားပွဲ

**စကု စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး စကုမြို့ပေါ်ရှိ ကျောင်းထိုင်ဆရာတော်ကြီးများသည် ပုပ္ဖာရုံကျောင်း၌ ဇီဝကကုသိုလ်ဖြစ်ဆေးခန်းကို မြို့ပေါ်ရပ်ကွက်နှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များ၏လှူဒါန်းမှုငွေများဖြင့် ဆောင်ရွက်ခဲ့သည်မှာ ၂၀၁၅ ခုနှစ်စက်တင်ဘာ ၂၅ ရက်တွင် ငါးနှစ်တိတိပြည့်ပြီး ၄င်းငါးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ တရားပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

စကုမြို့မှနာယကကျောင်းထိုင်ဆရာတော်များသည် ဆေးဝါးကုသခြင်း၊ အဘိုးအဘွားတို့အား ထောက်ပံ့ခြင်းပရဟိတလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ရေတိုသုံးစွဲရန်နှင့် ရေရှည်တည်တံ့ရန်အတွက် ရန်ပုံငွေကြေးများ လိုအပ်လျက်ရှိသည်။

ထို့ကြောင့်စကုမြို့ဇီဝကကုသိုလ်ဖြစ် ဆေးခန်းကြီးသို့ လှူဒါန်းလိုပါက နာယက ဆရာတော်ဘဒ္ဒန္တဥတ္တရ ဖုန်း၀၉-၂၅၆၀၄၅၀၂၈နှင့် လက်ထောက်စာချဆရာတော်ဘဒ္ဒန္တ စန္ဒဝန်သ ဖုန်း၀၉-၂၅၉၁၀၆၄၇၅ ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းဋ္ဌေး(ဘဏ်)**

# သံဖြူဇရပ်မြို့နယ်၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**သံဖြူဇရပ် စက်တင်ဘာ ၂၈**

သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူဝန်ဆောင်မှု အသိပညာပေးရေးလုပ်ငန်းအဖြစ် မြို့နယ်အတွင်း ကျေးရွာများသို့ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့်အတူ အသိပညာပေးဟောပြောပွဲများကို လစဉ်ဆောင်ရွက်လျက်ရှိရာ ဝဲခမိကျေးရွာအုပ်စုရွာသာအေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူးဒေါ်အေးအေးသီက ကျေးရွာပြည်သူများ ကျောင်းသား ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ကျေးရွာရပ်မိရပ်ဖ ဦးစောဘသိန်းက ကရင်ဘာသာစကားဖြင့် ပြန်လည်ရှင်းလင်းပေးခဲ့သည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နံရံကပ်ပိုစတာများများပြပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူများ ဒေသခံပြည်သူများက ပိုစတာနှင့်ကာတွန်းပုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**ကျော်ဝင်း(iprd)**

# ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာ၌ ကျေးရွာမြေဂရန်များထုတ်ပေး

**ပန်းတောင်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာအုပ်စု ဒေါင်းမြတ်နားကျေးရွာမှ ဒေသခံပြည်သူများအား မြေဂရန်များကို စက်တင်ဘာ ၂၄ ရက်က ထုတ်ပေးခဲ့သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်နေလူမှုဘဝ အဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် မြေဂရန်စာချုပ်ကို မြေပိုင်ရှင်များထံ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

"ယခုလို မြို့ပေါ်တွင်မက ကျေးရွာများပါ မြေဂရန်များထုတ်ပေးနိုင်ခဲ့သဖြင့် ကျေးရွာရှိမြေကွက်များ ယခုထက် တန်ဖိုးပိုမိုမြင့်တက်နိုင်ပြီး မြေယာပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ မိမိစိတ်ကြိုက် ပေါင်နှံရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်း စသည့်စီမံခွင့်များ ရရှိတဲ့အတွက် မြေဂရန်စာချုပ်ဖြင့် ငွေများထုတ်ချေးပြီး အသေးစား၊ အလတ်စားလုပ်ငန်းများ လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့်အတူ ဒေသခံပြည်သူများ လူမှုဘဝ အဆင့်အတန်းမြင့်မားလာမည်ဖြစ်တဲ့အတွက် မြေဂရန်စာချုပ်များ ရရှိသည့် ပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိနေကြောင်း" ဒုတိယမြို့နယ်အုပ်ချုပ်ရေး ဦးဟန်ဝင်းဇော်က ပြောသည်။




မြေဂရန်များ ထုတ်ပေးရာတွင် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပြည်ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးမင်းက မြေဂရန်ထုတ်ပေးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြေပိုင်ရှင်များအား မြေဂရန် စာချုပ်များ အသီးသီးထုတ်ပေးခဲ့သည်။

**အောင်မြင့်(ပန်းတောင်း)**

**သင့်ကြောင့် ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်**



# တာချီလိတ်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဆုံ ၂၁ နေရာတွင် မှန်ဘီလူးခုံးများတပ်ဆင်

**တာချီလိတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တာချီလိတ်မြို့ပေါ်ရှိ လမ်းဆုံ ၂၁ နေရာတွင် Liquid မှန်ဘီလူးခုံးများကို စက်တင်ဘာ ၂၆ ရက်က တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါ Liquid မှန်ဘီလူးခုံးများကို တာချီလိတ်မြို့ပေါ် အချက်အချာကျသော လမ်းဆုံလမ်းခွများ၊ မြို့ရှောင်လမ်း၊ စာသင်ကျောင်းများနှင့် မြို့ကျက်သရေဆောင် ရွှေတိဂုံဘုရားအနီးအပါအဝင် နယ်စပ်ဂိတ်များမှ အဝင်အထွက် အသွားအလာများသည့်နေရာများ စုစုပေါင်း ၂၁ နေရာ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆမှုလျော့နည်းကျဆင်းစေရေးအတွက် တပ်ဆင်ခဲ့ခြင်းဖြစ်ပြီး တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ကိုကို ဦးစီးယာဉ်ထိန်း တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ မြို့မမြို့ဖများ၊ NGO အဖွဲ့အစည်းများပူးပေါင်း၍ လိုက်လံတပ်ဆင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ Liquid မှန်ဘီလူးခုံးများတပ်ဆင်ရာတွင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်သိန်းလေးဆယ်ကျော်ဖြစ်ပြီး ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ အထူးစီမံဒဏ်ငွေရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲတပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တောင်ပေါ်ပြောင်းစိုက်ခင်းများ အထွက်နှုန်းကျဆင်း ပြောင်းစိုက်တောင်သူများ အခက်ကြုံနေ

**ရွှေညောင် စက်တင်ဘာ ၂၈**


ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ် တောင်လေးလုံးကျေးရွာအုပ်စုနှင့် သံတဲကျေးရွာအုပ်စုရှိ ပြောင်းစိုက်တောင်သူများမှာ ယခုနှစ်တွင် မိုးမရသောကြောင့် နှစ်ကြိမ်မြောက် ပြန်လည်စိုက်ပျိုးသည့်တိုင် အပင်များခြောက်သွေ့ခြင်း၊ ယမန်နှစ်ထက် အထွက်နှုန်းပို၍ လျော့ကျခြင်းများ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ ကျေးရွာအုပ်စုများမှ တောင်သူများမှာ ထိုင်းကုမ္ပဏီသို့ ပြန်သွင်းသော စပ်မျိုးပြောင်းနှင့် ဒိုင်များသို့သွင်းသော အထွက်တိုးပြောင်းများကို အများဆုံးစိုက်ပျိုး၍ အသက်မွေးကြသည်။ ပြောင်းဖူးသက်တန်းမှာ ရက်ပေါင်း ၁၂၀ ဖြစ်ပြီး ဝယ်လိုအားအခြေအနေ၊ လိုအပ်ချက်အရ ရက်ပေါင်း ၁၁၀ ဖြင့် ခူးဆွတ်ရလေ့ရှိကြောင်း သိရသည်။

"ဒီဒေသမှာ ပြောင်းနှစ်မျိုးစိုက်တယ်။ သံတဲကျေးရွာအုပ်စုမှာ CP စပ်မျိုး ပြောင်းထုတ်လုပ်တဲ့စက်ရုံရှိပြီးတော့ စပ်မျိုးပြောင်း အဖို၊အမဆိုပြီး နှစ်မျိုးထုတ်ပေးတယ်။ မြောင်းခြောက်မြောင်းကို အမမျိုးစေ့ ငါးမြောင်းနဲ့ အဖိုမျိုးစေ့တစ်မြောင်း စိုက်ပေးရတယ်။ ၂၀၀၈ ခုနှစ်က တစ်ဧကကို ပိဿာချိန်လေးထောင်နီးပါး ထွက်ခဲ့တယ်။ ဒီနှစ်တော့ အကောင်းဆုံးပြောင်းခင်းမှ အချိန်နှစ်ထောင်ကျော်ပဲ ထွက်တယ်ဆိုတော့ မျိုးစေ့၊ မြေဆီ၊ ဓာတ်မြေသြဇာ၊ အလုပ်သမားခနဲ့ မကိုက်ကြဘူး" ဟု သံသေရွာသား ခနုလူမျိုးပြောင်းစိုက်တောင်သူ ဦးမန်စံက ပြောသည်။

ကုမ္ပဏီမှချပေးသော မျိုးစေ့ဖြစ်သည့် စပ်မျိုးပြောင်းကို စိုက်ပျိုးရာတွင် ပြောင်းဖူးအူတိုင်ပါမကျန် ကုမ္ပဏီက ပြန်လည်ဝယ်ယူပြီး ထိုစပ်မျိုးပြောင်း မျိုးစေ့များကို ပြန်လည်ထုပ်ပိုးပြုပြင်၍ မြန်မာတစ်ပြည်လုံးရှိ ပြောင်းစိုက်တောင်သူများထံ တစ်ပင်လျှင် နှစ်ဖူးပုံမှန်သီးသော CP(888)၊ CP(989)၊ CP(301)၊ CP(801) စသည့် အထွက်တိုးပြောင်းမျိုးစေ့ထုပ်များအဖြစ် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ အဆိုပါ စပ်မျိုးပြောင်းကိုစိုက်ပျိုးခြင်းဖြင့် ပြောင်းလဲတိုးတက်လာသော ရေနွေးကျေးရွာအုပ်စုရှိ ကျေးရွာများ၊ သံတဲအုပ်စုရှိကျေးရွာများမှာ ၂၀၀၂ ခုနှစ်မှစ၍ သုံးနှစ်ဆက်တိုက် ရာသီဥတုဖောက်ပြန်မှုနှင့် ကြုံတွေ့နေရကာ ယခုနှစ်တွင်အဆိုးဆုံးဖြစ်ပြီး ပြောင်းစိုက်ပျိုးသည့်တောင်သူများ အခက်အခဲကြုံတွေ့ရမှုအများဆုံးနှစ်ဖြစ်ကြောင်း သိရသည်။

"နှစ်ခါပြန်စိုက်တာကို အပွင့်လိုက်နေမှ ခြောက်ပြီးသေတယ်။ ပြောင်းဖူးသီးနေတဲ့အခါမှ အပင်ခြောက်ပြီး သေကုန်တယ်။ မျိုးစေ့ပြောင်းကို ထုတ်ပေးတဲ့ကုမ္ပဏီကို တစ်ပြည် ၅၄၀၊ ၅၂၀ နဲ့ ပြန်သွင်းပြီးတော့ အထွက်တိုးပြောင်းကိုတော့ မြို့ပေါ်ဒိုင်တွေမှာ တစ်ပြည် ၃၂၀ ကျပ်နဲ့ သွင်းရတယ်။ လဆန်းပိုင်းကတော့ ၃၉၀ ကျပ်ရှိခဲ့သေးတယ်။ တဖြည်းဖြည်း ပြောင်းဈေးက ကျလာချိန်မှာ ပြောင်းဖူးတွေ ပျက်စီးကုန်တော့ တောင်သူတွေ အခက်ကြုံနေရတယ်" ဟု ဦးမန်စံက ဆက်ပြောသည်။



ယခုနှစ် ပြောင်းဖူးစိုက်ရာ၌ အရှုံးပေါ်မှုကြောင့် တောင်သူများအနေဖြင့် ပြောင်းဖူးရာသီပြီးသည့် သီတင်းကျွတ်လကုန်တွင် အာလူး၊ ကြက်သွန်ဖြူ၊ ပန်းမုန်လာတို့ကို ပြန်လည်အစားထိုးစိုက်ပျိုးရန် ပြင်ဆင်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့၌ (၁၁၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲကို စက်တင်ဘာ ၂၆ ရက်က ကျင်းပရာ ဒေသခံပြည်သူများ တိုးမပေါက်အောင် ဖူးမြော်ကြစဉ်။**

တင်ဝင်းဇော်(မင်းသားကြီး)

## ပုဏ္ဏားကျွန်း၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆွေးနွေး

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၂၈**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်ပါတီစုံအထွေထွေရွေးကောက်ပွဲကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်ခန်းမ၌ စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အောင်နှင့် နယ်မြေတာဝန်ခံ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်က ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားမှုများကို ဆက်လက်ဆွေးနွေးခဲ့သည်။

**သူ(ပုဏ္ဏားမြီ)**

# မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ လုပ်ငန်းများအောင်မြင်တိုးတက်လျက်ရှိ

**ရေစကြို စက်တင်ဘာ ၂၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ နံ့သာမြေဆိတ်မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ကို ၂၀၁၄ခုနှစ် ဇန်နဝါရီလက စတင်ဖွဲ့စည်းခဲ့ပြီးနောက် ယခုအချိန်တွင်အသင်းသား ၃၀ ခန့်ရှိနေပြီး လုပ်ငန်းများလည်း အောင်မြင်တိုးတက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းက ဆိတ်တွေကိုမွေးဘက်ပေးတဲ့ စနစ်နဲ့ မွေးမြူတာပါ။ ရရှိလာတဲ့အကျိုးအမြတ်ကို အသင်းသားတွေ အစုအရခွဲဝေယူကြပါတယ်။ ကျွန်တော်တို့ ရေစကြိုသား ဗိုလ်မှူးကျော်ရင်(ငြိမ်း)ရဲ့ အကူအညီနဲ့ အစ္စရေးနိုင်ငံက စိုက်ပျိုးရေးနဲ့ မွေးမြူရေး နောက်ဆုံးပေါ်နည်းပညာ ကိုးလကြာသင်တန်းကို ရေစကြိုသား ၁၄ ဦးကို ပို့ပေးခဲ့ပါတယ်။ အခုသူတို့တွေပြန်လာပြီမို့ သူတို့အကူအညီနဲ့ မွေးမြူရေးလုပ်ငန်းမှာ ပိုမိုအောင်မြင်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု နံ့သာမြေဆိတ်မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကုလားက ပြောသည်။

လုပ်ငန်းများတိုးတက်စေရန်အတွက် သမဝါယမဝန်ကြီးဌာနကလည်း ချေးငွေများထုတ်ပေးလျက်ရှိကြောင်း သိရသည်။ "သမဝါယမဝန်ကြီးဌာနကလည်း မွေးမြူရေးစရိတ်အတွက် အသင်းသားတစ်ဦးကို ငွေကျပ်တစ်သိန်း ချေးပေးပါတယ်။ ခြောက်လကြာရင်ပြန်ဆပ်ရမှာပါ။ အတိုးနှုန်းက ၁ ကျပ်၁၅ ပြားပဲပေးရတာမို့ အတိုးနှုန်းသက်သာပါတယ်။ အခုလိုတစ်နိုင်တစ်ပိုင်မွေးမြူရေးကနေ စီးပွားဖြစ်မွေးမြူရေးလုပ်ပါမယ်။ စီးပွားဖြစ်မွေးမြူရေးကနေ ဒေသဖွံ့ဖြိုးရေးကိုလုပ်နိုင်အောင် ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အသင်း၏ ဖွဲ့စည်းပုံနှင့် အခြားလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း "အခုလောလောဆယ်တော့ အသင်းအနေနဲ့ ဆိတ်မွေးမြူရေးကို ဦးစားပေးမွေးမြူနေပါတယ်။ ရန်ကုန်ကနေလာတဲ့ ငါးအစုံနဲ့ ငါးရယ်ဒီမိတ်အထုပ်စုံကိုလည်း ဈေးထဲမှာ ဖောက်သည်ပေး ရောင်းချနေပါတယ်။ အသင်းသားတစ်ဦးကို အစုတစ်စုကနေ ၅၀ အထိ ဝင်နိုင်ပါတယ်။ အစုတစ်စုကို ငွေကျပ်တစ်သောင်းပါ။ အသင်းသားတစ်ဦးကို အစု ၅၀ ဝင်နိုင်တာမို့ ငွေကျပ်ငါးသိန်းဖိုးအထိ ရင်းနှီးမြှုပ်နှံနိုင်ပါတယ်"ဟု အသင်းအုပ်ချုပ်မှုဒါရိုက်တာက ဆက်လက်ရှင်းပြသည်။

**အိမွန်ဆွေ(ရေစကြို)**



# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခွင့် လက်မှတ်ထုတ်ပေး



**ရေစကြို စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခွင့် လက်မှတ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရေစကြိုမြို့နယ် သစ်တောဦးစီးဌာနက စက်တင်ဘာ ၂၆ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

လက်မှတ်ပေးအပ်ပွဲတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခွင့်လက်မှတ် ထုတ်ပေးခြင်းရည်ရွယ်ချက်၊ သစ်တောစိုက်ခင်းတည်ထောင်သည့် လုပ်ငန်းစဉ်များနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပခုက္ကူခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်တို့က အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဥက္ကံ၊ ကျောက်လှေကား၊ ထန်းငယ်တော၊ သဲတော၊ ဇီးတော၊ ကျောက်ထပ်နှင့် ကွမ်းသီးကန်ကျေးရွာများမှ အစုအဖွဲ့ဝင်များအား သစ်တောစိုက်ခင်းတည်ထောင်ခွင့် လက်မှတ်များကို ထုတ်ပေးခဲ့ပြီး စွမ်းအားမြှင့်မီးဖို ၇၂ လုံးကိုလည်း ပေးအပ်ခဲ့သည်။

ရေစကြိုမြို့နယ်ရှိ ကျောက်ထပ်တောင်ကြိုးဝိုင်းမှာ ၁၀၆၃၄ ဧကကျယ်ဝန်းပြီး ထိုကြိုးဝိုင်းအတွင်းမှ အကျယ် ၂၄၉၁ ဧကရှိ ဘကြီးတောင်(ခေါ်) ကျောက်ထပ်တောင် သစ်တောမြေ၌ သနပ်ခါး၊ ယူကလစ်၊ မယ်ဇလီ၊ ရှား၊ မန်ကျည်း၊ ကုက္ကိုပင်များကို ရေစကြိုမြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စိုက်ပျိုးပေးခဲ့သည်။ ယခု ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခွင့်လက်မှတ်ထုတ်ပေးခြင်းမှာ အဆိုပါ သစ်တောမြေအနီးဝန်းကျင်ရှိ ကျေးရွာများသို့ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖေထွေးဇော်(ရေစကြို)**

# ရီးရဲမက်ဒရစ်တို့ နိုင်ပွဲဆက်ပြီး မန်ယူတို့ ခက်ခဲဦးမယ့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)

မိုးမြင့်လင်းလက်




ချန်ပီယံလိဂ် အုပ်စုဒုတိယ ပွဲစဉ်တွေကို စက်တင်ဘာ ၃၀ ရက်မှာ ဆက်လက်ကစားတဲ့အခါ အုပ်စု(A)က ရီးရဲမက်ဒရစ်၊ အုပ်စု (B) က မန်ယူ၊ အုပ်စု(C)က အက်သလက်တီကိုမက်ဒရစ်၊ အုပ်စု (D)က မန်စီးတီးတို့ရဲ့ စွမ်းဆောင်မှုတွေက ဘယ်လောက်အထိ ပရိသတ်တွေကို ပျော်ရွှင်မှုပေးနိုင်မလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ နိုင်ပွဲရလဒ်ကို အပြိုင်ပုံဖော်ကြမယ့် ဒီအသင်းတွေအနက် ဘယ်အသင်းတွေ မျှော်လင့်ချက်နဲ့ လွဲသွားမလဲဆိုတာက ပရိသတ်တွေ ရင်ခုန်စရာကောင်းနေပြန်ပါတယ်။

**မယ်လ်မိုနှင့် ရီးရဲမက်ဒရစ်**

အုပ်စု(A)မှာ ရီးရဲမက်ဒရစ်တို့ကတစ်ပွဲကစား သုံးမှတ်ရထားပါတယ်။ မယ်လ်မိုတို့က အုပ်စု ပထမပွဲစဉ်မှာ ပီအက်စ်ဂျီကို နှစ်ဂိုးပြတ်ရှုံးခဲ့လို့ အမှတ်မရသေးပါဘူး။ ရီးရဲမက်ဒရစ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲစလုံး နိုင်ပွဲတွေချည်း ရရှိထားသလို တိုက်စစ်မှူးတွေကလည်း ဂိုးပြတ်သွင်းယူနေပါတယ်။ မယ်လ်မိုတို့ကလည်း နိုင်ပွဲဆက်နေပေမယ့် ခံစစ်ပိုင်းအားနည်းချက်ရှိတာမို့ အဝေးကွင်းဆိုပေမယ့် ရီးရဲမက်ဒရစ်တို့ နိုင်ပွဲဆက်ပါလိမ့်မယ်။

**ရှက်တာဒိုးနက်နှင့် ပီအက်စ်ဂျီ**

အုပ်စု(A)မှာ ပီအက်စ်ဂျီတို့ကလည်း မယ်လ်မိုကို နိုင်ပြီး သုံးမှတ်ရရှိထားပါတယ်။ ရှက်တာဒိုးနက်တို့ကတော့ အမှတ်မရသေးဘဲ အခုပွဲ အိမ်ကွင်းမှာ ကစားရတာမို့ အမှတ်ရရှိအောင် ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ခံစစ်ပိုင်းအားနည်းမှုရှိတဲ့ ရှက်တာဒိုးနက်ဟာ ပီအက်စ်ဂျီ တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုကို ခက်ခက်ခဲခဲ ကာကွယ်ရဖို့ရှိနေပါတယ်။ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ပီအက်စ်ဂျီရဲ့ ခြေစွမ်းကို နှစ်သက်ပါတယ်။

**စီအက်စ်ကေအေနှင့် ပီအက်စ်ဗွီ**

အုပ်စု(B)မှာတော့ အဖွင့်ပွဲစဉ်မှာ မန်ယူကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတဲ့ ပီအက်စ်ဗွီတို့က သုံးမှတ်နဲ့ အုပ်စု ကို ဦးဆောင်နေပါတယ်။ စီအက်စ်ကေအေကတော့ ဝုဖ်ဘတ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး အမှတ်မရသေးပါဘူး။ အခု တစ်လော ခြေစွမ်းပြန်တက်လာတဲ့ စီအက်စ်ကေအေ အသင်းဟာ ပီအက်စ်ဗွီကို အိမ်ကွင်းမှာ အမှတ်ရအောင် အားထုတ်ပါလိမ့်မယ်။ ဒီပွဲဟာ အမှတ်ခွဲယူရကိန်း ဆိုက်နိုင်သလို အနိုင်ဆိုရင်တော့ ပီအက်စ်ဗွီတို့ပဲဖြစ်ပါတယ်။

**မန်ယူနှင့် ဝုဖ်ဘတ်**

အုပ်စု(B)မှာ မန်ယူတို့ ပထမပွဲ ရှုံးပွဲကြုံထားပါတယ်။ ဝုဖ်ဘတ်တို့ကတော့ အုပ်စုအဖွင့်ပွဲစဉ်မှာ စီအက်စ်ကေအေကို နိုင်ပွဲရထားပြီး သုံးမှတ်ရယူထားပါတယ်။ မန်ယူဟာ အခုပွဲ အိမ်ကွင်းဖြစ်တာမို့ ဝုဖ်ဘတ်ကို ဖိအားပေးကစားပြီး နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ နိုင်ပွဲတွေဆက်နေတဲ့ မန်ယူဟာ လူစုံပါဝင်ကစားနိုင်ရင် အမှတ်ပြည့်ရနိုင်ပေမယ့် အိမ်ကွင်းအဝေးကွင်း ခြေစွာတဲ့ ဝုဖ်ဘတ်ကို ပေါ့ပေါ့ဆဆကစားလို့မရပါဘူး။ အကြိုက်က အိမ်ရှင် တို့ဖြစ်ပြီး ကပ်ပြီး နိုင်သွားနိုင်ပါတယ်။

**အက်စ်တာနာနှင့် ဂါလာတာစာရေး**

အုပ်စ(C)မှာ နှစ်သင်းစလုံး အုပ်စုအဖွင့်ပွဲစဉ်မှာ ရှုံးပွဲကိုယ်စီ ကြုံတွေ့ထားပါတယ်။ အခုတစ်လောရလဒ်တွေ ဆိုးရွားနေတဲ့ အက်စ်တာနာတို့က တိုက်စစ်ပိုင်းအားနည်းနေသလို ဂါလာတာစာရေး တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းနေပါတယ်။ ဒီပွဲမှာ အပြိုင်ကြိုးစားကြမှာဖြစ်ပေမယ့် တစ်မှတ်စီ ခွဲယူရဖို့ များနေပြီး အနိုင်ဆိုရင် ဧည့်သည်ဘက်ကရာနှုန်းများပါတယ်။

**အက်သလက်တီကိုမက်ဒရစ်နှင့် ဘင်ဖီကာ**

အုပ်စု(C)မှာ နှစ်သင်းစလုံး အုပ်စုအဖွင့်ပွဲစဉ်မှာ နိုင်ပွဲတွေ ရရှိထားပါတယ်။ အက်သလက်တီကိုဟာ အခုတစ်လော နိုင်ပွဲတွေဆက်နေပြီး ခံစစ်ပိုင်းကလည်း အကောင်းဆုံး အနေအထားရှိနေပါတယ်။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကလည်း ကောင်းမွန်နေတာမို့ ဘင်ဖီကာတို့ အခုပွဲမှာ ခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင်တို့ပဲ အောင်ပွဲခံသွားမယ့် အခွင့်အရေးများပါတယ်။


**မွန်ချန်ဂလာဘတ်နှင့် မန်စီးတီး**

အုပ်စု(D)မှာ တစ်ပွဲကစားပြီးချိန်မှာ အမှတ်မရသေးတဲ့ မန်စီးတီးနဲ့ မွန်ချန်ဂလာဘတ်တို့အတွက် အခုပွဲမှာ အပြန်အလှန် တိုက်စစ်ဆင်မှုတွေနဲ့ အကြိတ်အနယ်နွှဲကြပါလိမ့်မယ်။ နိုင်ပွဲပြန်လာရတဲ့ မန်စီးတီး တိုက်စစ်မှူးတွေဟာ အခုပွဲမှာ မွန်ချန်ဂလာဘတ်ရဲ့ လျော့ရဲမှုရှိတဲ့ ခံစစ်ကြောင်းကို ကျော်ဖြတ်ပြီး ဂိုးတွေရအောင် သွင်းယူပါလိမ့်မယ်။ အခုပွဲမှာ အဝေးကွင်း ဆိုပေမယ့် မန်စီးတီးရဲ့ စွမ်းဆောင်မှုတွေက နိုင်ပွဲကို ဖော်ဆောင်ပါလိမ့်မယ်။

**ဂျူဗင်တပ်နှင့် ဆီဗီလာ**

အုပ်စု(D)မှာ နိုင်ပွဲကိုယ်စီရထားတဲ့ ခြေရည်တူနှစ်သင်းတွေ့ဆုံတာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ အခုတစ်လော ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေတဲ့ ဆီဗီလာရဲ့ ခြေစွမ်းက ယုံကြည်ဖို့ ခက်ခဲပြီး တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်လည်း ကျဆင်းနေပါတယ်။ ဂျူဗင်တပ်တို့က ပွဲတိုင်း ဂိုးသွင်းနေတဲ့ တိုက်စစ်မှူးတွေကြောင့် အခုပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရဖို့ ရှိနေပြီး အနိုင်ဆိုရင်လည်း အိမ်ရှင်တို့ပဲ ဖြစ်ပါလိမ့်မယ်။

## မန်ယူကို အဆင့်မြင့်တင်ပေးမယ့် မာရှယ်



မန်ယူတိုက်စစ်မှာ အဓိက ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးတွေကတော့ ရွန်းနေ၊ မမ်ဖစ်ဒီပိုင်းနဲ့ မာရှယ်တို့ပဲဖြစ်ပါတယ်။ နည်းပြ ဗန်ဟားလ်အနေနဲ့ ပြင်သစ်လူငယ်တိုက်စစ်မှူး မာရှယ်ကို ခေါ်ယူနိုင်ခဲ့တဲ့အတွက် ရွန်းနေနဲ့ ဒီပိုင်းတို့အပေါ် ဖိအားပေးမှုတွေ လျော့ကျသွားခဲ့ပါတယ်။ စနေနေ့က အိမ်ကွင်းမှာ ဆန်းဒါးလန်းကို သုံးဂိုးပြတ်နဲ့ အောင်ပွဲခံတဲ့ပွဲမှာ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် မာရှယ်ဟာ မန်ယူရဲ့ တိုက်စစ်ကို အများဆုံး ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ သူ့ရဲ့ကစားပုံကြောင့် ရွန်းနေနဲ့ ဒီပိုင်းတို့ကို ဖိအားပေးခံရမှုမှ လျော့ပါး သက်သာစေခဲ့ပါတယ်။ ဒီပွဲမှာတော့ ၁၂ပွဲကြာ ဂိုးမိုးခေါင်နေတာကိုလည်း တိုက်စစ်မှူး ရွန်းနေဟာ အဆုံးသတ်နိုင်ခဲ့ပါတယ်။ အန်ထော်နီမာရှယ်ဟာ ပက်ထရစ်ကလူးဗပ်နဲ့ တူတယ်လို့ နည်းပြဗန်ဟားလ်က ချီးကျူးပြောဆိုခဲ့ပါတယ်။ နယ်သာလန် ကစားသမား ကလူးဗပ်ဟာ တစ်ချိန်က နာမည်ကြီး တိုက်စစ်မှူးဖြစ်ခဲ့ပါတယ်။ ပြင်သစ်လူငယ်တိုက်စစ်မှူး မာရှယ်ဟာ မန်ယူတိုက်စစ်မှာ အဓိက ခြေစွမ်းပြကစားလာတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ မန်ယူဟာ မာရှယ်ကို ခေါ်ယူနိုင်ခဲ့တဲ့အတွက် မူလခြေစွမ်းထက် ကောင်းလာပြီး မန်ယူရဲ့ အဆင့်အတန်းကို မြှင့်တင်ပေးမယ့် ကစားသမားလို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။

## ဟယ်ရီကိန်းဂိုးမသွင်းနိုင်တာ စပါးရဲ့ အမှားလို့ဆို

တော့တင်ဟမ်ဟော့စပါးအသင်းရဲ့ အဓိက တိုက်စစ်မှူး ဟယ်ရီကိန်း ရာသီအစမှာ ဂိုးမသွင်းနိုင်တဲ့ အဓိက အကြောင်းရင်းမှာ စပါးအသင်းရဲ့ မှားယွင်းမှုသာဖြစ်ကြောင်း၊ အင်္ဂလန်အသင်းရဲ့ အမှားမဟုတ်ကြောင်း အက်ဖ်အေ အကြီးအကဲ မာတင်ဂလင်းက ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် စပါးနည်းပြ ဟိုချက်တီနိုက ရာသီအစမှာ ဂိုးမသွင်းနိုင်တဲ့ ဟယ်ရီကိန်းကို အပြစ်ပြောဆိုခဲ့ပါတယ်။ စပါးအသင်းဟာ ယူရို ၂၀၁၅ ပြိုင်ပွဲအပြီး အာရှစီးပွားရေး ခရီးစဉ်အဖြစ် သွားရောက်ကစားခဲ့တဲ့အတွက် အဓိက တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပွဲပန်းပြီး ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီကိစ္စက စပါးရဲ့ အမှားပါ။ အင်္ဂလန်အသင်းရဲ့ အမှား မဟုတ်ပါဘူးလို့ အက်ဖ်အေ အကြီးအကဲ မာတင်ဂလင်းက ဆိုပါတယ်။ ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၆ အထိ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။




သို့ပေမယ့် စပါးက ထိပ်ဆုံးရောက် မန်စီးတီးကို အနိုင်ရတဲ့ပွဲမှာတော့ ဟယ်ရီကိန်းဟာ ဂိုးစတင်သွင်းယူပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဟယ်ရီကိန်းဟာ ကိုယ်တိုင်ကြုံသလို ဂိုးသွင်းနိုင်သူဖြစ်သလို အခြားတိုက်စစ်မှူးတွေကိုလည်း အကောင်းဆုံး ဘောလုံးဖြန့်ဝေပေးနိုင်သူ တစ်ဦးဖြစ်ပါတယ်။

## ဝေဖန်မှုတွေကို ဟက်ထရစ်ဂိုးနဲ့ အဆုံးသတ်ခဲ့တဲ့ ဆန်ချက်ဇ်

ချီလီအသင်းကို ကိုပါအမေရိကဖလား ရယူပေးပြီးတဲ့နောက် တိုက်စစ်မှူး ဆန်ချက်ဇ်ဟာ အာဆင်နယ်အသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခြင်းမရှိဘဲ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ရှစ်ပွဲမှာ ဆန်ချက်ဇ် ပွဲထွက်ကစားခဲ့ပေမယ့် ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းလုံးဝမရှိခဲ့ပါဘူး။ ဒီအတွက် ဆန်ချက်ဇ်ဟာ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ သို့ပေမယ့် ယခုသီတင်းပတ် အဝေးပွဲအဖြစ် အာဆင်နယ်က လီဆက်စတာအသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာတော့ ဆန်ချက်ဇ်က ဟက်ထရစ် ဂိုးသွင်းယူပြီး ဝေဖန်မှုတွေကို အဆုံးသတ်ပေးနိုင်ခဲ့ပါတယ်။ ဒီနှစ်ရာသီမှာ ရှုံးပွဲမရှိ အောင်ပွဲခံနေတဲ့ လီဆက်စတာအသင်းရဲ့ အောင်ပွဲခံမှုကို ဆန်ချက်ဇ်ရဲ့ ဟက်ထရစ်ဂိုးနဲ့အတူ အဆုံးသတ်ပေးနိုင်ခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ ရာသီအကြိုကွန်မြူနတီဒိုင်းလုပွဲမှာ ချယ်လ်ဆီးကို နိုင်ပြီး ဖလားဆွတ်ခူးခဲ့ပေမယ့် ပရီမီယာလိဂ် ရာသီအစမှာတော့ ထင်တဲ့အတိုင်းဖြစ်မလာခဲ့ပါဘူး။ အဓိကကတော့ နာမည်ကြီး တိုက်စစ်မှူးတွေရဲ့ အဆုံးသတ် သေချာမှု နည်းခဲ့တဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။ နည်းပြ ဝင်းဂါးရဲ့ အာဆင်နယ်အသင်းဟာ တောင့်တင်းတဲ့ အသင်းဖြစ်ပေမယ့် ခြေမှန်မရသေးတဲ့ အသင်းအဖြစ် ရှိနေတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်

# လူမှုဖူလုံရေးအဖွဲ့မှ အကျိုးခံစားခွင့်တစ်လုံးတစ်ခဲတည်း ထုတ်ပေး

**ရေနံချောင်း စက်တင်ဘာ ၂၈**

၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုကို ငွေလုံးငွေရင်း အကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်း ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ လတတိယပတ်က ရေနံချောင်းမြို့ မြို့နယ် ထွေအုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) ဘဏ္ဍာရေးဌာနမှ ညွှန်ကြားရေးမှူးဒေါ်ယဉ်ယဉ်လှိုင်က အမှာစကားပြောကြားရာတွင် ရေနံချောင်းမြို့ အကြည်တော်ဆီစက်မှ ဦးစိန်လှိုင်သည် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်အကျုံးဝင်သူဖြစ်ပြီး လုပ်ငန်းခွင်သို့အသွား ထိခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးက ဦးစိန်လှိုင်၏ ကျန်ရစ်သူမိသားစုကို ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၉၅၄၉၀၀ ကို ပေးအပ်ရာသားဖြစ်သူဦးကျော်ဦးက လက်ခံယူခဲ့ပြီး ဆီစက်ပိုင်ရှင် ဦးဝင်းကြည်က ယခုလို ထောက်ပံ့ပေးခြင်းသည် ဘဝအစိတ်အပိုင်း တစ်ခုအတွက် များစွာအထောက်အပံ့ဖြစ်စေသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

**မွန်မွန်**

# ပိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် အလယ်တန်းကျောင်း၌ သွားဆရာဝန်ကြီးများ အခမဲ့ဆေးကုသပေး

**နတ်မောက် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ အောင်ဆန်းအထိမ်းအမှတ်အလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများကို ဆရာဝန်ကြီးများက စက်တင်ဘာ ၂၆ ရက်တွင် အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ သီတဂူစက္ခုဒါနစေတနာရှင် မျက်စိနှင့်သွားဆရာဝန်ကြီးများက လာရောက်ကုသပေးခဲ့ခြင်းဖြစ်ပြီး သွားပိုးစားကျောင်းသားကျောင်းသူ ၅၀ ခန့်ကို အခမဲ့သွားနုတ်ကုသပေးခဲ့ကာ ကျောင်းသားကျောင်းသူ ကလေးငယ်များအား သွားတိုက်နည်းနှင့် အစာစားပြီးတိုင်း သွားများကိုပြောင်စင်အောင် တိုက်ကြရန်လည်း သွားဆရာဝန်ကြီးများက မှာကြားခဲ့သည်။ ကျောင်းသားကျောင်းသူ ၃၈၅ ဦးကိုလည်း သွားတိုက်ဆေးဘူး၊ သွားတိုက်တံနှင့်မုန့်များကို တစ်ဦးချင်းစီပေးအပ်ခဲ့ကြောင်းသိရသည်။ **လှဝင်း (ပြန်/ဆက်)**



# ကျေးရွာနေပြည်သူများအား မြေငှားဂရန်များထုတ်ပေး

**တောင်သာ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် တမန်ကြီးကျေးရွာနေ ပြည်သူများအတွက် မြေငှားဂရန်များကို စက်တင်ဘာ ၂၆ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များပေးအပ်ပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ကျေးရွာနေပြည်သူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထား



ကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား မြေငှားဂရန်ရရှိခြင်းအားဖြင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများရရှိခြင်း၊ ပိုင်ဆိုင်မှုခိုင်မာသောကြောင့် မြေနှင့်နေအိမ်တန်ဖိုးများ မြင့်တက်လာခြင်း၊ မြေယာပိုင်ဆိုင် မှုအထောက်အထားနှင့်အတူ စိတ်ကြိုက်ပေါင်နှံရောင်းချ စီမံခွင့်ရရှိခြင်းအတွက် မြေငှားဂရန်စာချုပ်ဖြင့် ချေးငွေထုတ်ချေးနိုင်ပြီး မိမိတို့၏ အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် အရင်းအနှီးများရရှိကာ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးများရှိမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်က မြေငှား ဂရန်ရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုများအကြောင်းကို ရှင်းလင်းပြောကြား ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေငှားဂရန်ရရှိသည့် ဒေသခံပြည်သူ ၃၄ ဦးအား မြေငှားဂရန်များကို တစ်ဦးချင်း လက်ရောက် ပေးအပ်ခဲ့သည်။

တမန်ကြီးကျေးရွာ၌ မြေငှားဂရန်ထုတ်ပေးခြင်းသည် မန္တလေးတိုင်းဒေသကြီးတွင် ပထမဆုံးဖြစ်ကြောင်း၊ မြင်းခြံခရိုင် အတွင်းရှိ နွားထိုးကြီး၊ ငါန်းဇွန်၊ မြင်းခြံမြို့နယ်များမှ ကျေးရွာများကိုလည်း ဆက်လက်၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြင်းခြံခရိုင်အတွင်း မြေငှားဂရန်များ ထုတ်ပေးရာတွင် မြင်းခြံမြို့နယ်တွင် ၂၅၀၊ တောင်သာမြို့နယ်တွင် ၁၄၃၊ နွားထိုးကြီးမြို့နယ်တွင် ၁၃၅ နှင့် ငါန်းဇွန်မြို့နယ်တွင် ၁၁၅ ဖြစ်ပြီး စုစုပေါင်း မြေငှားဂရန် ၆၃၃ ခု ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျောင်းပေါင်းစုံ ကိုယ်ကာယ ကြံ့ခိုင်မှုစွမ်းရည်ပြိုင်ပွဲ ပထမအကြိမ်ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ်အတွင်း အားကစားနှင့်ပညာရေး ပေါင်းစပ်အစီအစဉ်အဖြစ် ကျောင်းပေါင်းစုံကိုယ်ကာယကြံ့ခိုင်မှုနှင့် ကြံ့ခိုင်စွမ်းရည် ပထမအကြိမ် ပြိုင်ပွဲကို ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကျောင်းပေါင်းစုံကိုယ်ကာယကြံ့ခိုင်စွမ်းရည် ပြိုင်ပွဲတွင် အမျိုးသား မီတာ(၁၀၀)၊ မီတာ(၈၀၀)၊ အမျိုးသမီးမီတာ(၁၀၀)၊ မီတာ(၄၀၀)အပြေးပြိုင်ပွဲများ၊ ရပ်လျက်အလျားခုန်၊ အိပ်ထမတ်တင်၊ လက်ထောက်တွန်းတင် အားကစားနည်းများကို အသက်အလိုက် အုပ်စုသုံးခုခွဲ၍ ကျင်းပခဲ့ပြီး ဘားအံမြို့ အခြေခံပညာကျောင်း ၁၁ ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၇၀ က ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ကာ အားကစားယှဉ်ပြိုင်မှုများကို ခေတ္တဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲကို အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ အားကစားအဆင့်အတန်းမြင့်မားစေရေး၊ ကိုယ်ကာယကြံ့ခိုင်မှုရှိစေရေး၊ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးစေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးဆောင်ရွက်

**မကွေး စက်တင်ဘာ ၂၈**

မကွေးမြို့ပေါ်၌ ဖြန့်ဝေပေးနေသော ဓာတ်အားလိုင်းများတွင် ဓာတ်အားယူနစ်ပျောက်ဆုံးမှုလျော့နည်းရေးနှင့် လျှပ်စစ်ဌာနအနေဖြင့် ဝင်ငွေတိုးတက် ရရှိနိုင်ရေးအတွက် ဓာတ်အားဖြန့်ဖြူးပေးနေသော ဓာတ်အားလိုင်းများတွင် ကြွေသီးများတပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၆ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

မကွေးမြို့ပေါ်သို့ ဓာတ်အားဖြန့်ဖြူးပေးနေသော ၁၁ ကေဗွီ မကွေးဖီဒါ၊ ဆည်မြောင်းဖီဒါ၊ တင့်ကားဖီဒါနှင့် ဆေးတက္ကသိုလ်ဖီဒါ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြွေသီးကွဲများကို အသစ်လဲလှယ်ခြင်းများကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းထိုက်မွေးနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုဆောင်ရွက်မှုကြောင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေခြင်း၊ သစ်ကိုင်းသစ်ပင်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အားများ မြေကြီးအတွင်းဝင်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော လျှပ်စစ်ယူနစ်ပျောက်ဆုံးမှုကို လျော့နည်းကျဆင်းစေခြင်း၊ ဓာတ်အား ပြတ်တောက်မှုအကြိမ်ရေ လျော့နည်းကျဆင်းသွားပြီး ဓာတ်အားအစဉ်အဆက်မပြတ် ရရှိစေခြင်း လျှပ်စစ်ဓာတ်အားမှ တိုင်းပြည်ဝင်ငွေတိုးတက်ရရှိစေခြင်းစသည့် အကျိုးများရှိကြောင်း သိရသည်။

မကွေးမြို့ပေါ်တွင် ထရန်စဖော်မာများအနေဖြင့် လျှပ်စစ်ဌာနပိုင် ၃၇ လုံး၊ အခြားဌာနပိုင် ၈၃ လုံး၊ သာသနာပိုင် ငါးလုံး၊ ပုဂ္ဂလိကပိုင် ၄၉ လုံး၊ မြို့နယ်ကျေးရွာပိုင် ၁၁ လုံး၊ စုစုပေါင်း ၁၇၅ လုံးရှိပြီး မကွေးမြို့ပေါ်တွင် ဓာတ်အားသုံးစွဲမှုမှာ နံနက်ပိုင်း ၉ NW နှင့်ညပိုင်း တွင် ၁၀ ဒသမ ၇၇ NW နှုန်းရှိကြောင်း၊ မကွေးမြို့နယ်တွင် ဓာတ်အားလိုင်းများ တိုးချဲ့သွားရန်လည်း အစီစဉ်များရှိကြောင်း မကွေးခရိုင် လျှပ်စစ်အင်ဂျင်နီယာ၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျ**

# စိုက်ပျိုးရေးသိပ္ပံကျောင်း မြစ်ကြီးနားမြို့၌ ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၂၈**

နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် စိုက်ပျိုးရေးသိပ္ပံကျောင်းဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတူးမိုင်တို့က ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်းက စိုက်ပျိုးရေးသိပ္ပံကျောင်းဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက်ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးသိပ္ပံကျောင်း ဖွင့်လှစ်ရခြင်းနှင့် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားပြီးဖြစ်သည့် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခု၊ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၁ ကျောင်းတို့၏ အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသို့ အထောက်အကူပစ္စည်းများ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ကျောင်းဖွင့်ပွဲသို့ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**မိုးဃက်ကျ(မြစ်ကြီးနား)**

## သတင်းတို

### ရေဘောကယ်ဆယ်ရေးစခန်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပေး

ဖလမ်းမြို့နယ်အတွင်း သီးလီကျေးရွာသစ် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများ စာပေဖတ်ရှုနိုင်ရန်အတွက် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် စာအုပ်စာဆောင်များ လှူဒါန်းခြင်းတို့ကို ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စက်တင်ဘာ ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တမုတ်ရှင်ပင် ရွှေဂူကြီး

မောင်သာ
(ရှေးဟောင်းသုတေသန)



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ တမုတ်ရှင်ပင် ရွှေဂူကြီး စေတီတော်တည်ရှိသည့် ပရိဝုဏ်အား ယဉ်ကျေးမှုဝန်ကြီးဌာနက ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ ရှေးဟောင်းအထိမ်းအမှတ် တည်ရှိရာဇုန် (Ancient Monumental Zone) အဖြစ် သတ်မှတ်နိုင်ရန် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပေသည်။

ခေတ်သုံးခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်များကို ဆင်းတုတော်ကြီး တစ်ဆူအတွင်း ထူးခြားစွာ ကြည်ညိုနိုင်သည့် သုံးထပ်ဘုရားဟုထင်ရှားသော စေတီတော်ကြီးသည် ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအနီး တမုတ်မြို့ဟောင်း၏အတွင်းဘက် အရှေ့တောင်ထောင့်တွင် တည်ရှိသည်။ တမုတ်ရှင်ပင် တမုတ်စေတီတော်သည် ကျောက်ဆည်မြို့မှအနောက်သို့ ခြောက်မိုင်အကွာ ကျောက်ဆည်-တံတားဦး ကားလမ်းတောင်ဘက်၊ ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ညောင်ပင်စောက် ကျေးရွာတွင်ရှိသည်။ တည်နေရာအညွှန်းမှာ ညောင်ပင်စောက်နှင့် ငယ်တိုး ကျေးရွာအကြား မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၆၃မိနစ်နှင့် အရှေ့ လောင်ဂျီ တွဒ် ၆၉ ဒီဂရီ ၁၅ မိနစ်ဖြစ်သည်။

တမုတ်မြို့ဟောင်းသည် စမုံ၊ စမာ၊ ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီမြစ်များ ဖြတ်သန်းစီးဆင်းရာ ကျောက်ဆည်လွင်ပြင်တွင် အနော်ရထာမင်းကြီးတည်ခဲ့သည့် လယ်တွင်း ၁၁ ခရိုင်၊ ခံတပ်မြို့များတွင် တစ်မြို့အပါအဝင်ဖြစ်သည်။ အနော်ရထာမင်းကြီးသည် ခံမြို့များအဖြစ် မြစ်သားမြို့နယ်တွင် ပင်လယ်၊ ပြည်မနား၊ မြစ်သာတို့ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်တွင် ရမုန်း၊ မြင်းခုံတိုင်၊ ပနန်၊ တမုတ်နှင့် သင်တောင်းတို့ကိုလည်းကောင်း၊ စဥ့်ကိုင် မြို့နယ်တွင် မက္ခရာ၊ တပြက်သာနှင့် ခံလူးတို့ကိုလည်းကောင်း တည်ထောင် ခဲ့သည်။

တမုတ်မြို့ဟောင်းသည် ပန်းလောင်မြစ်၏ အရှေ့ဘက်ခြမ်း၊ ကြောင်ပန်း ကုန်းကျေးရွာအနီးတွင် တည်ရှိပြီး ၂၅ ဧက ကျယ်ဝန်းသည်။ အုတ်မြို့ရိုးသည် မြင်းခွာပုံသဏ္ဌာန်ရှိသည်။ အနော်ရထာမင်းကြီးသည် ပန်းလောင်မြစ်ရိုး တစ်လျှောက်တွင် ခံတပ်မြို့ကိုးမြို့ကို တည်ခဲ့ပြီးနောက် ယင်းခံတပ်မြို့များ အနက် စော်ရဲရွာအနီးတွင် ခံလူးရွှေဂူကြီး၊ ပနန်ရွာအနီးတွင် ပနန်ရွှေဂူကြီး၊ မကျီးတောရွာအနီးတွင် မြင်းခုံတိုင်ရွှေဂူကြီး၊ မရှက်ရွာအနီးတွင် ရွာငုန်း ရွှေဂူကြီးစသည်ဖြင့် ဂူဘုရားကိုးဆူ တည်ခဲ့သည်။ ယင်းရွှေဂူစေတီကိုးဆူတွင် တမုတ်ရွှေဂူကြီး စေတီတော်သည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။ ရွှေဂူ ကြီး စေတီတော်အား တမုတ်မြို့ဟောင်းကိုအစွဲပြု၍ တမုတ်ရွှေဂူကြီးဟု ခေါ်တွင်ခဲ့ကြသည်။

အနော်ရထာမင်းကြီးသည် တမုတ်တွင် တစ်ထပ်လိုဏ်ဂူပုံ အမိုးလျော ရွှေဂူကြီးစေတီကို ပုဂံခေတ်ဦးပိုင်းက တည်ခဲ့သည်။ တမုတ်ရွှေဂူကြီးနှင့်အတူ အနောက်ဘက်တွင် တည်ဆောက်ခဲ့သည့် သိမ်တော်ကြီး၏ သိမ်ဟောင်း ရာကို တွေ့ရှိရသည်။

နရပတိစည်သူမင်းလက်ထက်တွင် ပျက်စီးယိုယွင်းနေသော မူလစေတီ တော် အထွတ်တွင် တစ်ထပ်ဂူဘုရားငယ်ကို ကွမ်းတောင်ပေါက် နှစ်ထပ်ဂူ ဘုရားအဖြစ်လည်းကောင်း၊ ပင်းယခေတ် ဥစ္စနာမင်းလက်ထက် သက္ကရာဇ် ၆၈၄ ခုနှစ်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကိုငုံ၍ စေတီတော် အသစ်အဖြစ်လည်းကောင်း တိုးချဲ့တည်ထားခဲ့သည်။ သိမ်အတွင်းရှိ ကျောက်စာအရ ပင်းယဘုရင် ဆင်ဖြူရှင် ကျော်စွာမင်းသည် သက္ကရာဇ် ၇၁၈ ခုနှစ်တွင် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသို့ လာရောက်ဖူးမြော်ပြီး ဘုရားဝတ္တက မြေများ၊ အမှုလုပ်ကျွန်များ လှူဒါန်းခဲ့ကြောင်း သိရှိရပေသည်။

အနော်ရထာမင်းကြီးတည်ခဲ့သည့် ဂုတ္တဟန် ၁၁ ရာစုလက်ရာ ဆင်းတု တော်အား ၁၂ ရာစု နှောင်းပိုင်းတွင် အလောင်းစည်သူက မူလတစ်ထပ်ဂူ ဘုရားကို ကွမ်းတောင်ပေါက်နှစ်ထပ်ဂူဘုရားအဖြစ် ပြုပြင်ခဲ့ပြီး ပင်းယ ခေတ် မြန်မာသက္ကရာဇ် ၆၈၄ ခုနှစ်တွင် ပင်းယဥစ္စနာမင်းသည် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကို ငုံ၍ စေတီတော်အသစ်တည်ခဲ့ကြောင်း- ရှင်ပင်ရွှေဂူကြီး မြတ်စွာဘုရား- စာအုပ်တွင်ရေးသားထားသည်။

ယင်းစေတီတော်ကြီးသည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ပြုပြင်ထိန်းသိမ်းမှု မရှိခဲ့သဖြင့် ပြိုကျပျက်စီးကာ အုတ်ပုံကြီးတစ်ခုအသွင် ဖြစ်နေခဲ့ပြီး စေတီတော်နှင့် ဘုရားကုန်းမြေတစ်ခုလုံးသည် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဖုံးနေခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် ကြောင်ပန်းကုန်းရွာနေ ဦးစံထွားသည် ပြိုကျနေသည့် စေတီကြီးထိပ်ပိုင်းကို မြေညှိပြီး ဥာဏ်တော် ပေ ၂၀ ခန့်ရှိ စေတီငယ်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် အမရပူရ မဟာဂန္ဓာရုံစာသင်တိုက်မှ ငယ်တိုးရွာဇာတိ အရှင်စန္ဒောဘာသသည် ကြောင်ပန်းကုန်းရွာသို့ ကြွရောက်သီတင်းသုံး နေထိုင်ခဲ့သည်။ ထိုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ဆရာတော်အရှင် စန္ဒော ဘာသဦးဆောင်လျက် ဒေသခံရွာသူရွာသားများသည် အုတ်ကုန်းကြီး အောက်ခြေပိုင်းကို ရှင်းလင်းကြရာ ဂူမုခ်ချိုင့်ရာ ဦးစွာပေါ်လာပြီး အင်္ဂတေ ပန်းလက်ရာများနှင့် လိုဏ်ဂူအတွင်း ဆေးရေးပန်းချီအစအနများ တွေ့ရှိ ကြရသဖြင့် မန္တလေးရှေးဟောင်းသုတေသနဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်တို့ကို ဖိတ်ခေါ်ပြသခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာန၏ စေတီတော်ကြီးပြုပြင်ရေး ခွင့်ပြုချက် ဖြင့် ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်နေ့ (၂၀၀၈ ခုနှစ်၊ မေလ ၁၉ ရက်)မှ စတင်၍ နေ့စဉ် လုပ်အားပေးလူအင်အား ၂၀၀ ကျော်ဖြင့် တူးဖော်ခဲ့သည်။



၁၉၉၄ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် ဘုရားကုန်းတော်ကြီးကို ချုံများနှင့် အုတ်ကျိုးများ ရှင်းလင်းခဲ့ရာ မူလစေတီတော်ကြီး၏ မြောက်ဘက်မုခ်ဝင် ပေါက်ကိုလည်းကောင်း၊ စေတီတော်ပန္နက်ပုံ၊ ပစ္စယာ၊ လှေကားခုံများကို လည်းကောင်း၊ အင်္ဂတေပန်းတော့ အနုစိတ်လက်ရာများဖြင့် တန်ဆာဆင် ထားသော မြောက်ဘက်မျက်နှာလှည့် နှစ်ထပ် အတွင်းစေတီတော်ကြီး ကိုလည်းကောင်း တွေ့ရှိခဲ့ရပေသည်။

တမုတ်ရွှေဂူကြီးဘုရားအား တူးဖော်ခဲ့စဉ်က ဂူဘုရားကြီး၏ အနောက် တောင်ထောင့်ဘက်ရှိ အလျား ၃၆ ပေ၊ အနံ ၁၂ ပေ အုတ်ရိုးအတွင်း ကျောချင်းကပ်နေသည့် ဆင်းတုတော်နှစ်ဆူကို တွေ့ရှိခဲ့ရသည်။ အောက်ခံ ကြမ်းခင်းသည် လက်ရှိမြေပြင်ထက် ငါးပေခန့်နိမ့်နေကာ ဆင်းတုတော် များသည် သုံးဆင့်သုံးထပ် တည်ရှိနေပေသည်။

မူလတမုတ်ရွှေဂူကြီးသည် ကွမ်းတောင်ထိပ်ပိုင်း အထွတ်စေတီ၊ စေတီရံ ထိပ်ဖူးများ၊ ရှေ့ဘက်တိုက်မှ အဝင်မုခ်တံကဲ ထိပ်ပိုင်းပျက်စီးမှုအချို့မှလွဲ၍ ၉၅ ရာနှုန်းခန့် အကောင်းပကတိ ရှိနေသည်။ တူးဖော်တွေ့ရှိချက်များအရ တမုတ်ဂူတော်ကြီးကိုငုံ၍ စည်းခုံစေတီအဖြစ်မတည်မီ အထက်အောက် ဂူလိုဏ်မုခ်အတွင်း အုတ်များဖြင့် အခိုင်အမာအုတ်ရိုးစီကာ မူလမုခ်လိုဏ်များ ပြိုကျပျက်စီးမည့်ဘေးမှ ကင်းဝေးစေရန် ကာကွယ်ထားခဲ့ကြောင်း တွေ့ရ သည်။

ထိုအုတ်ရိုးများကို စနစ်တကျတူးဖော်ခဲ့ရာမှ မှုရင်းလိုဏ်ပေါ်လာကာ ဂူအတွင်းရှိ ရုပ်ပွားဆင်းတုတော်ကြီးငယ်များ ပေါ်ထွက်လာခဲ့သည်။ အနောက်တောင်ထောင့် ပတ်လမ်းနေရာတွင် ပိတ်ဆို့ထားသော အုတ်ရိုး ကိုမူ နမူနာအဖြစ်ထားကာ မတူးဖော်ဘဲ ချန်လှပ်ထားသည်။ ဂူတော်ကြီး အပြင် အနောက်တောင်ထောင့်မှ ငုံ၍တည်ထားသည့် စည်းခုံအုတ်ရိုး အဟောင်းကိုလည်း မူလအနေအထားအတိုင်း ထိန်းသိမ်းထားသည်။

တမုတ်ရွှေဂူကြီးအား ပုဂံခေတ်မှပင်းယခေတ်အထိ မင်းအဆက်ဆက်က ပြုပြင်မွမ်းမံ လွှမ်းငုံတည်ဆောက်ခဲ့ကြသည်။ အေဒီ ၁၂ ရာစုနှောင်းပိုင်းတွင် အနော်ရထာမင်းကောင်းမှုတော် တစ်ထပ်ဂူလိုဏ်ပေါ်၌ ဂူတစ်ဆင့်တက်၍ နှစ်ထပ်ဂူအဖြစ် တည်ထားခဲ့ပြီး ဂူဘုရားနှစ်ဆင့်လုံးအား အင်္ဂတေလက်ရာ အမွမ်းအပြောက်များခြယ်ကာ ဂူပြောက်ဘုရားအဖြစ် အသွင်ပြောင်းခဲ့သည်။ ထိုကောင်းမှုရှင်မှာ နရပတိစည်သူမင်းဖြစ်သည်ဟု သုတေသီတို့က ယူဆ ကြသည်။

နှစ်ပေါင်း ၁၃၀ ကျော်ခန့်အကြာ သက္ကရာဇ် ၆၈၄ ခုတွင် ပင်းယဥစ္စနာမင်း သည် တမုတ်ဂူတော်ကြီးနှင့် သိမ်တော်တို့အား ထပ်မံလွှမ်းငုံကာ ရွှေစည်းခုံ စေတီတော်ကြီးအဖြစ် တည်ထားခဲ့သည်။ သက္ကရာဇ် ၇၁၈ ခုနှစ်ထိုး ပင်းယဆင်ဖြူရှင်သခင် ကျော်စွာမင်းကျောက်စာတစ်ချပ်ကိုလည်း စိုက်ထူ ထားသည်။ ကျောက်စာပါမှတ်တမ်းအရ ကျော်စွာမင်းသည် ၇၁၃ - ၇၂၃ တွင် တမုတ်ရွှေဂူမြို့သို့ မိဖုရားနှင့်အတူ ပြည်ကြီးကျက်သရေ လှေတော် ကိုစီး၍ ဘုရားဖူးကြွရောက်လာကာ ဘုရားဝတ်တော်မြေ ၁၉ ပယ်၊ အမှု လုပ်ဘုရားကျွန် လေးယောက်တို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

တမုတ်ရွှေဂူကြီးတွင် ထူးခြားသော အပေါ်လွင်ဆုံး လက်ရာများမှာ အင်္ဂတေပန်းတော့လက်ရာများ ဖြစ်သည်။ ဂူအောက်ခြေ ပတ်ပတ်လည်မှ အထက်ကွမ်းတောင်အထိ နေရာအပြည့် ပန်းတော့လက်ရာများ တွေ့ရှိရ သည်။ တမုတ်ဂူကြီးနှင့် သိမ်ဟောင်းရာကို တူးဖော်ရာမှ ရရှိခဲ့သော ဓာတ်တော်မွေတော်များ၊ အုတ်ခွက်ရုပ်ပွားတော်များနှင့် ခရုဆံတော်၊ မြေမီးဖုတ်ဆံတော်များ၏ မှတ်တမ်းဓာတ်ပုံများကို ရွှေဂူကြီးဘုရားပြတိုက်တွင် ပြသထားသည်။

တမုတ်ရွှေဂူကြီးတွင် ရုပ်ပွားဆင်းတုတော်များကိုလည်း ခေတ်သုံးခေတ်၊ သုံးဆင့်ငုံ၍ ထုလုပ်ထားသည်။ ပုဂံ၌ပင် ထိုသို့ ဆင်းတုသုံးဆင့်ထပ်ငုံ၍ ထုလုပ်ထားပုံမျိုး မတွေ့ရသေးပါ။ နှစ်ထပ်ဆင်းတု ထုလုပ်ထားပုံကို ပုဂံ၌ မီးမလောင်ကျောင်း အနောက်ဘက်ကပ်လျက်ရှိ ဂူဘုရားငယ်အတွင်းမှ နှစ်ထပ်ဆင်းတုနှင့် မြင်းကပါ ဂူပြောက်ငယ်ဘုရားအနောက်ဘက် ဂူဘုရား အတွင်းမှ နှစ်ထပ်ဆင်းတုတစ်ဆူဟူ၍ နှစ်ဆူသာ ရှိပါသည်။

အောက်ဆုံးမှ ဆင်းတုတော်မှာ ရှေးအကျဆုံး အနော်ရထာခေတ် လက်ရာဖြစ်နိုင်ပြီး အလယ်ရှိဆင်းတုသည် စောလူးခေတ်လက်ရာ ဖြစ်ဖွယ် ရှိကာ အပေါ်ဆုံးဆင်းတုမှာ ကျန်စစ်သားခေတ်လက်ရာဖြစ်ကြောင်း ပညာ ရှင်များက ယူဆထားကြသည်။ ထိုသုံးထပ် ဆင်းတုတော်များကို တမုတ်ဂူ အနောက်တောင်ဘက် ပင်းယခေတ် စည်းခုံအုတ်ပုံအပျက်အားတူးဖော်ရာ မြေအောက်ကိုးပေခန့် ဂန္ဓကုဋီတိုက်ခန်းငယ်နှစ်ခုအတွင်းမှ တွေ့ရှိခဲ့ရပြီး ဂူဘုရားကိုငုံ၍တည်သောလက်ရာမှာ တမုတ်ရွှေ ဂူကြီးတစ်ဆူသာ တွေ့ရ ပါသည်။

တူးဖော်ပြီးချိန်၌ အပေါ်မှလွှမ်းငုံတည်ခဲ့သော စေတီတော်ကြီးမှာ ဖိနပ် တော်အတောင် ၆၀၊ ဥာဏ်တော်အမြင့် အတောင် ၅၀ ရှိကြောင်း တွေ့ရှိ ရသည်။ တမုတ်ရွှေဂူကြီး နှစ်ထပ်ဂူဘုရားမှာ အလျား ၅၉ ပေ၊ အနံ ၃၆ ပေခန့်၊ အမြင့် ဥာဏ်တော် ၄၅ ပေ ကျော်ခန့်ရှိကြောင်း သိရသည်။

တမုတ်ရှင်ပင် ရွှေဂူကြီးစေတီတော်ကြီးသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ရှေး ဟောင်းအထိမ်းအမှတ်အဆောက်အအုံဆိုသည့် စကားရပ်တွင် အကျုံး ဝင်သဖြင့် အဆိုပါစေတီတော်ကြီး တည်ရှိရာပရဝုဏ်ကို ယဉ်ကျေးမှုအမွေ အနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ယဉ်ကျေးမှုအမွေအနှစ် ဒေသ၊ ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် (Ancient Monumental Zone)အဖြစ် သတ်မှတ်၍ ထိန်းသိမ်း စောင့်ရှောက် နိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနကလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိနေရာ ထူးခြားသော သုံးထပ်ဘုရားကြီးသည် လာရောက် ဖူးမြော်ကြသူများ တစ်စထက်တစ်စ များပြားလျက်ရှိနေပေသည်။ တမုတ် ရှင်ပင် ရွှေဂူကြီးစေတီတော်ကြီးသည် ပုဂံခေတ်၊ ပင်းယခေတ် ဗိသုကာ လက်ရာများ၊ ရှေးမူလက်ရာမပျက် ယခုတိုင်ရှိနေခြင်းကြောင့် သမိုင်းတန်ဖိုး အရလည်းကောင်း၊ ယဉ်ကျေးမှုဗိသုကာ အနုလက်ရာများအရလည်းကောင်း၊ နိုင်ငံတော်အတွက် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းစေတီတော်ကြီးတစ်ဆူအဖြစ် ထင်ရှားလှပေသည်။

**ကျမ်းကိုး-တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်**
**-မင်းမြတ်နော်ရထာကို တူးဖော် ရှာဖွေခြင်း ဝင်းမောင်(တမ္ပဝတီ)**

# မန္တလေး အမှတ်(၁၁) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေးမြို့တော်ကြီးတွင် တစ်နေ့တခြား လူဦးရေတိုးတက်လာသည့်အလျောက် မော်တော်ကား၊ မော်တော်ဆိုင်ကယ် စီးနင်းအသုံးပြုမှုများမှာလည်း များပြားလျက်ရှိရာ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောကျပ်တည်းမှု မဖြစ်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပုံကို အမှတ်(၁၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသိန်းကိုကိုနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ မန္တလေးမြို့တွင်း ယာဉ်လမ်းရှင်းလင်းရေးနဲ့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအတွက် ဆောင်ရွက်မှုအခြေအနေတွေကို သိချင်ပါတယ်။**

ဖြေ။ အမှတ်(၁၁)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(မန္တလေး)မှာ လက်ရှိမှာ အရာရှိ ၅၂ ဦး၊ အခြားအဆင့် ၃၆၇ ဦး စုစုပေါင်း ၄၁၉ ဦးရှိပါတယ်။ မန္တလေးမြို့ပေါ်မှာ ဒုတပ်ဖွဲ့ခွဲမှူးရုံးနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ခုနစ်စုရှိပြီး၊ ကျောက်ဆည်၊ ညောင်ဦး၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်းခရိုင်မြို့တွေမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့စု တစ်စုစီရှိပါတယ်။ စုစုပေါင်း တပ်ဖွဲ့စု ၁၃ စုရှိပါတယ်။ မန္တလေးမြို့ပေါ်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၄၁ ဦး၊ အခြားအဆင့် ၂၆၅ ဦး စုစုပေါင်း ၃၀၆ ဦးရှိပြီး ခရိုင်တပ်ဖွဲ့စုခြောက်စုမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အရာရှိ ၁၁ ဦး၊ အခြားအဆင့် ၁၁၃ ဦးရှိပါတယ်။ မန္တလေးမြို့ပေါ်မှာ အချက်ပြမီးပွိုင့် ၄၉ ပွိုင့်၊ လမ်းဆုံလမ်းခွ ၁၇ နေရာ၊ ကျောင်းယာဉ်ရှင်း ၁၅ နေရာတို့မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေရဲတပ်ဖွဲ့၊ စည်ပင်သာယာ၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ၃၁ ဖွဲ့နဲ့ အချက်အချာကျသော လမ်းဆုံ/လမ်းခွတွေမှာ စစ်ဆေးအရေးယူခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ဝန်ထမ်းအဖွဲ့များနဲ့ ပူးပေါင်းပြီး စစ်ဆေးအရေးယူခြင်း၊ ယာဉ်ကြောရှင်းလင်းခြင်းများကိုလဲ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ စည်းကမ်းချိုးဖောက်တဲ့ယာဉ်တွေကိုအရေးယူတဲ့ ပြစ်ဒဏ်သတ်မှတ်ချက်နဲ့ အရေးယူမှုအခြေအနေတွေကို သိချင်ပါတယ်။**

ဖြေ။ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ-၂၆ အရ အရေးယူပြီး စည်ပင်သာယာအထူးတရားရုံးမှာ တရားစွဲတင်ပို့ပါတယ်။ စည်ပင်သာယာတရားရုံးမှာ ဒဏ်ငွေကျပ်တစ်သောင်းမှ ကျပ်သုံးသိန်းအထိ တပ်ရိုက်ပါတယ်။ ကျန်ခရိုင်များမှာတော့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ-၉၁ အရအရေးယူပြီး မြို့နယ်တရားရုံးတွေမှာ တရားစွဲတင်ပို့ပါတယ်။ မြို့နယ်တရားရုံးမှ ဒဏ်ငွေကျပ်သုံးသောင်းမှ ကျပ်တစ်သိန်းထိ တပ်ရိုက်ပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ မန္တလေးမြို့ပေါ်မှာ စည်းကမ်း ပျက်ကား ၄၅၉၅ စီး၊ ၄၆၆၇ မှု၊ မော်တော်ဆိုင်ကယ် ၁၉၅၅၂ စီး၊ ၁၉၆၃၄ မှု စုစုပေါင်း ၂၄၁၄၇ စီး၊ ၂၄၃၀၁ မှု အရေးယူနိုင်ခဲ့ပြီး၊ ကျန်ခရိုင်မြို့နယ်များမှာတော့ စည်းကမ်းပျက်ကား ၅၇၃၁ စီး၊ ၅၇၃၁ မှု၊ မော်တော်ဆိုင်ကယ် ၄၂၄၀၃ စီး၊ ၄၂၄၀၃ မှု၊ စုစုပေါင်း ၄၈၁၃၄ မှု အရေးယူနိုင်ခဲ့ပါတယ်။

**မေး။ မန္တလေးမြို့ပေါ်မှာ ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေကိုလည်း သိချင်ပါတယ်။**

ဖြေ။ မန္တလေးခရိုင်ဖြစ်တဲ့ မန္တလေးမြို့ပေါ်မှာ ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေဟာ ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွား ၄၀၄ မှု၊ သေဆုံး ၁၈၆ ဦး၊ ဒဏ်ရာရ ၄၉၂ ဦး၊ ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွား ၄၁၁ မှု၊ သေဆုံး ၁၇၁ ဦး၊ ဒဏ်ရာရ ၄၃၂ ဦးတို့ဖြစ်ပြီး ၂၀၁၃၊ ၂၀၁၄ ခုနှစ် နှိုင်းယှဉ်ချက်အရ ဖြစ်ပွားမှုမှာ ၇ မှုပို၊ သေဆုံးသူ ၁၅ ဦးလျော့နည်း၊ ဒဏ်ရာရဦးရေ ၆၀ ဦး လျော့နည်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွား ၁၉၆ မှု၊ သေဆုံး ၁၀၂ ဦး၊ ဒဏ်ရာရ ၁၈၃ ဦးတို့ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် နှိုင်းယှဉ်ချက်အရ ဖြစ်ပွားမှုမှာ ၂၁၅ မှုလျော့၊ သေဆုံးသူ ၆၉ ဦးလျော့နည်း၊ ဒဏ်ရာရဦးရေ ၂၄၉ ဦး လျော့နည်းခဲ့ပါတယ်။ မန္တလေးမြို့ပေါ်မှာဖြစ်ပွားတဲ့ ယာဉ်မတော်တဆမှုများအနက် ဆိုင်ကယ်ပါဝင်တဲ့ဖြစ်ပွားမှုတွေက ၂၀၁၃ ခုနှစ်မှာ ၃၀၇ မှု၊ သေဆုံးသူ ၁၃၆ ဦး၊ ဒဏ်ရာရသူ ၃၀၅ ဦးရှိပြီး ၂၀၁၄ ခုနှစ်မှာ ၃၀၁ မှု၊ သေဆုံးသူ ၁၂၈ ဦး၊ ဒဏ်ရာရသူ ၃၀၄ ဦး၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ဖြစ်ပွားမှု ၁၃၇ မှု၊ သေဆုံးသူ ၇၄ ဦး၊ ဒဏ်ရာရသူ ၁၁၃ ဦး ဖြစ်ပါတယ်။ ဒီဖြစ်ပွားမှုတွေကို သုံးသပ်ကြည့်မယ်ဆို ကားကြောင့်ဖြစ်ပွားရတဲ့ ယာဉ်မတော်တဆမှုထက် ဆိုင်ကယ်ကြောင့်ဖြစ်ပွားရခြင်းက ပိုမိုများပြားတာကို တွေ့ရှိရပါတယ်။



**မေး။ မန္တလေးမြို့ပေါ်မှာ လိုင်စင်မဲ့ကားတွေ အရေးယူမှုအခြေအနေလည်း ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ မန္တလေးမြို့ပေါ်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ရာမှာလည်းကောင်း၊ HOT LINE PHONE များမှတစ်ဆင့် သတင်းပေးတိုင်တန်းချက်အရလည်းကောင်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိတဲ့ လိုင်စင်မဲ့မော်တော်ကား ၆၅ စီးကို ရမိခဲ့ပါတယ်။ ပိုင်ရှင်မဲ့ဖြစ်တဲ့ လိုင်စင်မဲ့ယာဉ် ၂၇ စီး ကို ကျင့်ထုံးဥပဒေပုဒ်မ - ၅၂၃ အရလည်းကောင်း၊ ပိုင်ရှင်ရှိတဲ့ လိုင်စင်မဲ့ယာဉ် ၃၈ စီးကို ပို့ကုန်/သွင်းကုန် ဥပဒေ ပုဒ်မ-၈ အရလည်းကောင်း အသီးသီးအမှုဖွင့်အရေးယူနိုင်ခဲ့ပါတယ်။

**မေး။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များကို အများပြည်သူ သိရှိစေရေးအတွက် ပညာပေး ဆောင်ရွက်မှုများကိုလည်း ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ မန္တလေးမြို့ပေါ်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောမှု ၁၈၃ ကြိမ်၊ ကျောင်းသားကျောင်းသူ ၁၀၇၅၂ ဦး၊ ပြည်သူ ၁၃၅၇၅ ဦး၊ ယာဉ်မောင်း ၆၇၇ ဦး၊ ဝန်ထမ်း ၄၇၀ ဦး၊ အနေးယာဉ်မောင်း ၁၄၅ ဦးတို့ကို ပညာပေးဟောပြောခဲ့ပါတယ်။ ဒါ့အပြင် မန္တလေးမြို့တွင်း အချက်အချာကျတဲ့ အချက်ပြမီးပွိုင့် ၁၂ နေရာမှာ အသံချဲ့စက်တွေ တပ်ဆင်ထားပြီး ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှိုးဆော်ချက်များကို နေ့စဉ်ဖွင့်လှစ်ပညာပေးလျက်ရှိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောရာမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအချက်အလက်များပါ လက်ကမ်းစာစောင် ၄၀၀၀၀ ရွက်၊ လုံခြုံစိတ်ချရတဲ့ မော်တော်ဆိုင်ကယ်စီး ဦးထုပ် ၄၅၀၀ လုံးကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်။

**မေး။ HOT LINE PHONE များ တပ်ဆင်ထားရှိမှု အခြေအနေလည်း ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ မန္တလေးမြို့ပေါ်မှာ ယာဉ်ကြောရှုပ်ထွေးမှု၊ ယာဉ်မတော်တဆ ဖြစ်ပွားမှုတွေကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းနိုင်ရေးအတွက် HOT LINE PHONE တွေကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်ကစတင်ပြီး တပ်ဆင်ကာ အများပြည်သူကို အသိပေးကြေညာခဲ့ပါတယ်။ အဲဒီအချိန် မန္တလေးမြို့ပေါ်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့စု သုံးစုပဲရှိပါတယ်။ အခု ယာဉ်ထိန်းရဲတပ်ဖွဲ့စု ခုနစ်စု၊ ခရိုင်မြို့ခြောက်မြို့မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ခြောက်စု၊ စုစုပေါင်း ၁၃ စု ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ယခုလို တပ်ဖွဲ့စုတွေ တိုးချဲ့ဖွဲ့စည်းလာတဲ့အတွက် HOT LINE PHONE နံပါတ်များ ပြောင်းလဲတိုးချဲ့တပ်ဆင်တာကို ထပ်မံကြေညာပေးမှာပဲ ဖြစ်ပါတယ်။

**မေး။ မန္တလေးပြည်သူတွေကို ယာဉ်စည်းကမ်းနဲ့ ပတ်သက်လို့ အကြံပေးစကားလေး ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ယာဉ်မတော်တဆဖြစ်ပွားမှုတွေကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုတွေဟာ လူသားတစ်ရပ်လုံးအတွက် အဓိကပြဿနာ တစ်ရပ်ဖြစ်လာနေပါတယ်။ ကမ္ဘာနှင့်အဝန်း သေဆုံးမှုနဲ့ ဒဏ်ရာရမှုများအတွက် ပင်မအကြောင်းအရင်းတစ်ရပ်လည်းဖြစ်တယ်။ ယာဉ်တိုက်မှုအန္တရာယ်ကြောင့် နှစ်စဉ် ၁ ဒသမ ၂ သန်းနီးပါး သေဆုံးနေပြီး ထိခိုက်ဒဏ်ရာရသူ သန်း ၅၀ ခန့်၊ မသန်မစွမ်းဖြစ်သူ ၁၀ သန်းကျော်ခန့်ရှိတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထုတ်ပြန်ထားတဲ့သုသေသန စာရင်းများအရ သိရှိရပါတယ်။ မော်တော်ဆိုင်ကယ် ပိုင်ဆိုင်မှုမြင့်မားတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ အပါအဝင်ဖွံ့ဖြိုးဆဲနဲ့ အလယ်အလတ်နိုင်ငံတွေမှာ မော်တော်ဆိုင်ကယ်စီးသူအများစုဟာ မတော်တဆမှုကြောင့် ဒဏ်ရာရတာ၊ သေဆုံးတာ အများဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့် ယာဉ်မောင်းတွေ၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးစီးနင်းသူတွေအားလုံး သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို ပင်ကိုအသိတရား၊ သတိတရားများနဲ့ လိုက်နာသွားလာကြမယ်ဆိုရင် ယာဉ်မတော်တဆဖြစ်ပွားမှုတွေ လျော့နည်းကျဆင်းပြီး လူသားအရင်းအမြစ်ဆုံးရှုံးမှုတွေ၊ အမျိုးမျိုးသော လူမှုဒုက္ခတွေကနေ ကင်းဝေးကြမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။ မန္တလေးခရိုင်အတွင်းမှာ လက်ရှိ မှီတင်းနေထိုင်တဲ့ လူဦးရေ ကျား ၈၄၁၃၂၃ ဦး၊ မ ၈၈၄၆၂၆ ဦး စုစုပေါင်း ၁၇၂၅၉၄၉ ဦးရှိပြီး မော်တော်ယာဉ် ၁၁၃၈၆၃ စီး၊ မော်တော်ဆိုင်ကယ် ၇၂၂၅၂၂ စီး၊ စုစုပေါင်း ၈၃၆၃၈၅ စီးရှိပါတယ်။ ယာဉ်ပိုင်ဆိုင်မှု အခြေအနေက လူ ၁၅ ဦးမှာ ကားတစ်စီး၊ လူနှစ်ဦးမှာ ဆိုင်ကယ်တစ်စီး ရှိပါတယ်။ မန္တလေးမြို့ပေါ်မှာ ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၃၀၅ဦးနဲ့ တာဝန်ယူဆောင်ရွက်နေတာဖြစ်တဲ့အတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးဟာ ကား ၃၇၃ စီး၊ ဆိုင်ကယ် ၂၃၆၈ စီးကို ထိန်းသိမ်းဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဒါဟာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိရှိနေတဲ့ သက်ဆိုင်ရာဦးစီးဌာနတွေရဲ့ စာရင်းအရဖြစ်ပြီး အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်များမှ ဖြတ်သန်းသွားလာမှု ထည့်မတွက်ရသေးပါဘူး။ တပ်ဖွဲ့ဝင်အင်အား ရာခိုင်နှုန်းပြည့် တာဝန်ချထား ဆောင်ရွက်နိုင်မှုမရှိသေးတဲ့အတွက် နားရက်မရှိတာဝန်ဆောင်ရွက်နေကြရတာကို ကိုယ်ချင်းစာသောအားဖြင့် စည်းကမ်းလိုက်နာပေးပါ။ စည်းကမ်းလိုက်နာခြင်းဖြင့် ယဉ်ကျေးမှုဂုဏ်၊ အစဉ်အလာကြီးမားတဲ့ မန္တလေးမြို့ ဂုဏ်သိက္ခာကို မြှင့်တင်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ။

# ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ဈေး လွှဲပြောင်းပေးအပ်

**ညောင်တုန်း စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် သုခမင်္ဂလာနှစ်ထပ်ဈေးကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက အဆိုပါဈေးသစ်ကြီးအား လွှဲပြောင်းလက်ခံရခြင်း၏ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဘုရား၊ ကျောင်းကန်များအတွင်း၌ရှိသော ဈေးများမှလွဲ၍ ကျန်ဈေးများအား စည်ပင်သာယာရေးအဖွဲ့ဥပဒေအရေ လွှဲပြောင်းလက်ခံရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အဆိုပါဈေးသစ်ကြီးနှင့်ပတ်သက်၍ ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကုန်ကျစရိတ်တို့ကို ဈေးဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းက ရှင်းလင်းပြောကြားပြီး သုခမင်္ဂလာဈေးသစ်ကြီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဈေးဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးထံသို့ ပေးအပ်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဈေးသစ်ကြီးသည် ဝ ဒသမ ၇၈ ဧကအကျယ်ရှိပြီး အလျား ၁၁၂ ပေ၊ အနံ ၃၂ ပေရှိ နှစ်ထပ်ဈေး တစ်ဆောင်၊ အလျားပေ ၁၂၀၊ အနံပေ ၂၀ ရှိ တစ်ထပ်အဆောက်အအုံ တစ်ဆောင်၊ ပေ ၅၀ ပတ်လည်ရှိ တစ်ထပ်ဆောင် နှစ်ဆောင်၊ ၅ ပေပတ်လည်ရှိ သားငါးနှင့် ကုန်စိမ်းဆိုင် ၁၄၀ တို့ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၂၉၁၂ သိန်း ခြောက်သောင်းကျော် ကုန်ကျကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

## သတင်းတိုများ

### အမျိုးသမီးတစ်ဦးသတ်သေမှုဖြစ်

ပခုက္ကူမြို့နယ် ကျွဲတဲအုပ်စု အောင်ချမ်းသာရပ်ကွက်၌ စက်တင်ဘာ ၂၆ ရက်က အမျိုးသမီးတစ်ဦး မိမိကိုယ်မိမိသေကြောင်းကြံစည်ကာ သေဆုံးခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပခုက္ကူမြို့မရဲစခန်းမှ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒေါ်ငွေအိ အသက်(၅၂)နှစ်ဖြစ်ပြီး နေအိမ်ခေါင်းရင်း ဘုရားစင်အောက်တွင် ပါးစပ်နှင့်နားခေါင်း၌ အဝတ်ဖြင့်စီးလျက် မှောက်လျက် အနေထားဖြင့် ပြင်ပဒဏ်ရာမတွေ့ရဘဲ သေဆုံးနေခြင်းဖြစ်ကြောင်း၊ ဒေါ်ငွေအိသည် သားဖြစ်သူဇင်မိုးကျော်နှင့်အတူနေထိုင်ပြီး သားဖြစ်သူမှာ စက်တင်ဘာ ၂၂ ရက်က ကိုးရီးယားဘာသာသင်တန်းတက်ရောက်ရန်အတွက် ရန်ကုန်သို့ သွားရောက်နေသဖြင့် နေအိမ်တွင် တစ်ဦးတည်းကျန်နေခဲ့စဉ် စိတ်ခံစားမှုတစ်ခုခုကြောင့် မိမိကိုယ်ကိုယ်မိမိ သေကြောင်းကြံစည်ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပက်သက်၍ ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်းရှိ တလိုင်းတောင်၊ လုပ်၊ ရေဘုတ်၊ ရေမသိမ်၊ သရွဲ၊ ကမ်းဒိတ်၊ အဝပြင်နှင့် ကျောင်းကုန်းရွာများသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့ရာ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေက အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းဝေက ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




# " ကျေးဇူးတင်လွှာ "

(၁၀.၉.၂၀၁၅)ရက်နေ့မှ (၁၃.၉.၂၀၁၅)ရက်နေ့အထိ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော 3rd Housing & Living အိမ်ရာအရောင်းပြပွဲတွင်

**M.K.T Construction Co.,Ltd** မှ

ဆောက်လုပ်သောတိုက်ခန်းများကို ဝယ်ယူအားပေးကြည့်ရှုခဲ့ကြသော မိတ်ဟောင်း/မိတ်သစ် မိတ်ဆွေအပေါင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း

**M.K.T Construction Co.,Ltd.** ဦးမျိုးမြင့်(Chairman) နှင့် ဝန်ထမ်းမိသားစုများ

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၅) ရှမ်းတဲ၊ တက္ကသိုလ်ဝင်တန်း(F)မှ မအေးအေးချောနှင့် သတ္တမတန်း(B)မှ မောင်ထက်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထိန်လင်းဦး ၉/မထလ(နိုင်)၀၀၂၀၉၂ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၅) ရှမ်းတဲ၊ တက္ကသိုလ်ဝင်တန်း(F)မှ မပိုပိုချစ်စုထွေး၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းညွန့် ၉/မထလ(နိုင်)၀၄၅၆၃၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၅) ရှမ်းတဲ၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဇေလင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/သစန(နိုင်)၁၁၀၂၆၇ ဖြစ်ပါကြောင်း။

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှုစွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးစိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆက(စနယ်ဇင်း) ၀၁၇/၀၃၁၅

**ဖျံ-၅-ကောင်** အမှတ်တံဆိပ်
**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၉၉၄

**MYANMAR SECURITY EXPO**

**30 Sep - 2 Oct 2015**
Myanmar Convention Centre, Yangon



**Meet 60 international solution providers from China, Italy, Israel, Myanmar, Singapore, South Africa, Sweden, Taiwan, Thailand, UK and US**

From surveillance products and services, perimeter security solutions for the protection of properties and facilities, fire and safety equipment, access control management system, biometric equipment and systems, RFID and smartcard technology, to data security solutions.

www.SecurityExpoMyanmar.com

Supported by: Ministry of Home Affairs Myanmar | Security Systems Association Singapore
Communications Provider: MOTOROLA SOLUTIONS
Organised by: mp

## မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းပွင့်ဖြူ၏ မိဘအမည်မှန်မှာ ဦးတင်မျိုးအောင် ၉/ဝတန(နိုင်)၁၄၇၅၂၄- ဒေါ်ခင်မာကြူ ၉/ဝတန(နိုင်)၁၀၃၆၆၉ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ မလှိုင်မြို့ အမှတ် (၂)နယ်မြေ (၁၁) အတွင်းရှိ ကွင်းအမှတ် (B/ခ)မြို့သစ်ကွင်း၊ ဦးပိုင်အမှတ် (၆၅/က)၊ ဧရိယာ ဝဒသမ ၁၁၉၈ကေရှိ ပိုင်းမြေကွက်အား ဦးသာဝင်း ၁၃/ဆဆန(နိုင်)၀၀၄၄၅၀မှ နေထိုင်ပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်အရာရှိရုံးတွင် မှတ်ပုံတင်ထားပြီး အမည်ပြောင်း လျှောက်ထားလာပါသည်။ သို့သော်လည်း ဦးမြရင် DW-၀၀၀၅၀၅အမည်ဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန မိတ္ထီလာမြို့၏ ဂရန်အမှတ်တွဲအမှတ် ၆၆/၁၉၉၂/၉၃ ဖြင့် ချထားပေးရာ ဂရန်မူရင်းပျောက်ဆုံးနေပါသဖြင့် ဂရန်မိတ္တူဖြင့် တင်ပြလာပါသည်။ ထို့ကြောင့် ဦးသာဝင်း အမည်ဖြင့် ဂရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဌာနလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်သိန်းလှိုင်**
**လ/ထကော်လိတ္တော်အရာရှိ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မလှိုင်မြို့**

## အမည်ပြောင်း

မိုးကောင်းမြို့၊ ကချင်ပြည်နယ်နေ ဦးစိန်သောင်းမြင့် ၏သား ဗိုလ်မှူးချစ်ကိုကိုမောင် ၁၂/မဘန(နိုင်)၀၀၁၂၅၉အား ဗိုလ်မှူးနိုင်လင်း ဟုပြောင်းလဲခေါ်ပါရန်။

**ဗိုလ်မှူးနိုင်လင်း**

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မသဉ္ဇာလီထွန်းနှင့် သတ္တမတန်း(B)မှ မောင်အောင်ခန့်မျိုးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ညိုညိုထွေး ၅/ဝသန(နိုင်)၀၀၄၁၉၁ ဖြစ်ပါသည်။

**ဒေါ်ညိုညိုထွေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၆၁၆၅၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အမြောက်ပိုင်း)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
# သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၁-၂၀၁၅ ရက်နေ့တွင် ဖြေဆို ကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၃-၁၂-၂၀၁၅ ရက်နေ့မှ ၄-၁၂-၂၀၁၅ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁-၁-၂၀၁၆ ရက်နေ့မှ ၈-၁-၂၀၁၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ် (၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် ( သူနာပြု/ဆေးဘက်ကျွမ်းကျင်သူ )** အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
# သူနာပြုသိပ္ပံဘွဲ့သင်တန်းသူ အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ ထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၅ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၅ ရက်နေ့မှ ၃၀-၁၂-၂၀၁၅ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၈-၁-၂၀၁၆ ရက်နေ့မှ ၁၅-၁-၂၀၁၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ် (၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု** (Nurse)အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့** (Master of Nursing Science) နှင့် **သူနာပြုပါရဂူဘွဲ့** (Ph.D Nursing) သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက် (၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်( သူနာပြု )** အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁၂-၂၀၁၅ ရက်နေ့မှ ၁၂-၁၂-၂၀၁၅ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၂၀၀၀၀ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ဝ/- နှုန်းဖြင့် ၁၀၀၀၀/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

STI MYANMAR UNIVERSITY

University of Bedfordshire

STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။

## Faculty of Business

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

## Faculty of Education & Linguistics

- Master of Education in Leadership and Management

### ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

### ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

## Faculty of Engineering

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

## Faculty of Health Science NEW!

1. Master of Business Administration (Hospital and Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK



Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 377988, 507048, 507151, 507152, 09 250064451

https://www.facebook.com/STIMyanmarUni
www.stiedu.net
Email: enquiry@stiedu.net

Htoo Foundation
our environment • our value • our culture

# တစ်နှစ်ပြည့် ပြန်လည်ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၇ရက်နေ့တွင် ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ် လန်ဆာထုရွာအနီး၌ ခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်ရာမှ ပျောက်ဆုံးခဲ့သော တောင်တက်သမား ၂ဦး ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသို့ ဆေးဝါးရိက္ခာနှင့် ပစ္စည်းများသွားရောက်ပို့ဆောင်ရင်း B4 ရဟတ်ယာဉ် ပျက်ကျခဲ့သည့် ဖြစ်စဉ်တွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ခဲ့ကြသော စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမေရိကန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊နီပေါ နှင့် ထိုင်းနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေး ကျွမ်းကျင်သူများ ၊ ရဟတ်ယာဉ်မှူးများ၊ ထူးဖောင်ဒေးရှင်းနှင့် ထူးကုမ္ပဏီများ အုပ်စုမှ ဝန်ထမ်းများ၊ နောင်မွန်းမြို့နယ်တွင်း ကျေးရွာများမှ ဒေသခံပြည်သူများ နှင့် အထူးသဖြင့် ထိုင်းနိုင်ငံမှ ရဟတ်ယာဉ်မှူး Captain Chatcharwel ကို အားပေးစောင့်ရှောက်ကူညီခေါ်ဆောင်ကာ (၁၁)ရက်တိုင်တိုင် ဆိုးရွားသောရာသီဥတု ခက်ခဲကြမ်းတမ်းသော တောတောင်ခရီးလမ်းများကို ကြံ့ခိုင်သောစိတ်ဓါတ်ဖြင့် ဖြတ်သန်းအန်တုခဲ့သူ တိဗက်တိုင်းရင်းသား ရွှေရင်တော်ကြီးအား တစ်နှစ်ပြည့်အခါသမယတွင် ပြန်လည်အောင်းမေ့လျက် အထူးကျေးဇူးတင် ဂုဏ်ယူပါကြောင်း။

ဦးတေဇ
ဥက္ကဋ္ဌ
HTOO Group of Companies နှင့် ဝန်ထမ်းမိသားစုများ

Htoo Foundation
our environment • our value • our culture

# တစ်နှစ်ပြည့် ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှတွင် အမြင့်ဆုံးတောင်ဖြစ်သောခါကာဘိုရာဇီတောင်ထိပ်သို့ မြန်မာနိုင်ငံသားများသာ ပါဝင်သော သဘာဝခေါ်သံဖောင်ဒေးရှင်း တောင်တက်အသင်းမှ တောင်တက်အဖွဲ့ဖြင့် တက်ရောက်ခြေချ အောင်ပွဲခံပြီးအပြန်တွင် ပျောက်ဆုံးခဲ့သော တောင်တက်သမား ၂ ဦးအားကယ်ဆယ်ရေးလုပ်ငန်းစဉ်တွင် ထိုင်းနိုင်ငံမှ B4 ရဟတ်ယာဉ်ဖြင့် ရိက္ခာ ဆေးဝါးနှင့် ပစ္စည်းများပျံသန်းပို့ဆောင်ရင်း (၂၇-၉-၂၀၁၄) ရဟတ်ယာဉ် ပျက်ကျကွယ်လွန်ခဲ့သော Air Myanmar Aviation Services Company Limited (HTOO Group of Companies)မှ ကပ္ပတိန် အောင်မြတ်တိုးအားတစ်နှစ်ပြည့် အောင်းမေ့လျက် မိသားစုနှင့် ထပ်တူထပ်မျှ လွမ်းဆွတ်ကြေကွဲရပါသည်။

ဦးတေဇ
ဥက္ကဋ္ဌ
HTOO Group of Companies နှင့် ဝန်ထမ်းမိသားစုများ

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆/၃၊ မြေကွက်အမှတ် ၃၈၆၊ မြေကွက် တည်နေရာအမှတ် ၃၈၆၊ မာလာမြိုင်လမ်း၊ (၁၆)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (၁) မကျင်ပို့ ၁၄/မအပ(နိုင်)၁၀၁၀၀၂၊ (၂) မတင်စို ၁၄/မအပ(နိုင်)၀၂၃၉၁၉၊ (၃) မအေးအေးမော် ၁၄/မအပ(နိုင်)၁၀၁၀၀၁ နှစ်ဖိ၀ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်ပို့ သည် အမွေစား အမွေခံ မွေးစားထားသော သားသမီးမရှိဘဲ အပျိုကြီးဘ၀ဖြင့် ကွယ်လွန်သွားပါသဖြင့် ဒေါ်တင်စို ၁၄/မအပ(နိုင်)၀၂၃၉၁၉၊ ဒေါ်အေးအေးမော် ၁၄/မအပ(နိုင်)၁၀၁၀၀၁၊ ဦးဝင်းတင် ၁၂/သဃက(နိုင်)၁၃၄၃၇၃ တို့က မောင်နှမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာ တရား၀င်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်စိုး (မြင်းခြံမြို့)

**(B.Ed 1988)**

## အလက(၂) အင်းစိန်(ငြိမ်း)

## အသက်(၅၇)နှစ်

ပါမောက္ခဒေါက်တာဇော်ဝေစိုး (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)-ဒေါက်တာနွယ်နီအောင်တို့၏ အစ်မကြီး ဒေါ်မြင့်မြင့်စိုးသည် ၂၄-၉-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## ဦးအောင်ဖြိုး (ရဲအုပ်ကြီး၊ ငြိမ်း)

### သတင်းရဲတပ်ဖွဲ့

### အသက် (၁၀၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ် ၁၃၀နေ (ဦးချစ်ခင်-ဒေါ်မြိုင်)တို့၏သား၊ (ဦးသူတော်-ဒေါ်ထားရှင်)တို့၏ သားသမက်၊ (ဒေါ်မြခင်)၏ ခင်ပွန်း၊ ဦးအောင်သိန်းဦး-ဒေါ်လှလှရွှေ၊ Capt. အောင်သိန်းမြင့် (Lizstar Shipping Int.)-ဒေါ်ဥမ္မာကြည်ဝင်းတို့၏ ချစ်လှစွာသော ဖခင်၊ ကိုသော်ဇင်ဦး-မနန်းကေခိုင်စိုး၊ ကိုကျော်ဖြိုးဝေ-မခိုင်မေလှိုင်၊ ကိုကျော်ကျော်လင်း၊ မသီရိကြည်ဝင်း၊ ကိုမိုးဟိန်းအောင်တို့၏ အဘိုး၊ မောင်လင်းဘုန်းကျော်၊ မောင်ဖြိုးစည်ဟိန်းတို့၏ ဘိုးဘိုးကြီးသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၈ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်အမာရီ (မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့)

### အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက်၊ အမှတ် ၄၀၃နှင့် ကွမ်းခြံကုန်းမြို့နေ (ဦးဝင်း-ဒေါ်လှ)တို့၏ သမီး၊ ဒေါ်ဒေါ်လီ (ကျန်းမာရေး၊ ငြိမ်း)၊ ဒေါ်မော်လီ(ထ/၄၊ ငြိမ်း၊ ပုဇွန်တောင်)၊ (ဒေါက်တာမောင်မောင်အေး)-ဒေါ်မို့မို့ဝင်း၊ (ဗိုလ်ကြီးမောင်မောင်တာ)၊ ဒေါ်ချို့နွယ်လတ် (ထ/၁၊ ငြိမ်း၊ တောင်တွင်းကြီး)၊ (ဦးမောင်မောင်ဌေး)၊ ဒေါ်နယ်လီ-ဦးကျော်ရွှေ၊ ဦးမောင်မောင်ထွေး၊ ဦးမောင်မောင်တိုး-ဒေါ်ခိုင်ခိုင်ဝင်း၊ မအေးသီတာ-ဦးဖြိုးသန့်နိုင်တို့၏ မိခင်၊ ဒေါက်တာ အေးမို့မို့ဖြူ (ဒိုက်ဦးပြည်သူ့ဆေးရုံကြီး)-ဗိုလ်ကြီးကျော်စိုးလင်း၊ ဒေါက်တာ ဖြိုးမြင့်သူ (ရွှေကျင်ပြည်သူ့ဆေးရုံကြီး)၊ မောင်အောင်ဇင်ထွန်း၊ မသက်နှင်းစံ၊ မထက်ထက်ဦးဝေတို့၏ အဘွား၊ (ဦးထွန်း)၏ ဇနီးသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ် ၄၀၃၊ အောက်ပုဇွန်တောင်လမ်း နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၃-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်အမာရီ (မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့)

### အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက်၊ အမှတ် ၄၀၃နှင့် ကွမ်းခြံကုန်းမြို့နေ (ဦးဝင်း-ဒေါ်လှ)တို့၏ သမီး၊ ဒေါက်တာ ဦးစိုးဝင်း(ငြိမ်း)- ဒေါ်အေးမြတ်ဆွေ(သ/မ၊ ငြိမ်း)၊ ဒေါ်မြသွယ်-(ဦးတင်မောင်ဝင်း၊ စား/ဖျော်)၊ ဗိုလ်မှူးကြီး တင်ဝင်း(ငြိမ်း)-ဒေါက်တာ ဒေါ်မြင့်မြင့်စိုး၊ ဦးတင်ထွန်း၊ (ဦးတင်မြင့်)-ဒေါ်ညွန့်ညွန့်ခင်၊ ဒေါက်တာ တင်မျိုးအောင်-ဒေါ်ငြိမ်းငြိမ်းမြင့်၊ (ဦးတင်အေး)- ဒေါ်ခင်မြင့်ကြည် (စက်မှု-၁၊ ငြိမ်း)၊ ဦးတင်ထွဋ် (စည်ပင်၊ ငြိမ်း)- ဒေါ်နွယ်နီ၊ ဒေါ်လှလှသွယ် (ဆောက်လုပ်ရေး၊ ငြိမ်း)-ဦးသိန်းအေး (ယာဉ်/စက်၊ ငြိမ်း)၊ ဒေါ်လှလှသွင်-(ဦးစန်းငွေ)၊ (ဦးတင်အောင်-ဒေါ်စန်းစန်းညွန့်)တို့၏ အစ်မကြီးသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၄၀၃၊ အောက်ပုဇွန်တောင်လမ်းနေအိမ်မှ ကားများနံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၃-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမောင်နှမများ**

## ဦးသန်းဆွေမြင့်

### ဒု-လက်ထောက်စက်ရုံမှူး(စီမံ)၊ ရေနံသယ်ပို့ MPE

### အသက်(၆၂)နှစ်

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ဆေးဝိဇ္ဇာလမ်း၊ အမှတ် ၁၃ နေ (ဦးလှတင်-ဒေါ်သန်းရှင်)တို့၏ သား၊ (ဦးအုန်းသင်-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ ဒေါ်ခင်မမ (ဆက်သွယ်ရေးစာတိုက်၊ သန်လျင်မြို့)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဟိန်းထက်အောင်(DSTA-9)၏ချစ်လှစွာသောဖခင်၊ ဒေါ်တင်တင်မြင့်၏ မောင်၊ (ဦးလှကျော်မြင့်)၊ ဒေါ်ရီရီမြင့်၊ ဦးထွန်းနိုင်မြင့်၊ ဒေါ်လှလှမြင့်၊ ဦးရဲဇော်မြင့်တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ခင်၊ (ဦးခင်မောင်ဦး)၊ (ဒေါ်လဲ့လဲ့ဌေး)၊ ဦးစန်းယု၊ ဒေါ်နီလာထွေး၊ ဒေါ်မျိုးမျိုးခိုင်တို့၏ ယောက်ဖ/ခဲအိုသည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မောင်ဝေယံအောင်

### အသက် (၃၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၄) ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် (၆၂၂/၆၂၃)နေ ဦးအောင်ခင်-ဒေါ်ဝေဝေလှိုင်တို့၏ သား၊ မနွေးနွေးအောင်၊ မောင်ရဲရင့်အောင်၊ မောင်သန်းထွန်းအောင်တို့၏ အစ်ကိုကြီးသည် ၂၆-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးယူနန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂-၁၀-၂၀၁၅ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘွားအေးစီ(ခ)ဘွားစီ

### အသက်(၁၀၄)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်၊ ကန်ဖျားလမ်းမကြီး၊ အမှတ်၉၁နေ (ဦးဦးဖေ-ဒေါ်မေ)တို့၏သမီး၊ (ဦးရှပ်လီ-ဒေါ်ညိမ်းအေး)တို့၏ချွေးမ၊ (ဦးဘိုးစိန်)၏ဇနီး၊ ဦးသောင်းရှိန်-ဒေါ်ရှုမေတို့၏မိခင်၊ ဦးသန်းထွန်း-ဒေါ်သင်းသင်းရှိန်၊ ဦးသန်းဇော်စိုး(ခ)ဇော်ကြီး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမြင့်သိန်း-ဒေါ်သီသီရှိန်၊ ဒေါ်သီတာအေးတို့၏ အဘွား၊ မောင်ဇေယျာထွန်း(Grade.9-A)၊ မောင်ဇေယျာမင်း(Light House)၊ မယဉ်ငြိမ်းသူ(Grade.11-A)၊ မစိုးရတနာဖြိုး(Grade-8-A)၊ မောင်ဇေပိုင်ထွန်း (Grade-6-A)၊ မစံမင်းသာမောင်(USA)တို့၏အဘွားသည် ၂၅-၉-၂၀၁၅ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘွားအေးစီ(ခ)ဘွားစီ

### အသက်(၁၀၄)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်၊ ကန်ဖျားလမ်းမကြီး၊ အမှတ် ၉၁ နေ (ဦးဦးဖေ-ဒေါ်မေ)တို့၏သမီး၊ (ဦးရှပ်လီ-ဒေါ်ညိမ်းအေး)တို့၏ချွေးမ၊ (ဦးဘိုးစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅ လမ်း၊ အမှတ် ၅၆(ဒုတိယထပ်)နေ ဦးသိန်းဝင်း-ဒေါ်ညိုညိုနွယ်တို့၏မိခင်၊ ဦးအောင်ကိုကို၊ ဦးမြတ်ကိုဦး၊ ဦးမျိုးသိန်းတို့၏အဘွားသည် ၂၅-၉-၂၀၁၅ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊တံတား
ပဲခူးမြို့၊ ကြခတ်ပိုင်းကျောင်းတိုက် ဂန္ဓဝါစက ဒါယိကာမကြီး

## ဒေါ်တင်လှ

### အောင်မြင့်ကြည်ရွှေဆိုင်(နန္ဒဝန်ဈေး)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဗြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ အမှတ် ၇၆၉နေ [ဦးကျင်ရှိန်(ခ)ဦးဂုဏ်ထူး]၏ဇနီး၊ ကိုနိုင်ဝင်း-မစန်းစန်းရီ၊ ကိုခင်ဇော်ထွန်း-မစုစုမွန်၊ ကိုစိုးလွင်-မချိုချိုစန်း၊ ကိုအောင်ကျော်ဆန်း-မမေသန်းဦး၊ ကိုအောင်ကျော်ဇောဝင်း-မအေးအေးမော်၊ ကိုလှမြင့်-မသီသီနွယ်၊ ကိုအောင်ဇော်လတ်-မတိုးတိုးလွင်၊ကိုတင်ဇော်လတ်၊ ကိုစည်သူ-မခင်ယုနွယ်၊ မခင်ခင်စု၊ ကိုဟေမာန်စိုး-မစုစုလှိုင်၊ ကိုမျိုးသူ၊ ဗိုလ်ကြီးဖြိုးလွင်ဦး-မယဉ်ယဉ်ထက်၊ မယဉ်ယဉ်လှဲ့၊ မသန္တာအောင်၊ မရတီဖြိုး၊ ကိုအောင်ဖြိုးပိုင်-မခင်စန္ဒီမြင့်၊ မသီသီဟန်၊ ကိုကျော်ဇင်၊ ကိုထက်နိုင်၊ မစိုးသဥ္ဇာဌေး၊ ကိုကျော်ဇေယျ-Takano Mio၊ မနှင်းသန္တာဌေး၊ ကိုဇော်ဝင်းမောင်၊ ကိုဝေလွင်ဦး-မလှဲ့လှဲ့မွန်၊ ကိုနေလင်းအောင်၊ မဆွေဇင်မွန်တို့၏အဘွား၊ မြစ် ၁၉ ယောက်တို့၏ အဘွားသည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၆း၅၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူ မြေး၊မြစ်တစ်စု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊တံတား
ပဲခူးမြို့၊ ကြခတ်ပိုင်းကျောင်းတိုက် ဂန္ဓဝါစက ဒါယိကာမကြီး

## ဒေါ်တင်လှ

### အောင်မြင့်ကြည်ရွှေဆိုင်(နန္ဒဝန်ဈေး)

### အသက်(၈၇)နှစ်

ကော့မှူးမြို့နယ်၊ ဆူးကလပ်၊ ရေကျော်နေ (ဦးဖိုးစိန်-ဒေါ်အေးရင်)တို့၏သမီး၊ တောင်ကြီးမြို့နေ (ဦးချန်းတိတ်-ဒေါ်ခင်ငန်း-ဒေါ်ကြည်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဗြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ အမှတ် ၇၆၉နေ [ဦးကျင်ရှိန်(ခ)ဦးဂုဏ်ထူး]၏ဇနီး၊ (ဦးသိန်းမောင်-ဒေါ်စောရီ)၊ (ဦးတင်မောင်-ဒေါ်မြရွှေ)၊ (ဦးခင်မောင်-ဒေါ်လှတင်)၊ (ဦးအေးမောင်-ဒေါ်ရီရီ)၊ ဦးသန်းညွန့်-(ဒေါ်တင်မေ)၊ (ဦးဉာဏ်ထွန်း-ဒေါ်တင်မြင့်)၊ (ဦးချစ်ဆိုင်)-ဒေါ်သီတို့၏ ညီမ၊ (ဦးအောင်ညွန့်-ဒေါ်လင်းမေ)တို့၏အစ်မ၊ ရန်ကုန်မြို့နေ (ဦးကင်စိန်-ဒေါ်အင်ကြောင်း)၏ညီမ၊ (ဦးတင်ဝင်း)-ဒေါ်လှရီ၊ ဦးစိန်ထွန်း-ဒေါ်တင်တင်မူ၊ တောင်ကြီးမြို့နေ ဦးတင်ညွန့်-ဒေါ်ဝင်း၊ ဦးစောထွန်း-ဒေါ်ခင်စန်း ရီတို့၏အစ်မသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆း၅၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူညီအစ်ကိုမောင်နှမများ**

## ဦးမောင်လှ

### ကြီးကြပ်ရေးမှူး(ငြိမ်း)

### မြန်မာ့ဆားလုပ်ငန်း

### အသက်(၇၅)နှစ်

(ဒေါက်တာ စီအိပ်ချ်တလုက်ဒါး-ဒေါ်နော်နီဘာလာတလုက်ဒါး)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြို့ပြအိမ်ရာ တောင်ဘက်ခြမ်းနေ ဒေါ်ခင်တင့်၏ ခင်ပွန်း၊ ဦးမင်းလွင်-ဒေါ်ဆွေဆွေသက်၊ မဆွေဆွေတင့်၊ ဦးလှမင်းဦး-ဒေါ်မိုးပပအောင်တို့၏ ဖခင်၊ မအိမြန်မာလွင်၊ မသက်မြန်မာလွင်၊ မောင်ခန့်မင်းသူ၊ မသုထက်စံတို့၏ ဘိုးဘိုးကြီးသည် ၂၆-၉-၂၀၁၅ ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

ရဟန်းဒါယိကာမကြီး

## ဒေါ်ခိုင်း(မြိတ်မြို့)

### အသက်(၁၀၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ဆိပ်ငယ်ရပ်ကွက်၊ ဆိပ်ကမ်းရုံးလမ်းနေ (ဦးအေးမောင်)-ဒေါ်ရှောက်တီ၊ (ဦးဟုတ်တင်)-ဒေါ်ရှုတုံ၊ (ဦးအစုံ-ဒေါ်ရှုဆွမ်)၊ ဦးအေးလွင်-(ဒေါ်ရှုငေါ်)၊ (ဦးရီချန်)-ဒေါ်ရီ၊ (ဦးအုန်းမောင်)-ဒေါ်ခင်မေလွင်၊ ဒေါ်ခင်မာလွင်၊ ဦးအီဘွန်-ဒေါ် ကျင်လင်တို့၏မိခင်ကြီး၊ မြေး ၂၉ ယောက်၊ မြစ် ၃၈ ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးလော်ရှောင်ရင်)၏ချစ်လှစွာသောဇနီးသည် ၂၆-၉-၂၀၁၅ရက်(စနေနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သိန်းကြည်

### မြောင်းမြ(ရန်ကင်း)

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြယမုံကမ်းသာယာအိမ်ရာ၊ ၄ လမ်း၊ အမှတ် ၃၉ နေ (ဦးကြန်းငါး-ဒေါ်စိန်ညွန့်)တို့၏သမီး၊ (ဦးဝင်းမောင်)၏ဇနီး၊ ဒုဗိုလ်မှူးကြီးမင်းဟန်(ငြိမ်း)-ဒေါ်ကြည်မာဝင်း၊ ဦးခင်အောင်ဝင်း(စက်မှု/စားကုန်၊ ငြိမ်း)၊ ဦးကျော်နိုင်ဝင်း-ဒေါ်ညွန့်ညွန့်လှိုင် (မြတ်နိုးသူ၊ အားကစားဝတ်စုံ)၊ ဦးထွန်းညွန့်-ဒေါ်ဆွေမာဝင်း (ခရမ်းပြာ၊ မြေယာရှုခင်း)၊ ဦးမောင်မောင်အောင်(တိုင်းညွှန်မှူး၊ မကွေးတိုင်းစည်ပင်)-ဒေါ်နှင်းမာဝင်း၊ ဦးတင်ထွဋ်-ဒေါ်စန္ဒာဝင်း၊ (ဗိုလ်သူအောင်ဝင်း)၊ ဦးကျော်မြင့်လွင် (2/E JSM) -ဒေါ်သဇင်ဝင်းတို့၏ မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၆ ယောက်တို့၏ဘွားဘွားသည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် မြယမုံကမ်းသာယာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မြဆွေ

### အသက် (၆၀)

ပခုက္ကူမြို့၊ ပဥ္စရူပဆေးလိပ်ခုံပိုင်ရှင် (ဦးအောင်ဆင့်)-ဒေါ်ခင်ခင်တို့၏ သမီး၊ မုံရွာမြို့နေ (ဦးလူမော်-ဒေါ်လှလှ)တို့၏ သမီးချွေးမ၊ တောင်အာဖရိကနိုင်ငံ Du-rban မြို့နေ ဒေါက်တာ မိုးအောင်မော်၏ ဇနီး၊ မဇွန်လဲ့ဖြူ(ကနေဒါ)၊ မောင်နိုင်အောင်မော်(စင်ကာပူ)၊ မောင်ရန်အောင်မော်(တောင်အာဖရိက)တို့၏ မိခင်သည် ၂၄-၉-၂၀၁၅ရက် နံနက် ၁၀း ၅၀နာရီတွင် တောင်အာဖရိကနိုင်ငံ Durbanမြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မြဆွေ

### အသက် (၆၀)

ပခုက္ကူမြို့၊ ပဥ္စရူပဆေးလိပ်ခုံပိုင်ရှင် (ဦးအောင်ဆင့်)-ဒေါ်ခင်ခင်တို့၏ သမီး၊ မုံရွာမြို့နေ (ဦးလူမော်-ဒေါ်လှလှ)တို့၏ သမီးချွေးမ၊ တောင်အာဖရိကနိုင်ငံ Du-rban မြို့နေ ဒေါက်တာ မိုးအောင်မော်၏ ဇနီး၊ ဒေါက်တာ ဝင်းမြင့်အောင်-ဒေါ်စန္ဒာဦး(ဩစတြေးလျ)၊ ဒေါက်တာရဲထွန်း-ဒေါက်တာ မွန်မွန်လှ(အမေရိက)၊ ဦးခင်မောင်ကျော်-ဒေါ်ယဉ်ယဉ်မွန်(ရန်ကုန်)၊ (ဦးအောင်ခင်ဆင့်)- ဒေါ်လဲ့လဲ့ဝင်း (ပခုက္ကူ)တို့၏ အစ်မသည် ၂၄-၉-၂၀၁၅ရက် နံနက် ၁၀း၅၀ နာရီတွင် တောင်အာဖရိကနိုင်ငံ Durban မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မြဆွေ

### အသက် (၆၀)

မုံရွာမြို့နေ (ဦးလူမော်-ဒေါ်လှလှ)တို့၏ သမီးချွေးမ၊ ပခုက္ကူမြို့၊ ပဥ္စရူပဆေးလိပ်ခုံပိုင်ရှင် (ဦးအောင်ဆင့်)-ဒေါ်ခင်ခင်တို့၏ သမီး၊ တောင်အာဖရိကနိုင်ငံ Durban မြို့နေ ဒေါက်တာ မိုးအောင်မော်၏ ဇနီး၊ မုံရွာမြို့နေ ဒေါက်တာ ဝင်းမော်-ဒေါ်ခင်နှင်းမွန် (စိုပြေဆေးရုံ)တို့၏ ညီမ၊ ဦးမေအောင်မော် (UMG, YGN)၊ ဒေါ်ငြိမ်းငြိမ်းမော်(ဒု-ညွှန်မှူး၊ နေပြည်တော်)တို့၏ အစ်မသည် ၂၄-၉-၂၀၁၅ရက် နံနက် ၁၀း ၅၀နာရီတွင် တောင်အာဖရိကနိုင်ငံ Durban မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်ဝင်း

### တပ်ကြပ်ကြီး၊ သတင်းတပ်ဖွဲ့ဌာန

### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ် ၁၅ နေ (ဦးလှအောင်-ဒေါ်ထွေးသိန်း)တို့၏သား၊ (ဦးစန်းအောင်)-ဒေါ်ခင်ကြည်၊ ဦးခင်ကြည်-ဒေါ်သန်းသန်းအေးတို့၏ညီ/မောင်၊ ဒေါ်သန်းသန်းဌေး-(ဦးခင်ဝင်း)၊ ဦးမင်းအောင်၊ (ဦးဝင်းအောင်)၊ ဒေါ်မိုးစန္ဒာအောင်-ဦးဝင်းထွေးတို့၏အစ်ကိုသည် ၂၇-၉-၂၀၁၅ရက် နံနက် ၃း၁၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၅ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးကျေးဇူးတင်ရှိခြင်း

## မမြတ်နိုးဝေ(ခ)ယွန်း(ခ)Monica

**B.Sc(Business Admin)**
**California state University L.B**
**C.I.I (London)**
**Country Manager(Allian Group)**

### အသက်(၂၆)နှစ်

၂၂-၉-၂၀၁၅ ရက်တွင် Bangkok Hospital ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သော မမြတ်နိုးဝေ(ခ)ယွန်း(ခ)Monica ၏ နောက်ဆုံးခရီးကို ဗန်ကောက်မြို့၌ လိုက်ပါပို့ဆောင်ပေးခဲ့သော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ ဝမ်းနည်းခြင်းကို ပန်းခြင်း၊ စာသဝဏ်လွှာ၊ အီးမေးလ်များဖြင့်ပို့ပေးကြသူများအားလည်းကောင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကြီးမှ ဆေးကုသပေးပါသော Bangkok Hospital မှ Doctor and Nurse မြန်မာဌာနအားလည်းကောင်း၊ Bangkok Hospital ရုံးခွဲ ရန်ကုန်အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်ပါသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ ၂၆-၉-၂၀၁၅ ရက်တွင် အရိုးပြာမျှောရာတွင် စည်ကားစွာ လိုက်ပါပို့ဆောင်ကြပါသော အဘိုးအဘွားဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ဖခင်၏ OTS (၆၄)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို အစစအရာရာပါဝင်ကူညီကြသော ကျေးဇူးတင်ထိုက်သူများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစံဦး (ဇီးဖြူပင်-ခရမ်း)**

**အသက်(၈၉)နှစ်**

ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယုတို့၏ဖခင် ဦးစံဦးသည် ၁၉-၉-၂၀၁၅ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သီရိပျံချီ ဦးလွန်းသိနှင့်မိသားစု
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကွမ်းခြံကုန်း)

## ဦးခင်မောင်ထွေး(ပျဉ်းမနား) အသက်(၈၅)နှစ်

**စာရေးဆရာ၊ သတင်းစာဆရာ**

**ဗိုလ်တထောင်သတင်းစာ အယ်ဒီတာဟောင်း**

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ**

ပျဉ်းမနားမြို့နေ (ဦးဘသန်း-ဒေါ်ဖွားချစ်)တို့၏သား၊ (ဦးထွန်းကြွယ်-ဒေါ်စိမ်းရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တိုက် ၂၃၃(A)၊ အခန်း ၁၃နေ ဒေါ်ခင်မြရင်(Rosy)၏ချစ်လှစွာသောခင်ပွန်း၊ မသရဖီဦး-မောင်သက်ခိုင်ဦး၊ မခင်မြတ်နိုး-မောင်သန်းထွန်းအေး၊ မောင်ပြည့်မင်းခိုင်-မသက်သက်ခိုင်၊ မောင်နဒီလွင်၊ မသံစဉ်ဆန်း၊ မောင်ပြည့်မင်းခိုင်လေး၊ မောင်ဇင်မျိုးဆက်၊ မဆုနှင်းထက်၊ မောင်ကာရန်ကျော်တို့၏အဘိုး၊ မောင်ဘုန်းမြတ်ခိုင်၏ဘိုးဘိုးကြီးသည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်ထွေး(ပျဉ်းမနား) အသက်(၈၅)နှစ်**

**စာရေးဆရာ၊ သတင်းစာဆရာ**

**ဗိုလ်တထောင်သတင်းစာ အယ်ဒီတာဟောင်း**

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ**

ဦးခင်မောင်ထွေး(ပျဉ်းမနား) အသက်(၈၅)နှစ်သည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လှ(ကျွဲကူး) အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၈၊ အခန်း ၅နေ (ဦးထွန်းတင်-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးစိန်ကြည်)၏ဇနီး၊ (ဒေါ်ခင်မြအေး)-ဦးတင်ဖေ၊ (ဒေါ်ရီသန်း)၊ ဦးမင်းအောင်တို့၏အစ်မကြီး၊ ဦးတင်အောင်ဝင်း-ဒေါ်ခင်အေးမူတို့၏ချစ်လှစွာသောမိခင်၊ မခင်ချိုချိုဆင့်၏အဘွား၊ ကိုတင်မောင်ဦး-မနေခြည်လွင်၊ကိုဘုန်းကျော်-မဆောင်းနှင်းဖြူ၊မအိအိဇင်-ကိုစည်သူ၊ ဒေါက်တာစောထွန်း၊ မမြင့်မြတ်သူဇာတို့၏ကြီးကြီးသည် ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

**ပင်လုံဒေါ်သီတာစိန်(ခ)သီတာ**

**B.A (Geography) M.E.H.S**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၁၃၀၊ ပင်လုံဂေဟာနေ (ဝဏ္ဏကျော်ထင် ပင်လုံဒေါ်နုရင်)၊ (ဦးစိန်မြင့်-ပင်လုံဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးငွေစိန်-ဒေါ်သင်း)တို့၏သမီးချွေးမ၊ (ဒေါက်တာကြည်ကြည်စိန်)၏အစ်မ၊ ပါမောက္ခ ဒေါက်တာဦးစောတင်(သချာင်္ဌာန)၏ချစ်လှစွာသောဇနီး၊ မစောရည်မွန်၊ မောင်စောမင်းထက်၊ မောင်စောထက်အောင်တို့၏ချစ်လှစွာသောမိခင်သည် ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ဦး အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါဗဟိုလမ်း၊ အမှတ် ၁၇၀၊ ပထမထပ်နေ ဦးနီ-ဒေါ်စိန်တို့၏သား၊ (ဦးမွန်း-ဒေါ်နှင်းမြ)တို့၏သားသမက်၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါဗဟိုလမ်း၊ အမှတ် ၁၇၀၊ ငါးလွှာနေ ဒေါ်အေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်သိန်း-ဒေါ်အေးအေးမြင့်၊ ဦးတင်ဝင်း-ဒေါ်ချိုချိုဝင်းတို့၏အစ်ကိုကြီး၊ ကိုသက်ဇော်ဦး(Alpha ECC Co.,Ltd.)-မမေသန္တာအောင်၊ ကိုကျော်မင်းနိုင်-မမြတ်စုမွန်ကျော်တို့၏ဖခင်၊ မောင်ဘုန်းပြည့်ကျော်၏အဘိုးသည် ၂၅-၉-၂၀၁၅ရက် (သောကြာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံရွှေမောင်

**လ/ထဦးစီးမှူး၊ မြေစာရင်းဌာန၊**

**မောင်တောခရိုင်**

**ဒါရိုက်တာ၊ဖွံ့ဆောက်လုပ်ရေးကုမ္ပဏီ**

**စစ်တွေမြို့**

**အသက်(၄၇)နှစ်**

စစ်တွေမြို့နေ ဦးမောင်စံကျော်-(ဒေါ်ရွှေမိုးသာ)၊ ဦးစံကျော်ရွှေ-ဒေါ်အောင်ကြွဦးတို့၏သား၊ ရဲနွယ်စုရပ်ကွက်၊ မေယုလမ်းနေ (ဦးသိန်းစောဦး-ဒေါ်သာညိုဖြူ)တို့၏သားသမက်၊ ဒေါ်နီနီခိုင်(ကထိက၊မြန်မာစာဌာန၊စစ်တွေတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုခစံ(နဝမတန်း၊ထ/၄၊စစ်တွေ)၊ မောင်လင်းသစ်စံ(ပဥ္စမတန်း၊ အမက-၁၅၊ မူလွန်၊ ပြည်တော်သာ)၊ မမိုးမြင့်ထက်စံ(မူကြို)တို့၏ဖခင်သည် ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှမြင့်

**ဗဟိုအလုပ်အမှုဆောင်**

**ပြန်ကြားရေးမှူး**

**ဒီမိုကရက်တစ်ပါတီ(မြန်မာ)**

**ဗဟိုဌာနချုပ်**

**အသက်(၅၃)နှစ်**

(ဦးကြည်-ဒေါ်ခင်စိန်)တို့၏သား၊ ဒေါ်သန်းသန်းလှ၊ ဦးကြည်စိုး-ဒေါ်မီနီဦးကျော်တို့၏မောင်၊ ဦးစိုးလှိုင်(အကောက်ခွန်)-ဒေါ်နီနီအောင်၊ဦးဇော်လင်းကျော်-ဒေါ်သန်းသန်းဆွေ(USA)တို့၏အစ်ကို၊ဒေါ်မီနီသင်းကျော်(USA)၏ချစ်လှစွာသောခင်ပွန်း၊ မယဉ်မင်းမြတ်(Junier USA)၊ မောင်ထက်အောင်(USA) - မဝင့်ဇာခြည်ဦးတို့၏ချစ်လှစွာသောဖခင်သည်၂၇-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) (ခုတင်-၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၆၂၊ ၆လမ်း၊ လမ်းမတော်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးမြိုင် အသက်(၁၀၃)နှစ်

မော်လမြိုင်မြို့၊ ကျိုက်မနဲဘုရားလမ်း၊ စက္ကန်းရပ်၊ အမှတ် ၈၉နေ (ဦးဘဉာဏ်-ဒေါ်မမလေး)၏သမီး၊ ဦးရေချမ်း၊ (ဗိုလ်မှူးကြီးလတ်ရွှေ)-ဒေါ်ခင်ခင်လှ၊ (ဦးတင်အေး)-ဒေါ်သန်းသန်းမြင့်၊ (ဦးအုန်းဟန်)-ဒေါ်လှလှငွေး၊ ဒေါ်သန်းသန်းအေး၊ ဦးမောင်မောင်စိုး၊ ဒေါ်တင်တင်ချိုတို့၏မိခင်၊ ဒေါက်တာထူးနိုင်ရွှေ-ဒေါက်တာခိုင်ဆွေမြင့်(USA)၊ ဦးမိုးဇော်ရွှေ(ညွှန်ကြားရေးမှူးချုပ်၊သာသနာရေးဦးစီးဌာန)-ဒေါက်တာခင်မျိုးအောင်(တာဝန်ခံဆရာဝန်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးစိုးသန်း၊ ဦးအောင်မြတ်ဝင်း၊ ဒေါ်သန္တာရွှေ၊ ဒေါက်တာသက်ထူးဟန်-ဒေါက်တာခင်မာမြ (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှပိန္နဲကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်နှင်းကြည် (ရွှေညောင်)**

**အသက်(၇၈)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ခနသိဒ္ဓိရပ်၊ အမှတ် ၉နေ (ဦးကျော်-ဒေါ်မြမြ)တို့၏သမီး၊ (ဦးယပ်တောင်-ဒေါ်မယ်ပု)တို့၏ချွေးမ၊ တောင်ကြီးမြို့နေ (ဦးစင်းရန် - ဒေါ်သန်းသန်းညွန့်)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးတင်ရှိန်-ဒေါ်နန်းရွှေအိမ်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကာဘိုးလမ်း၊ အမှတ် ၁၂၁၃နေ ဦးစံဖေ၏ဇနီး၊ ဗိုလ်ကြီးဒေါ်အေးအေးမြ(ငြိမ်း) (လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဗိုလ်ကြီးဒေါ်ခင်မြကျော်(ငြိမ်း) (ခေတ္တ-စင်ကာပူ)၊ ဗိုလ်မှူးမင်းစံကြည်(ငြိမ်း)၊ ဦးမင်းရွှေအောင်-ဒေါ်အိကျော့မွန်(ပန်းကြယ်စဉ်၊ ဆန်နှင့်သီးနှံရောင်းဝယ်ရေး၊ ဘုရင့်နောင်)တို့၏မိခင်ကြီး၊ မောင်အောင်ခန့်မင်း၊ မပန်းကြယ်စဉ်၊ မောင်ခန့်တည်ကြည်တို့၏ဘွားဘွားကြီး၊တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၈-၉-၂၀၁၅ရက် ၅း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၅ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**Capatain Ronald Daniel Vardon**

**အသက်(၈၁)နှစ်**

စင်ကာပူနိုင်ငံနေ Mrs. Sheila Vardon ၏ ချစ်လှစွာသောခင်ပွန်း၊ Mr. Victor Vardon - Mrs. Blanche Vardon တို့၏သား၊ U Winston Vardon, Denzil Vardon, Valerie Vardon, Patricia Vardon တို့၏ အစ်ကို၊ ပို့စ်မန္တလေးမီဒီယာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်း(ခ) Kevin Vardon -ဇနီး ဒေါ်ကြည်ကြည်သန်းတို့၏ ဦးလေးသည်၂၆-၉-၂၀၁၅ရက်(သောကြာနေ့) စင်ကာပူဒေသစံတော်ချိန် ညနေ ၃း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် စင်ကာပူနိုင်ငံ St. Mary of the Angles ၌ ဝတ်ပြုဆုတောင်းပြီး ညနေ ၄း၁၅နာရီတွင် Mandai Crematory ၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထွန်းအောင်ကျော်

**(မောင်တောမြို့)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၁၄၇၊ (၁၆/၃)ရပ်ကွက်၊ ကံ့ကော်ရိပ်သာလမ်းနေ (ဦးမောင်ဘ-ဒေါ်ပန်းစိန်ခိုင်)တို့၏သား၊ ဒေါ်ဦးခင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးညီညီအေး-ဒေါ်ခင်မာဦး၊ ဦးသန်းငွေး-ဒေါ်ခင်မာအောင်(ခ)မနီနီ၊ ဦးသန်းစိန်-ဒေါ်ခင်မာရီ၊ မခင်မာဆွေ၊ဦးဝင်းလှိုင်-ဒေါ်မြမြအေး၊ ဦးကျော်ဝင်းလှိုင်-ဒေါ်မြနှင်းဖြူ၊ မခင်ခင်ချိုတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၂ယောက်တို့၏ အဘိုးရှင်သည် ၂၈-၉-၂၀၁၅ရက် နံနက် ၈နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သဃ်န်းကျွန်းနေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးရီ

**အသက်(၇၁)နှစ်**

ကောလင်းမြို့၊ ဈေးရုံဗိုလ်တဲရပ်ကွက်နေ ဦးကျော်လှ(ရပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ကိုကျော်အောင်-မဖြူဖြူဝင်း၊ကိုမျိုးခိုင်-မတင်တင်ဝင်း၊ ကိုရန်လင်းအောင် - မခင်သီတာတို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၆-၉-၂၀၁၅ရက် နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၅ရက်တွင် ကောလင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

**ဦးဘုန်းကြွယ်**

**(စိန့်ဂျွန်းကျောင်းသားဟောင်း)**

**မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊အမှတ် ၅၊ လေးလွှာ၊ နွယ်သာကီလမ်းနေ (ဦးဘအေး-ဒေါ်ကင်ကြည်)တို့၏သား၊(ဦးမြလှိုင်-ဒေါ်စောကြည်)တို့၏ သားသမက်၊ ဗိုလ်ကြီးဒေါ်တင်ဝင်း(ငြိမ်း)၊ ဦးမြင့်ဆွေ(မြန်မာ့ရေနံ၊ ငြိမ်း)၊ ဒေါ်ခင်သန်းဝင်း (အထက-၁၊ လမ်းမတော်၊ ငြိမ်း) တို့၏မောင်/ညီ၊ (ဦးဆန်းလင်း-ဒေါ်စန်းစန်းတင့်)၊ ဦးအေးကို (ဃ/၁၀၊ ဗဟိုစံပြငါးဈေးကြီး) - ဒေါ်ခင်ချိုချို၊ ဦးအောင်မြင့် (ခ) ဦးမြင့်အောင်တို့၏ အစ်ကိုသည် ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီရိုးလ်လာမ်အာမက်**

**ချင်သီ(ခ)ဦးမြင့်သိန်း**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ၁၀၁လမ်းနေ (ဦးဘသိန်း-ဒေါ်မွန်နီ)တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်ခင်မြဝင်း(ခ)ဒေါ်မူမူ၏ခင်ပွန်း၊ ဟာဂျီစိန်ဝင်းထွန်း-စကားဝါမြင့်သိန်း၊ ကိုကျော်မင်းလွင်-ယုဇနမြင့်သိန်း (UK)၊ ဝေယံမြင့်သိန်း (Singapore)တို့၏ဖခင်၊ မြတ်နိုးသဒ္ဒါ၊ မြတ်နိုးတွယ်တာ၊ ဟွမ်မိုင်ရာကျော်တို့၏အဘိုးသည် ၂၇-၉-၂၀၁၅ရက် နံနက် ၂နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီးတွင် ရေဝေး စွန္နီကဘာရ်စတန်၌ ဒဖွနာ ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးရွှေလင်း(ခ)ဦးမြသိန်း

**(မအူပင်မြို့)**

**အသက်(၆၄)နှစ်**

မအူပင်မြို့နယ်၊ မြောက်ရွာအုပ်စု၊ ကျားပုံကျေးရွာနေ ဒေါ်သောင်းတင်၏ ခင်ပွန်း၊ ဦးကျော်စွာဝင်း (Project Manager SC Auto)-ဒေါ်ခင်မျိုးကြည်(အလင်းသစ်စတိုး၊အင်းစိန်ရွာမ)၊ ဒေါက်တာမောင်ကျော်(အရိုးအထူးကု၊ ဆရာဝန်ကြီး၊ လှိုင်လင်ဆေးရုံ)-ဒေါ်ချောစုလှိုင်(အရိုးအထူးကုဆရာဝန်ကြီး လှိုင်လင်ဆေးရုံ) နေလသုခဆေးခန်း၊ ပြင်ဦးလွင်တို့၏ဖခင်၊ မောင်ငြိမ်းခန့်ကျော်၊ မောင်လင်းမြတ်ဈာန်၊ မခင်သဲစုကျော်၊မထွေးသဇင်ဖူးတို့၏အဘိုးသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ပြင်ဦးလွင်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့်၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြ(ရွှေကျင်၊ကွမ်းဆိပ်)

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၃၇နေ (ဦးအုန်းသွင်-ဒေါ်ဖွားတင်)တို့၏သမီး၊ (တိုးတက်ရေး ဦးသိန်း-ဒေါ်မမလေး)တို့၏ညီမ၊ (ဒေါ်သိန်းမြ)၊ (ဦးမြင့်)၊ (ဒေါ်ရီ)၊ (ဦးအောင်)-ဒေါ်သိန်းကြည်၊ (ဦးစိုးမြင့်)-ဒေါ်တင်မြိုင်၊ (ဦးဟုတ်ရှိန်)-ဒေါ်ခင်စမ်း၊ ဦးကျော်မြင့်-(ဒေါ်ယဉ်မြင့်)တို့၏အစ်မ၊ တူ/တူမ ၂၃ယောက်တို့၏ကြီးတော်သည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၆း၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၅၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဝါတင် (ကျောက်တန်း)

**အသက်(၉၁)နှစ်**

ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်နေ (ဦးထွန်းဦး - ဒေါ်ငွေတင်)တို့၏သမီး၊(ဦးသိန်း-ဒေါ်မြတင်)တို့၏သမီးချွေးမ၊အမှတ် ၂၈၊ ရေလယ်ဘုရားလမ်း၊ ကျောက်တန်းနေ(ဦးအောင်တင်)၏ဇနီး၊ ဒေါ်တင်တင်အေး(ကစလ) မြန်မာဒေဝူး အီလက်ထရွန်နစ်(ငြိမ်း)၏ မိခင်သည် ၂၈-၉-၂၀၁၅ရက် နံနက် ၁၁း၃၀နာရီတွင် ရန်ကင်း စည်ပင်ဝန်ထမ်းရိပ်သာ၊ တိုက် B-1 ၊ အခန်း ၀၀၆ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ကျောက်တန်းနေအိမ်မှကားများ နံနက် ၉နာရီနှင့် ရန်ကင်း၊ တိုက် B-1 ၊ အခန်း ၀၀၆ နေအိမ်တို့မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြင့်

**(အငြိမ်းစား ဆသရ မကွေး)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ကျိုက္ကဆံလမ်း၊အမှတ် ၁၆၁ A/D (ပထမထပ်)နေ (ဦးဘိုးကျော်-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးစိန်ခင်)၊ (ဒေါ်ကြင်စိန်)၊ (ဦးအုန်း)တို့၏ညီမ၊ ဦးနီ၊ (ဦးစီ)၊ ဒေါ်လှထူးတို့၏အစ်မသည် ၂၇-၉-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၅ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံရွှေမောင်

**လ/ထဦးစီးမှူး၊ မြေစာရင်းဌာန**

**မောင်တောခရိုင်**

**ဒါရိုက်တာ၊ဖွံ့ဆောက်လုပ်ရေးကုမ္ပဏီ**

**စစ်တွေမြို့**

**အသက်(၄၇)နှစ်**

စစ်တွေမြို့နေ ဦးမောင်စံကျော်-(ဒေါ်ရွှေမိုးသာ)၊ ဦးစံကျော်ရွှေ-ဒေါ်အောင်ကြွဦးတို့၏သား၊ စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်၊ မေယုလမ်းနေ (ဦးသိန်းစောဦး-ဒေါ်သာညိုဖြူ)တို့၏သားသမက်၊ ဒေါ်နီနီခိုင် (ကထိက၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုခစံ (နဝမတန်း၊ ထ/၄၊ စစ်တွေ)၊ မောင်လင်းသစ်စံ (ပဥ္စမတန်း၊ အမက-၁၅၊ မူလွန်၊ပြည်တော်သာ)၊မမိုးမြင့်ထက်စံ(မူကြို)တို့၏ဖခင်၊ ဦးမောင်မြသိန်း(ညီညီ)-ဒေါ်လှစံဖြူ(အလပြ)၊ ဒေါ်ခိုင်စန္ဒာ - ဒုတိယဗိုလ်မှူးကြီးသာထူးလင်း၊ ဦးကျော်လင်း-ဒေါ်နှင်းအေးညို၊ ဒေါ်စုလင်းထက် - ဦးအောင်စိုးမိုးဦး၊ ဒေါက်တာခင်ခင်ရွှေ(ကထိက၊ ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်) - ဦးထွန်းမြင့်(မန်နေဂျာ၊ရိုးမဘဏ်၊ ညောင်လေးပင်)၊ ဒေါ်ယဉ်ယဉ်မြ (လ/ထ ကထိက၊ နည်းပညာ၊ မန္တလေး)-ဦးနိုင်ထူးလှိုင် (ကထိက၊ နည်းပညာ မန္တလေး)၊ ဦးကျော်ကျော်နိုင် (MD၊ ဖွံ့ဆောက်လုပ်ရေး)-ဒေါ်ဖြူဖြူစော(ထပြ၊ငြိမ်း)၊ ဒေါ်ဝင်းဝင်းနွယ် - (ဒုရဲအုပ်ဆိုင်းမြတ်)တို့၏အစ်ကိုကြီး၊ ဦးဦးဘသိန်း(မြန်မာ့လေကြောင်း)-ဒေါ်ခင်သန်းနုတို့၏ညီ၊ တူ၊တူမ ၁၃ယောက်တို့၏ဦးလေးသည် ၂၈-၉-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၆နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်မြတ်**

**ရတနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယကဆရာတော်**

**သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၄)ဝိုင်း၊ ရတနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်မြတ်သည်(၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်) ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ဈာပနကျင်းပရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဆရာဦးဉာဏ်လှိုင် (သချာၤ-ရူပ)**

**(ဇမ္ဗူတလူ စာပေနှင့်ပုံနှိပ်တိုက်)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၇၉/၈၁၊ စင်ထရယ်တာဝါ၊ အခန်း ၇၀၇နေ (ဦးစံရင်-ဒေါ်လှတင်)တို့၏သား၊ (ဦးအေးကြိုင်-ဒေါ်လှမြင့်)တို့၏သားသမက်၊ ဒေါ်အေးအေးသိန်း(ခ)ဒေါ်ချိုချို၏ခင်ပွန်း၊ (ဦးသက်တင်-ဒေါ်ခင်ညွန့်ညွန့်)တို့၏ညီ၊ ဒေါ်ကြူကြူဇင်၊ ဦးဖေသိန်း-ဒေါ်လှဦးမြင့်တို့၏အစ်ကို၊ ဦးသက်ဇော်လှိုင်-ဒေါ်ညီမီသွင်၊ ဒေါ်ထိုက်ထိုက်လှိုင်၊ ဦးသူရလှိုင်၊ ဦးနိုင်ထူးလှိုင်-ဒေါ်သီတာထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၉-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးအောင်သန်းရှိန်(ငြိမ်း) OTS (43)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ (ဦးဟန်ရှိန်-ဒေါ်လုန)တို့၏သားကြီး၊ (ဦးအေးမောင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၂၉) ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အိမ်အမှတ်(၂၅၁)နေ ဒေါ်အေးညွန့်ဆွေ၏ခင်ပွန်း၊ ဦးစန်းရှိန်-ဒေါ်မြမြဝင်း၊ ဦးကြီးရှိန်-ဒေါ်ကြူကြူစိုး၊ ဦးချစ်မင်းမောင်-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကိုကြီး၊ဦးလှမ်းထက်အောင်-ဒေါ်ခင်ယုဇနဦးမျိုးမြင့်သောင်း-ဒေါ်သက်ထားအောင်၊ ဦးပြည့်စုံအောင်-ဒေါ်နွယ်နွယ်လွင်တို့၏ဖခင်၊ မောင်ဇေယျာထက်၊မဆုလာဘ်ရတနာတို့၏ဘိုးဘိုးကြီးသည် ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ရေစက်ချမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အရာခံဗိုလ်ဦးလှတင်(ငြိမ်း)

**(ပခုက္ကူ)**

**ကိုယ်ပိုင်အမှတ်-၁၃၁၈၃၆**

**အလုပ်ရုံ**

**ဆေးတပ်/ဆက်သွယ်ရေးတပ်**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၄၂၊ (၁၄/၅)ရပ်ကွက်၊ ဝဏ္ဏကျော်စွာလမ်းနေ ဒေါ်သန်းသန်းရွှေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်တင်ထွန်း-မယုယုခင်၊ မောင်မင်းသူထွန်း-မစိုးစိုးခင်၊ မယုယုမော်၊ မောင်မြင့်ရွှေ-မယုယုကျော်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အိရွှေမော် (အလပြ)

**[အလက-၂၊ အထက(ခွဲ)မြို့မ]**

**မကွေးမြို့**

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၈)ရပ်ကွက်၊ မောင်းမကန် ကမ်းသာယာလမ်း၊ အမှတ် ၁၈၅၁နေ ဦးသိန်းရွှေ(ဒုညွှန်မှူး၊ ငြိမ်း၊ သမဝါယမဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး)-(ဒေါ်မော်မော်လွင်)တို့၏သမီး၊ မကွေးမြို့၊ ဈေးလယ်စိုးရပ်ကွက်၊ မဲထီးလမ်း၊ အမှတ် ၁၂နေ ဦးမျိုးမြင့်(တိုင်းပညာရေးမှူး၊ ငြိမ်း၊ မကွေးတိုင်းဒေသကြီး)-(ဒေါ်ကြည်ကြည်၊ အထပြ၊ ငြိမ်း၊ အထက-၁၊ မကွေး)တို့၏သမီးချွေးမ၊ ဦးဗိုလ်ဗိုလ်မျိုးကြည်၏ ချစ်လှစွာသောဇနီး၊ မောင်လပြည့်အောင်၊ မောင်ရှိုင်းပြည့်ဖြိုးအောင်တို့၏မိခင်၊ ဒေါ်ဝင်းရွှေမော်၏ညီမ၊ ဦးဉာဏ်ထွန်း-ဒေါ်စန္ဒာမင်း၊ ဦးရဲလင်းထက်-ဒေါ်သဇင်အေး၊ ဦးမြင့်ဆွေဦး - ဒေါ်ဝတ်ရည်မျိုး၊ ဦးသက်ထူးအောင် - ဒေါ်တင်တင်လွင်တို့၏အစ်မ၊မောင်ကျော်ခန့်ညား၊ မခင်စုရည်၊ မောင်သုဘုန်းရှိန်လင်း၊ မရတီပွင့်ဦး၊ မောင်သန်းဌေးအောင်၊ မစုမြတ်သွယ်တို့၏အဒေါ်သည် ၂၄-၉-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင်မကွေးမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိန်ဝင်း(ခ)ဦးတူး**

**ကုန်းပတ်မှူး (FG) CDC 3768**

**အသက်(၇၂)နှစ်**

(သီရိပျံချီ ဒေါက်တာဦးထွန်းမင်း-ဒေါ်တင့်)တို့၏သား၊(ဦးချိန်-ဒေါ်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ရှင်စောပုရပ်ကွက်၊သုခမိန်လမ်း၊ အမှတ် ၁၉ (မြေညီ-A)နေ ဒေါ်ကြည်ကြည်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေလင်းထွဋ်-ဒေါ်သီတာဝင်း၊ ဦးသီဟဝင်း - ဒေါ်ဖြိုးနန္ဒာဝေ၊ ဦးနန္ဒဝင်း - ဒေါ်ဇာဇာဒန္တီလတ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ (ဒေါ်ချိုချိုမင်း)၊ ဦးညွန့်လှိုင်-ဒေါ်ခင်အေးမြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်မိမိအောင်၊ (ဦးအောင်ကျော်မင်း)-ဒေါ်ခင်သန်းဝင်းတို့၏အစ်ကိုသည် ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးဘုန်းကြွယ်**

**(စိန့်ဂျွန်းကျောင်းသားဟောင်း)**

**မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊အမှတ် ၅၊ လေးလွှာ၊ နွယ်သာကီလမ်းနေ (ဦးဘအေး-ဒေါ်ကင်ကြည်)တို့၏သား၊(ဦးမြလှိုင်-ဒေါ်စောကြည်)တို့၏သားသမက်၊ ဒေါ်အေးအေးချို(ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ခင်ပွန်း၊ ဦးအောင်ဘုန်း (NOVOTAL YANGON MAX HOTEL)-ဒေါ်စန္ဒာအေး၊ ဦးညီညီ(စိမ်းလန်းရွှေမြေကုမ္ပဏီ)-ဒေါ်လှဘုန်းမော်(ST Micro electronics, Singapore)တို့၏ဖခင်၊ မောင်ဟန်ဘုန်းထွန်း(Sec 1, ILBC)၏ဘိုးဘိုးကြီးသည် ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဂျပန်မှ RBE ရထားခြောက်စင်း မြန်မာ့မီးရထားသို့ လွှဲပြောင်း



သတင်း-ဝေယံဦး
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန်  စက်တင်ဘာ  ၂၈**

ဂျပန်နိုင်ငံမှ မြန်မာ့မီးရထားသို့ လှူဒါန်းသည့် RBE(DMUS) ရထား ၁၉ စင်းအနက် ခြောက်စင်းနှင့် နည်းပညာများ လွှဲပြောင်းပေးအပ်မှုကို ရန်ကုန်မြို့ ရန်ကုန်ဘူတာကြီး၌ စက်တင်ဘာ ၂၈ ရက် နံနက်က ကျင်းပသည်။

ယခုရထားတွဲများမှာ ဂျပန်အစိုးရ၏ GGP ရန်ပုံငွေဖြင့် East Japan Railway Company က မြန်မာ့မီးရထားသို့ ရထားတွဲများ လှူဒါန်းခြင်းဖြစ်ရာ ယင်းရထားတွဲများကို ရန်ကုန်မြို့ပတ်ရထားများအဖြစ် ပြေးဆွဲသွားမည်ဖြစ်သည်။

"မြို့ပတ်ရထားစီးခရီးသည်တွေ သက်သောင့်သက်သာစီးနိုင်ဖို့အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# နာမည်ကြီး ဗီယက်နမ်အသင်း ပွဲဦးထွက် သုံးမှတ်အပြည့်ရယူ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန်  စက်တင်ဘာ  ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု (G) ပထမနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏ ကွင်း၌ကျင်းပရာ ဗီယက်နမ်အသင်းက ဟောင်ကောင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နာမည်ကြီး ဗီယက်နမ်အသင်း၏ ပွဲဦးထွက်ပွဲစဉ်မှာ အမှားအယွင်းမရှိဘဲ သုံးမှတ်အပြည့် ရယူနိုင်ခဲ့သည်။ ဟောင်ကောင်အသင်းမှာ ဗီယက်နမ်အသင်းကို ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိသောကြောင့် ဗီယက်နမ်အသင်းက ပွဲချိန်ပြည့်ခြေအသာဖြင့် ကစားကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းမှာ မြန်မာအသင်းပြီးလျှင် အဓိကပြိုင်ဘက်ဖြစ်သည့် ဟောင်ကောင်အသင်းကို အနိုင်ကစားနိုင်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်ကို စတင်အသက်သွင်းနိုင်ခဲ့ပြီး ပြိုင်ဘက်အသင်းများကို စတင်ဖိအားပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❒

# ကြည့်မြင်တိုင်ညဈေး 'ဈ' ရုံကြီး တည်ဆောက်ပြီးစီး

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ရန်ကုန်  စက်တင်ဘာ  ၂၈**

၁၉၆၉ ခုနှစ် မေလ ၁ ရက်က တည်ဆောက်ဖွင့်လှစ်ခဲ့သော ကြည့်မြင်တိုင် ဗဟိုလဟာပြင်ညဈေးကြီးမှာ ယခုအခါ နှစ်ပေါင်း ၄၆ နှစ်ကျော် ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုအတောအတွင်း မီးလောင်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး ခေတ်ကာလနှင့် မလျော်ညီတော့သည့် ဈေးဟောင်းကြီးတစ်ခု ဖြစ်သည်။

ယင်းဈေးကြီးကို ဈေးသူဈေးသားများ၏ဆန္ဒနှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)က နှစ်အလိုက် ဘတ်ဂျက်အရ အပိုင်းအလိုက် ဖျက်သိမ်း၍ အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည်။

ပထမပိုင်းအဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင်လမှစတင်ကာ ဈေးရုံ "ဈ"ကိုဖျက်သိမ်း၍ အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။ ဈေးရုံကြီးကို Steel Structure ဖြင့်အပေါ်ပိုင်း တည်ဆောက်ခဲ့ပြီး အောက်ခြေကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ဈေးဆိုင်ခန်းတိုင်း၏ နောက်ကျော၌ ကိုးပေအမြင့်ရှိသော မီးခံကျောက်ပြားများဖြင့် ကာရံပေးထားကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✻

## ယနေ့ ပတ်စရာ

### စပီဘုတ်ပေါက်ကွဲမှု မော်လ်ဒိုက်သမ္မတ ဘေးမသီရန်မခ လွတ်မြောက်

စာမျက်နှာ ၄

### နှလုံးသားချင်း ဆက်သွယ်လို့ လက်တွဲကူညီကြပါစို့ ပရဟိတရန်ပုံငွေ ဖျော်ဖြေပွဲကျင်းပ

စာမျက်နှာ ၈




ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် သာကေတတံတားသစ် တည်ဆောက်နေမှုကို စက်တင်ဘာ ၂၈ ရက်က တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS



# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ




ရွေးကောက်ပွဲကျင်းပရန်

၄၀

ရက်သာလိုတော့သည်။

- ဆန္ဒပြုရာတွင် အမှန် (✓) အမှတ်အသား ပါရှိသည့် တံဆိပ်တုံးကို ထင်ရှားစွာ ရိုက်နှိပ်ပါ။







**မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။**

သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

(က) မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓" တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ခ) ကြိုတင်မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည် တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓" တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ဂ) ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး |  | |
| ဒေါ်ဖရဲသီး |  | |
| ဦးပန်းသီး |  | |

မဲရုံမှူးလက်မှတ် -----------
အမည် ----- သစ်တော်သီး -----

သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

(က) မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓" တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ခ) ကြိုတင်မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည် တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓" တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ဂ) ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး |  | |
| ဒေါ်ဖရဲသီး |  | |
| ဦးပန်းသီး |  |  |

မဲရုံမှူးလက်မှတ် -----------
အမည် ----- သစ်တော်သီး -----

ဒါတွေလုပ်ပါ

- မဲရုံမပိတ်မီ တတ်နိုင်သမျှ စောစောသွားပါ။









၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးရာ၌ အသုံးပြုမည့် တံဆိပ်တုံးပုံစံနမူနာ။

# ထားဝယ်တိုင်းရင်းသားများပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၈

**ထားဝယ်တိုင်းရင်းသားများပါတီဥက္ကဋ္ဌ ဦးအေးမင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၈ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**တိုင်းရင်းသားပြည်သူများခင်ဗျား-**

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနဲ့ ထားဝယ်တိုင်းရင်းသားများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက် လိုက်ပါတယ်။

ကျွန်တော်ကတော့ ထားဝယ်တိုင်းရင်းသားများပါတီရဲ့ဥက္ကဋ္ဌ ဦးအေး မင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ထားဝယ်တိုင်းရင်းသားတို့ရဲ့ တူညီသောတရား၊ တူညီသောအခွင့်အရေး၊ တူညီသောအဆင့်အတန်းတို့ အတွက် လာမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် သွားမှာ ဖြစ်ပါတယ်။ ဒီလိုဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ဒီနေရာကနေ ပါတီကိုယ်စားရွေးကောက်ပွဲဆိုင်ရာ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်များ ကို တင်ပြသွားမှာဖြစ်ပါတယ်။

ဒီလို မူဝါဒ၊ သဘောထားတွေ ရှင်းလင်းမတင်ပြခင်မှာ ကျွန်တော်တို့ ပါတီရဲ့သမိုင်းကြောင်းကို ဦးစွာရှင်းပြလိုပါတယ်။

**လေးစားချစ်ခင်ရပါသော မြန်မာနိုင်ငံသား မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားတွေဟာ ကိုလိုနီခေတ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် စတင်လှုပ်ရှားစဉ်ကတည်းက ပါဝင်လာခဲ့ ကြသူတွေပါ။ အဲဒီနောက် ခေတ်အဆက်ဆက် အာဏာရှင်ဘဝကနေ လွတ်မြောက်ရေး၊ ဒီမိုကရေစီရရှိရေးတို့မှာ အခြားတိုင်းရင်းသားတွေနဲ့ လက်တွဲတိုက်ပွဲဝင်လာခဲ့သူတွေ ဖြစ်ပါတယ်။ ဘယ်လောက်ထိလဲဆိုရင် ကိုယ့်လူမျိုးအရေးကိုတောင် နောက်ချန်ထားကာ တိုင်းပြည်တစ်ပြည်လုံး ကောင်းစားရေး ဦးစားပေးခဲ့သူတွေ ဖြစ်ပါတယ်။ အခုထိလည်း ဒီမိုကရေစီ ရရှိရေးအတွက် ဒီလိုပဲ ဆက်လက်တိုက်ပွဲဝင်နေဆဲ ဖြစ်ပါတယ်။

ဒီနေ့လိုအချိန် ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီစနစ်တည်ဆောက် နေတဲ့ကာလမှာ တိုင်းပြည်တစ်ခုလုံးအရေးကိုလည်း ဆောင်ရွက်ရင်း၊ ကိုယ့် တိုင်းရင်းသားအရေးကိုလည်း နောက်ကျမကျန်ရအောင်ဆိုတဲ့ ရည်ရွယ်ချက် နဲ့ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများပါတီကို ၂၀၁၃ ခုနှစ်မှာ စတင်ထူထောင်ခဲ့ပါတယ်။

တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဖက်ဒရယ်စနစ်သည်သာလျှင် အသင့်လျော်ဆုံးစနစ်ဖြစ်တယ်လို့ ကျွန်တော် တို့ ယုံကြည်ပါတယ်။

ဒါကြောင့် တစ်ဖက်ကလည်း ဒီမိုကရေစီရရှိရေးကို ကြိုးပမ်းရင်း၊ အခြား တစ်ဖက်ကလည်း တိုင်းရင်းသားတို့ရဲ့ တန်းတူညီမျှမှု၊ အဆင့်အတန်းတူညီမှု တို့သည်လည်း တစ်ပါတည်းပါလာရမယ်လို့ ယုံကြည်ပါတယ်။

**လေးစားချစ်ခင်ရပါသော မြန်မာနိုင်ငံသူ နိုင်ငံသား မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

ခေတ်အဆက်ဆက် မြန်မာတစ်နိုင်ငံလုံးအတွက် အမြဲတစေ စဉ်းစား ကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့ ကျွန်တော်တို့ဒေသက တိုင်းရင်းသားတွေဟာ အခုချိန်မှာ နောက်ကျကျန်နေခဲ့ရတာကို စိတ်မကောင်းစွာဘဲ တွေ့ရပါ တယ်။

ဥပမာအားဖြင့် ရန်ကုန်လို၊ မန္တလေးလို၊ နေပြည်တော်လိုနေရာတွေအပြင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်မြို့ကြီးတော်တော်များများမှာ အိမ်သုံး လျှပ်စစ်မီးတစ်ယူနစ် ၃၅ ကျပ်နဲ့ ရရှိနေချိန်မှာ ကျွန်တော်တို့ တိုင်းရင်း သားတွေကတော့ အခုထိ တစ်ယူနစ် ကျပ် ၃၀၀ နဲ့အထက် ပေးနေရဆဲ ဖြစ်ပါတယ်။

ဒီလိုမျိုး အခြားတိုင်းရင်းသားလူမျိုးတွေနဲ့ တန်းတူအခွင့်အရေးမရလေ တော့ ကျွန်တော်တို့လူမျိုးဟာ မြန်မာနိုင်ငံထဲမှာကော ရှိသေးရဲ့လားဆိုပြီး ယုံမှားသံသယနဲ့ မေးခွန်းထုတ်ရတဲ့အထိပါ။ ဒုတိယတန်းစား၊ ဒါမှမဟုတ် တတိယတန်းစားလူမျိုးတွေလားလို့ မေးခွန်းထုတ်ရမလိုပါဘဲ။

ဒီ့အပြင် မှတ်ပုံတင်လို့အလွယ်ခေါ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ထားဝယ်လူမျိုးအဖြစ် မှတ်ပုံတင်ခြင်းမခံရဘဲ ဗမာအဖြစ် မှတ်ပုံတင် ခံထားရပါတယ်။ ဒါဟာ သမိုင်းအစဉ်အလာရှိတဲ့၊ ဂုဏ်သိက္ခာမြင့်မားတဲ့ လူမျိုးတစ်မျိုးအတွက် များစွာနစ်နာရပါတယ်။

ဒီအကျိုးဆက်ဟာ တနင်္သာရီတိုင်းဒေသကြီးအတွင်း လူဦးရေအများ ဆုံးဖြစ်တဲ့ ထားဝယ်တိုင်းရင်းသားများအတွက် တာဝန်ခံပေးမယ့် တိုင်း ဒေသကြီးအစိုးရအဖွဲ့မှာ ထားဝယ်တိုင်းရင်းသားရေးရာဝန်ကြီး တစ်ယောက် ဆုံးရှုံးနေခြင်း၊ နိုင်ငံရေးအရ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်နေရာ လစ်လပ်နေခြင်းပါပဲ။

ဒီလိုမျိုး နိုင်ငံရေးအရ အောက်ကျနောက်ကျဖြစ်နေရတာ၊ နေရာတိုင်း မှာ လျှပ်စစ်မီးတစ်ယူနစ် ၃၅ ကျပ်ဆိုပေမယ့် ကျွန်တော်တို့ဆီမှာတော့ တစ်ယူနစ် ၃၀၀ ဖြစ်နေရတာ၊ ဒီလိုမျိုးခွဲခြားဆက်ဆံခံနေရတာတွေကြောင့် ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့လူမျိုးဟာ တိုးတက်သင့်သလောက် မတိုးတက်တာ၊ အစစအရာရာ နောက်ကျကျန်နေခဲ့ရတာ တွေ့ရပါတယ်။ လူနေမှုအဆင့်အတန်းလည်း နိမ့်ပါးနေတာတွေ့ရပါတယ်။

ကျွန်တော်တို့ဒေသက များစွာသော ကျွန်တော်တို့ သားသမီးရင်သွေးများ၊ ဆွေမျိုးများ နိုင်ငံရပ်ခြားမှာ အောက်ကျခံ ဆင်းရဲပင်ပန်းစွာအလုပ်သွားလုပ် နေကြရတာဟာ မျက်မြင်သက်သေတွေပါ။

ဒါတွေဟာ ကျွန်တော်တို့ပါတီထူထောင်ရခြင်းရဲ့ အဓိကအကြောင်း အရင်းတွေဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့ဟာ မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းပါ အတိုင်း တူညီသောတရား၊ တူညီသောအခွင့်အရေးနဲ့ တူညီသောအဆင့် အတန်းတို့အတွက် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါ တယ်။

**လေးစားချစ်ခင်ရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီလိုမျိုးရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရာမှာ ဦးစားပေးသုံးရပ် လုပ်ဆောင် သွားမယ့်အကြောင်းတင်ပြလိုပါတယ်။

ပထမဦးစားပေးအနေနဲ့ ထားဝယ်တိုင်းရင်းသားတို့အတွက် အာမခံ ချက်ရှိတဲ့နိုင်ငံရေးသိက္ခာ၊ နိုင်ငံရေးအဆင့်အတန်းရရှိရေးအတွက် ဆောင် ရွက်သွားပါမယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ မှတ်ပုံတင်မှာ ထားဝယ်လူမျိုးအဖြစ် တရားဝင်မှတ်ပုံတင်ခွင့်ရရှိရေးကနေပြီး လူမျိုးတစ်မျိုးအဖြစ် တန်းတူရည်တူ နေထိုင်နိုင်ရေး ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိသည်အထိ လုပ်ဆောင်သွားမှာ ဖြစ်ပါ တယ်။

ဒုတိယဦးစားပေးအနေနဲ့ ကျွန်တော်တို့တိုင်းရင်းသားတွေ အဓိက နေထိုင်တဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ ကောင်းမွန်သန့်ရှင်းပြီး ထိရောက်တဲ့ အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့ တွန်းအားပေးလုပ်ဆောင်သွားမှာ ဖြစ်ပါ တယ်။

အစိုးရဆိုတာ တိုင်းရင်းသားပြည်သူတွေ ကံ၊ ဉာဏ်၊ ဝီရိယအားလျော်စွာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန် ရေခံမြေခံများ ဖန်တီး ပေးရသော ပံ့ပိုးကူညီသူသာဖြစ်တယ်လို့ ကျွန်တော်တို့ပါတီက ယုံကြည်ပါ တယ်။

ဒီလိုယုံကြည်တဲ့အတိုင်းလည်း လုပ်ဆောင်သွားမှာပါ။

အကျင့်ပျက် ချစားမှုကင်းစင်တဲ့ အစိုးရဖြစ်ဖို့၊ ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်တဲ့အစိုးရဖြစ်ဖို့၊ တရားသောဥပဒေတွေစိုးမိုးဖို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေလိုလားနေကြပါတယ်။ ဒီလိုမျိုးအစိုးရကပဲ ဒီမို ကရေစီစနစ်ရဲ့အနှစ်သာရကို ပြည်သူတွေခံစားနိုင်အောင် လုပ်ဆောင် နိုင်ပါတယ်။ ဒီလိုမျိုးအစိုးရဖြစ်အောင် ကျွန်တော်တို့အင်အားရှိသလောက် လုပ်ဆောင်သွားမယ်လို့ ဒီနေရာကနေပြီး ကတိပြုပြောကြားလိုပါတယ်။

တတိယဦးစားပေးကတော့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာဖို့ပါ။ ဒီလိုကောင်းမွန်လာမှသာ နိုင်ငံရပ်ခြားမှာအလုပ်လုပ်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ ပြန်လာ နိုင်မှာဖြစ်ပါတယ်။

ဒီလိုတိုးတက်ကောင်းမွန်လာဖို့ဆိုရင် အခြေခံအဆောက်အအုံအုတ်မြစ် ကောင်းတွေလိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းနေဖို့၊ အုပ်ချုပ်ရေး ယန္တရားတည်ငြိမ်ထိရောက်နေဖို့၊ လျှပ်စစ်စွမ်းအင်ကို ဈေးနှုန်းသင့်တင့် မျှတစွာနဲ့ အသုံးပြုနိုင်ဖို့ ကျန်းမာပြီးပညာတတ်၊ စွမ်းဆောင်ရည်ကောင်း တဲ့ပြည်သူပြည်သားတွေရှိနေဖို့ လိုကိုလိုအပ်ပါတယ်။

တိုင်းပြည်တစ်ခုကိုတည်ဆောက်တဲ့နေရာမှာ လူသာလျှင်အဓိကပါ။ ဒါကြောင့် သဘာဝသယံဇာတအစား လူ့စွမ်းအားအရင်းအမြစ်အပေါ်မှာ အခြေခံတဲ့ဒေသဖြစ်အောင် ကျွန်တော်တို့ပါတီက တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ဒါကိုအခြေခံပြီးတော့ ဒေသထွက်ပစ္စည်းတွေ တန်ဖိုးမြှင့်ရရှိဖို့၊ ကုန်ထုတ် စွမ်းအားတက်လာဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ဒီလို လူမှုစီးပွားရေးဆိုင်ရာ လုပ်ငန်းတွေလုပ်ဆောင်ရာမှာ ဦးစား ပေးလေးရပ် ချမှတ်ထားပါတယ်။

(၁) ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးဖွံ့ဖြိုးတိုးတက်ရန်၊

(၂) ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်၊

(၃) ရော်ဘာ၊ ကွမ်းသီး၊ သီဟိုဠ်၊ အုန်းသီးစတဲ့ ဥယျာဉ်ခြံလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်လာနိုင်ရန်၊

(၄) စည်ပင်သာယာရေးနဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးရန်တို့ ဖြစ်ပါ တယ်။

ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်မပျက်စီး ရေးဟာ အထူးအရေးကြီးပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားတွေ ကံ၊ ဉတု၊ စိတ်၊ အာဟာရနဲ့အညီနေထိုင်နိုင်ဖို့ သဘာဝပတ်ဝန်းကျင်ဟာ အထူးအရေးကြီးပါတယ်။

သဘာဝပတ်ဝန်းကျင်ဟာ လူ့ကျန်းမာရေးအတွက် ရေသန့်သန့်၊ လေသန့်သန့်တွေရဖို့ အရေးပါပါတယ်။ အာဟာရပြည့်တဲ့အစားအစာတွေ ရဖို့အရေးပါပါတယ်။ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ဖို့ အရေးပါပါတယ်။

သဘာဝပတ်ဝန်းကျင်ကို အရေးမထားဘဲ ငွေကြေးရုပ်ဝတ္ထုပစ္စည်း နောက်ကိုပဲ တကောက်ကောက်လိုက်နေတဲ့အကျိုးဆက်က ကြီးမားလှပါ တယ်။ အခုအားလုံးသိကြတဲ့အတိုင်း ကပ်ဆိုး၊ ဘေးဆိုးတွေ ကြုံနေရပြီ ဖြစ်ပါတယ်။

ဒါကြောင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်တဲ့နေရာ မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အချိုးညီစွာ ဆောင်ရွက် သွားပါ့မယ်။

ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ ဒေသအတွင်းမှာရော၊ တစ်နိုင်ငံလုံးမှာရော တည်ရှိလှုပ်ရှားနေတဲ့ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနေရာကနေ တင်ပြလိုတာကတော့ ထားဝယ်တိုင်းရင်း သားများပါတီဟာ ဒီရွေးကောက်ပွဲတစ်ခုတည်းပဲကြည့်ပြီး အလုပ်လုပ်တဲ့ ပါတီမဟုတ်ပါဘူး။ နောက်မျိုးဆက်တွေအထိကြည့်ပြီး အလုပ်လုပ်မယ့် ပါတီဖြစ်ပါတယ်။

**ချစ်ခင်လေးစားရပါသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ရွေးကောက်ပွဲဝင်ရာမှာ အသုံးပြုမယ့်တံဆိပ်ကတော့ တဝဲလို့ ခတ်နှိပ်ထားတဲ့ ဒင်္ဂါးပြားနဲ့ ဒင်္ဂါးပြားအောက်ဘက်မှာ ထားဝယ် တိုင်းရင်းသားများပါတီလို့ ရေးထိုးထားပါတယ်။

ဒီဒင်္ဂါးပြားအမှတ်တံဆိပ်နံဘေးမှာ တုံးထုပြီးမဲပေးကြပါလို့ တိုက်တွန်း ချင်ပါတယ်။

ရွေးကောက်ပွဲအောင်နိုင်ပြီးတဲ့နောက်မှာ အခြားတိုင်းရင်းသား မဟာမိတ်တွေ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ပူးပေါင်းပြီး ဖက်ဒရယ် ပြည်ထောင်စုနဲ့ဒီမိုကရေစီစနစ် တည်ဆောက်ရေးလုပ်ဆောင်သွားမယ်။

အဲဒီအချိန်မှာ ကိုယ့်ကိစ္စကိုတော့ ကိုယ်လုပ်မှကိုယ်ရမယ်ဆိုတာ လေးလေးနက်နက်ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ထားဝယ်တိုင်းရင်း သားတွေအရေးအတွက် ဘယ်သူ့ကိုမှမျှော်ကိုးနေလို့ အားကိုးနေလို့မရပါ။ ဒါကိုသမိုင်းက သက်သေပြပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကိုယ့် ကိစ္စ၊ ကိုယ်လုပ်ကြစို့ပါ။

ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများပါတီရဲ့ အောင်ပွဲသည် ထားဝယ်လူမျိုးများရဲ့အောင်ပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ ထားဝယ်တိုင်းရင်း သားများပါတီရဲ့အောင်ပွဲသည် ထားဝယ်လူမျိုးများရဲ့ ဂုဏ်သိက္ခာဖြစ်ပါ တယ်။ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများ ပါတီရဲ့အောင်ပွဲသည် ထားဝယ်လူမျိုးများရဲ့သမိုင်းသစ်ဖြစ်ပါတယ်။

ဒါကြောင့် တို့လူမျိုး၊ တို့ဒေသ၊ တို့ပါတီ၊ တို့ယုံကြည်ပါ။

တို့ဒေသတိုးတက်ဖို့ ထားဝယ်ပါတီကိုမဲပေးစို့ပါ။

ကျေးဇူးတင်ပါတယ်။

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများနှင့်တွေ့ဆုံ

တောင်ကြီး စက်တင်ဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)တာဝန်ခံ ဦးစိုင်းနွံတောင်းနှင့် တောင်ကြီးခရိုင်နှင့် တောင်ကြီးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၂၅ ရက်က ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံက အမှာစကားပြောကြားသည်။

တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရသည့်အကြောင်းနှင့် လုပ်ငန်းများအကောင်အထည် ဖော်နိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့် ပါတီဝင်များကလည်း လိုက်ပါဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဖက်ဒရယ်ပြည်ထောင်စုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၈

**ဖက်ဒရယ်ပြည်ထောင်စုပါတီ ဒုတိယဥက္ကဋ္ဌ ဦးစဝ်သာဦး(ခေါ်)ဦးသီဟသူက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၈ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**"မိုင်ဆုန်ခ" မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။**

**လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျား-**

ကျွန်တော်က ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) ရဲ့ ဒုတိယဥက္ကဋ္ဌဦးစဝ်သာဦး(ခေါ်)ဦးသီဟသူဖြစ်ပါသည်။ FUP ပါတီအကြောင်း တင်ပြရမှာ-

(၁) ပါတီ၏သမိုင်းကြောင်း
(၂) ပါတီတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်
(၃) ပါတီ၏မူဝါဒသဘောထားနှင့်
(၄) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါတီ၏ ပါဝင်မှုအခန်းကဏ္ဍဆိုပြီး ကဏ္ဍလေးခုအနေဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

**(၁) ပါတီ၏သမိုင်းကြောင်း**

ဖက်ဒရယ်ပြည်ထောင်စုပါတီ(FUP)ကို (၁၁ ရက်နှင့် ၁၂ ရက် ဇွန်လ ၂၀၁၃ နေ့) ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျားဖြူပါတီရုံးချုပ်တွင် ပြုလုပ်ခဲ့သော (၁၅)ကြိမ်မြောက် ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း(NBF)၏ (၁၅)ပါတီပုံမှန်အစည်းအဝေးကြီးမှ NBF အဖွဲ့ဝင်ပါတီအားလုံး၏တူညီသော သဘောဆန္ဒဖြင့် ဖက်ဒရယ်ပြည်ထောင်စုပါတီ (FUP)ပါတီကို ဖွဲ့စည်းတည်ထောင်ရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။

**ပါတီတည်ထောင်ခြင်း**

FUP ပါတီကို ၈-၈-၂၀၁၃ နေ့တွင်ပါတီတည်ထောင်ရန် လျှောက်ထားခဲ့ရာ ၂၄-၁၂-၂၀၁၃နေ့စွဲပါစာအမှတ် ၃/နငရ-မပတ(၁)/ ကမရဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်နေ့တွင် မှတ်ပုံတင်အမှတ် (၇၁)ဖြင့် တရားဝင်မှတ်ပုံတင်ရရှိခဲ့ပါသည်။ ယခုအခါ NBF အဖွဲ့တွင် တိုင်းရင်းသားပါတီပေါင်း ၂၃ ပါတီအထိတိုးတက်လာခဲ့ပြီး FUP သည်လည်း NBFအဖွဲ့ဝင်အဖြစ် အတူလက်တွဲဆောင်ရွက်နေပါတယ်။

**(၂) FUP ပါတီတည်ထောင်ခြင်း၏အဓိကရည်ရွယ်ချက်များမှာ-**

(က) မိခင်ပါတီများဖြစ်ကြသော NBF အဖွဲ့ဝင်တိုင်းရင်းသားစစ်စစ်ပါတီများသည် ခုနစ်ပြည်နယ်တွင် အမိအရ ခြေကုပ်ယူထားပြီးဖြစ်သော်လည်း တိုင်းဒေသကြီးခုနစ်ခုတွင် အားနည်းနေခြင်းကို အပြည့်အဝ အားဖြည့်ပေးရန်၊
(ခ) တိုင်းဒေသကြီးခုနစ်ခုတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုရန်၊
(ဂ) လိုအပ်၍ မိခင်ပါတီများက တောင်းဆိုလာလျှင် ခုနစ်ပြည်နယ်တွင် အားဖြည့်ပေးရန်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရဖွဲ့နိုင်ရေးအတွက် ကူညီပေးရန်၊
(ဃ) ပြည်မတွင်နေထိုင်ကြသောတိုင်းရင်းသားပြည်သူများအတွက် နောက်ထပ်ပါတီကြီးတစ်ခုကိုရွေးချယ်နိုင်စရာ အခွင့်အလမ်းရရှိရန်၊
(င) ငြိမ်းချမ်းရေးသာယာသော ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်နှင့်
(စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့အတူ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းရှိသော federalပြည်ထောင်စုဖြစ်ပေါ်လာရန် စသည်တို့ဖြစ်ပါသည်။

**ဖက်ဒရယ်ပြည်ထောင်စုပါတီ၏ ယုံကြည်ချက်**

ဖက်ဒရယ်ပြည်ထောင်စုပါတီဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့ရဲ့ စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးတို့ကို ဖော်ဆောင်နိုင်မယ့် ပါတီဖြစ်တယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

ထို့အပြင် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တန်းတူညီသည့်ဥပဒေ ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်စီမံပိုင်ခွင့်၊ တရားစီရင်ပိုင်ခွင့်နှင့် သယံဇာတအကျိုးကို ခံစားခွင့်တို့ကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုရရှိလာအောင် အခြေခံဥပဒေကို လည်းပြုပြင်၊ ဖြည့်စွက်၊ မလိုသည်ကိုပယ်ဖျက်သွားနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

**ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ဖက်ဒရယ်စနစ်ဆိုတဲ့ဝေါဟာရဟာ ယခင် ၁၉၆၂ ခုနှစ်ကစပြီး ၂၀၁၀ ခုနှစ်အထိ တိုင်းပြည်ခွဲထွက်ရေးမူပါဆိုပြီး အာဏာရှင် အဆက်ဆက်ကဝါဒမှိုင်းသွင်းခဲ့တဲ့အတွက် ပြည်သူတစ်ရပ်လုံးကြောက်လန့်ခဲ့တဲ့ စကားရပ်ဖြစ်ပါတယ်။ တကယ်တော့ ဖက်ဒရယ်ဆိုတာ ပေါင်းစည်းခြင်း၊ စုစည်းခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ အဓိပ္ပာယ်အပြင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းရှိတဲ့ ပြည်ထောင်စုဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ယခုအစိုးရလက်ထက်မှသာ ဖက်ဒရယ်ဆိုတဲ့စကားလုံးကို ကျွန်တော်တို့ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း (NBF)မှ စတင် တွင်တွင်ကျယ်ကျယ် တရားဝင်အသုံးပြုလာခဲ့တာ ယခုအခါ အစိုးရ၊ လွှတ်တော်နှင့် အခြားအဖွဲ့အစည်းအားလုံးက လက်ခံလာပြီးဖြစ်တဲ့အပြင် အဲဒီရလဒ်အကျိုးကြောင့် ကျွန်တော်တို့ "ဖက်ဒရယ်ပြည်ထောင်စုပါတီ"ကို ပီပီပြင်ပြင် တည်ထောင်လာနိုင်ပြီဖြစ်တဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

(၃) ဖက်ဒရယ်ပြည်ထောင်စုပါတီရဲ့ မူဝါဒသဘောထားအချို့ကိုအကျဉ်းချုံး ဖော်ပြလိုပါတယ်။

**နိုင်ငံရေး**

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပီပီပြင်ပြင်တည်ဆောက်သွားပါမယ်။

**တိုင်းရင်းသားအရေး**

တိုင်းရင်းသားအားလုံး၏တန်းတူညီမျှသောအခွင့်အရေးကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကာကွယ်စောင့်ရှောက်ပြီး တစ်ပြေးညီဘက်စုံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

တိုင်းရင်းသား(လူနည်းစု)မျိုးနွယ်များ မပျောက်ပျက်ရေးအတွက် အစွမ်းကုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားပါမယ်။

**နိုင်ငံခြားရေး**

- လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံသွားမယ်။
- နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေကို လေးစားလိုက်နာမယ်။
- တိုင်းပြည်တစ်ပြည်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း နှောင့်ယှက်ခြင်းကို လုံးဝလက်မခံ။

**စီးပွားရေး**

လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော်ပါမယ်။

နိုင်ငံသားလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကာကွယ်ဆောင်ရွက်သွားပါမယ်။

**လယ်ယာစိုက်ပျိုးရေး**

- လယ်ယာလုပ်ကိုင်သူတိုင်း လယ်ယာပိုင်ဆိုင်ခွင့် လွှဲပြောင်း၊ ရောင်းချပေါင်နှံခွင့်ရှိရပါမယ်။
- မိမိပိုင်လယ်ယာမြေတွင် နှစ်သက်ရာသီးနှံစိုက်ပျိုးခွင့်ရှိပြီး ထွက်ကုန်သီးနှံများကို လွတ်လပ်စွာ သယ်ယူသိုလှောင်ရောင်းချခွင့်ရှိရမယ်။
- မတရားသိမ်းဆည်းခံထားရသော လယ်ယာမြေများကို ပြန်လည်ရရှိရေးအတွက် ဥပဒေဘောင်အတွင်းမှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**ကျန်းမာရေး**

ခုခံအားကျဆင်းရောဂါ(HIV/AIDS)ဝေဒနာရှင်များအတွက် ဆေးဝါးစက်ရုံတည်ဆောက်ပြီး ရာသက်ပန် အခမဲ့ဖြန့်ဝေရေးကို ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**အလုပ်သမားရေး**

ဌာနဆိုင်ရာအားလုံးတွင် ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားရာ၌ မိမိဌာနမှ ဝန်ထမ်းများကိုသာ ဦးစားပေးရွေးချယ်ရမယ်။

**အမျိုးသမီးရေးရာကဏ္ဍ**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍအသီးသီး၌ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှုန်းသည် နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါးနေသည့်အတွက် လက်ရှိအနေအထားမှ ၃၀ ရာခိုင်နှုန်းအထက် ပါဝင်နိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်မည်။

**လူငယ်ကဏ္ဍ**

- လူငယ်များ၏စွမ်းဆောင်ရည်မြင့်မားလာစေရန် ပြည်တွင်းပြည်ပ သင်တန်းများစေလွှတ်စေ၍ စနစ်တကျ စီမံချက်များ ရေးဆွဲရန်၊
- လူငယ်များအတွက် အလုပ်အကိုင်သစ် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန်၊
- တိုင်းရင်းသားပေါင်းစုံ ပါဝင်သော လူငယ်ညီလာခံတစ်ရပ်ကို အခါအားလျော်စွာ ကျင်းပနိုင်ရန်။

**(၄) ငြိမ်းချမ်းရေးကဏ္ဍ**

ငြိမ်းချမ်းရေးမရရှိဘဲ ပြည်တွင်းစစ်ဖြစ်ပွားနေသောကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ သယံဇာတနှင့် ဝင်ငွေအများစုသည် နှစ်ဖက်စစ်ရေးတွင် အသုံးပြုနေသောကြောင့် တစ်နိုင်ငံလုံးစီးပွားရေးနစ်နာကျရှုံးနေရပါတယ်။

ဒါကြောင့် နိုင်ငံရေးနှင့် ပြည်သူများကြီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးကိုရရှိစေရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

လက်ရှိတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)ဖြစ်မြောက်ရေးအတွက်လည်း ကျွန်တော်တို့ပါတီက သက်ဆိုင်ရာနှစ်ဖက်စလုံးကို အမြဲတိုက်တွန်းနေပါတယ်။ NCA စာချုပ်ချုပ်ပြီးနောက်ပိုင်း နိုင်ငံရေးမူဘောင်များ ရေးဆွဲညှိနှိုင်းပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက် မူဘောင် (Frame Work)ရေးဆွဲရာမှလည်း ၅၆ ပါတီကိုယ်စားပြုမှာ ကျွန်တော်တို့ပါတီကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်နေပါကြောင်း တင်ပြလိုပါတယ်။

နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုအရေးတွေဟာ ယခုအစိုးရလက်ထက်မှာမှ အစပျိုးရုံသာရှိပါသေးတယ်။ ဒါကြောင့် ဒီအရေးတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် လာမည့် ၂၀၁၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရေးဟာ မဲဆန္ဒရှင်ပြည်သူအပေါင်းရဲ့တာဝန်ဖြစ်တာကြောင့် ကိုယ်စားလှယ်ရွေးချယ်ပေးရာမှာ ပါတီကိုလည်းစိစစ်ရွေးချယ်သင့်သလို ကိုယ်စားလှယ်လောင်းကိုလည်း သေချာစိစစ်ပြီး ရွေးချယ်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရွေးချယ်ရာမှာ အဓိကအချက်ကတော့ ပြည်သူများရဲ့ဆန္ဒနဲ့ဒေသအကျိုးကို စိတ်ရင်းစေတနာမှန်နဲ့ အမှန်တကယ်ဆောင်ရွက်ပေးမယ့်ပုဂ္ဂိုလ်တွေကိုပဲ အထူးဦးစားပေးရွေးချယ်ထားကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်ကတော့ **"ကိုယ်ကျိုးမဖက် ပြည်သူ့ဘက်က အမြဲရပ်တည် ဖက်ဒရယ်ပြည်ထောင်စုပါတီ"** ဖြစ်ပါကြောင်းနဲ့အတူ ကျွန်တော်တို့ FUP ပါတီဟာ ပြည်သူများရဲ့အကျိုးကို လိုလိုလားလားနဲ့ သဘောထားဖြောင့်မှန်စွာ ဆောင်ရွက်ပါမယ့်အကြောင်း ပြည်သူများအားလုံးရှေ့မှာ ဝန်ခံကတိပြုတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေခင်ဗျာ။

**တိုင်းရင်းသားတွေလက်တွဲညီအောင်ပွဲချီ**

- (ဒို့ပြေ(ပြည်)ကို ဒို့ချစ်သည်၊ ဒို့မြေကို ဒို့ချစ်သည်
ငါတို့ချစ်တဲ့ ပြည်ထောင်စုကို တိုးတက်စေရန်ရည်. . . . .
တိုင်းရင်းသားတွေလက်တွဲညီ အောင်ပွဲချီ ဒီမိုကရေစီ ခေတ်သစ်လှမ်းတက်မည်. . . )၂
- ညီညွတ်မှုကို လေးစားယုံကြည် ထာဝရငြိမ်းချမ်းရေးကို မနှေးတည်ဆောက်မည်. . .
ဖွံ့ဖြိုးတိုးတက်သာယာဝေစည် ကမ္ဘာ့အဆင့်မီ တက်လှမ်းချီ အမျိုးသားရေးတာဝန် အမှန်ဖြစ်သည်. . .
- (လွတ်လပ်သည် တန်းတူညီ တရားမျှတမှုအခြေတည်. . . .
ဖက်ဒရယ်စနစ်ကို ထူထောင်ကြမည် ခေတ်သစ်စနစ်ကို ဦးတည်. . . . . )၂
- နိုင်ငံ့အကျိုးကို မျှော်ကာရည် စည်းလုံးမှုနဲ့ဖော်ဆောင်မည်. . .
တိုင်းရင်းသားတွေ လက်တွဲညီ အောင်ပွဲချီ ဖက်ဒရယ်ပြည်ထောင်စုပါတီ. . . . .

---

**ဆန္ဒမဲများပေးရာတွင် အဆင်ပြေစေရေး မိုးပွင့်အထူးစီမံချက် အပိုင်း(၂)ဖြင့် ဆောင်ရွက်**

**ပုလဲ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲများပေးကြမည့် မဲဆန္ဒရှင်ပြည်သူများထဲမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် လူဦးရေအိမ်ထောင်စုစာရင်း လက်ဝယ်မရှိသောသူများအတွက် မိုးပွင့်အထူးစီမံချက် အပိုင်း(၂)ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက် နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၅ ရက်က ခင်အေးကျေးရွာနှင့်ကံကြီးကျေးရွာသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်း၍ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ထွန်းမြင့်က "ခင်အေးကျေးရွာနဲ့ ကံကြီးကျေးရွာတို့မှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိတဲ့ လူဦးရေ ၇၀ ကို စိစစ်ရေးကတ်ပြားတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

မိုးပွင့်အထူးစီမံချက်အပိုင်း(၂)အရ ကျေးရွာအုပ်စု ၁၆ အုပ်စုရှိ ကျေးရွာများအရောက်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ ၆၀၇ ဦးနှင့် လူဦးရေ အိမ်ထောင်စုစာရင်းမရှိသည့် အိမ်ထောင်စု ၇၉ စုကို ပြုလုပ်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသော ကျေးရွာအုပ်စုများသို့လည်း အရှိန်တိုးမြှင့်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဓေယျာမြေ)**

ကချင်ဒီမိုကရက်တစ်ပါတီ
လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်းမရှိပါ။
KDP
KACHIN DEMOCRATIC PARTY




# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၂၈**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး တိုင်း/ ခရိုင်/ မြို့နယ်/ ရပ်ကျေး ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၅ ရက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ) ဦးဝင်းကိုကိုက အမှာစကားပြောကြားရာ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မှန်ကန်စွာ မဲပေးနိုင်ရေးအတွက် မဲစာရင်းများ မမှားယွင်းအောင် အကြိမ်ကြိမ်၊ အထပ်ထပ် စစ်ဆေးလျက်ရှိသည်ကိုလည်း သိရပါကြောင်း၊ လွယ်မယောင်နဲ့ ခက်ခဲနက်နဲပါကြောင်း၊ ပါတီအဖွဲ့အစည်းပေါင်းစုံနဲ့ ရွေးကောက်ပွဲ ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်များ အမြင်ရှင်းစေရန်နှင့် မည်သည့်ဘက်မျှ တိမ်းစောင်းငဲ့ညာခြင်း မရှိစေရန်နှင့် မဲဆန္ဒရှင်ပြည်သူများ တရားမျှတစွာ လွတ်လွတ်လပ်လပ် ဆန္ဒပြုနိုင်ကြစေရန် တိကျမှန်ကန်စွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားခဲ့သည်။

တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်ကလည်း မဲစာရင်းများ မှန်ကန်တိကျမှုရှိရေး ဆောင်ရွက်နေကြပါသော်လည်း အချိန်ကာလတိုတောင်းခြင်း၊ သွားရေးလာရေးခရီးစဉ်များ အခက်အခဲရှိသကဲ့သို့ အချို့သောဒေသများ၌ ကွန်ပျူတာလုပ်ငန်း ကျွမ်းကျင်မှုအားနည်းနေခြင်းကြောင့် စာလုံးအမှားများကင်းရှင်းစေရန် အကြိမ်ကြိမ် အထပ်ထပ် စစ်ဆေးခဲ့ရကြောင်း ဆွေးနွေးပြီး ပုသိမ်ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲဖေကလည်း ပုသိမ်ခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းရပ်များအား ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော ပုသိမ်၊ ငပုတော၊ သာပေါင်း၊ ကန်ကြီးထောင့်၊ ရေကြည်၊ ကျောင်းကုန်း၊ မြို့နယ်/ ကျေးရွာ/ ရပ်ကွက်များမှရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ ကြုံတွေ့နေကြရသော လုပ်ငန်းစဉ်အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**လင်းခေး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၆ ရက်က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာရှိ ရွာလယ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒါးဆိပ်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်ဇင်က ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

လင်းခေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဦးစိုင်းချိုနိုင်က ၎င်းကျေးရွာရှိ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ လွယ်ကူစွာဖြင့် ဆန္ဒမဲများ ပေးသွားနိုင်ရန် ကျေးရွာပြည်သူလူထုတို့၏ မဲစာရင်းများအား ပြုစုကြေညာထားရှိပေးပြီးသည့် အခြေအနေ၊ ကျေးရွာနေပြည်သူများက မိမိတို့၏အမည်စာရင်းများပါရှိခြင်း ရှိ၊ မရှိ၊ လိုအပ်ချက်များရှိခဲ့ပါက ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ အချိန်မီ လာရောက်အကြောင်းကြားလျှောက်ထားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ လင်းခေးမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဒါးဆိပ်ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊ ကျေးရွာမဲရုံမှူးများ၊ အထောက်အကူ ပြုကော်မတီဝင်များနှင့် ကျေးရွာဒေသခံများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(ပြန်/ဆက်)**

## ရွေးကောက်ပွဲသတင်းတိုများ

# ရွေးကောက်ပွဲမဲပေးမှုဆိုင်ရာ သိကောင်းစရာများရှင်းလင်း

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအား ရွေးကောက်ပွဲ မဲပေးမှုဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ၌ ကျင်းပခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲ မဲပေးမှုဆိုင်ရာ သိကောင်းစရာများကို သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွန့်နှင့် ကော်မရှင်အဖွဲ့ဝင်များက အဖွဲ့လေးဖွဲ့ခွဲကာ သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့ ၁၃ ခုသို့ ကွင်းဆင်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မဲစာရင်းများမှန်ကန်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အတွင်းရှိ ပဲဒက်ကျေးရွာ၊ ပဒေါက်ကြီး ကျေးရွာ၊ အောက်သရက်ချောင်းကျေးရွာနှင့် ကျောက်ဆည်ကျေးရွာတို့တွင် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရာ ပြည့်စုံမှန်ကန်မှု ရှိ/ မရှိကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ထွန်းဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးစိုးနှင့် အဖွဲ့ဝင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးနိုင်ဝင်းတို့က စက်တင်ဘာ ၂၆ ရက်က အဆိုပါကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအလုပ်ရုံ ဆွေးနွေးပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ နတ်တလင်း၊ ကြို့ပင်ကောက်၊ ဇီးကုန်းမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ခရိုင်ကော်မရှင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲမြင့်က အမှာစကားပြောကြားပြီး ခရိုင်အဖွဲ့ဝင် ဦးစိုးနိုင်၊ ခရိုင်ဥပဒေအရာရှိ ဦးငွေအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မိမိတို့သိရှိလိုသော အချက်များကို မေးမြန်းခဲ့သည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း နိုင်ငံရေးပါတီပေါင်း ၁၀ ခု၊ မဲရုံပေါင်း ၉၇၄ ရုံနှင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၄၁ ဦးရှိပြီး ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ပယ်ဖျက်ခံရသူမရှိကြောင်းသိရသည်။

**ကိုသက်(ဇီးကုန်း)**

# မဲရုံမှူး၊ ဒုမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**တောင်သာ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံ ခရိုင် တောင်သာမြို့နယ်၌ မြို့နယ် အဆင့် မဲရုံမှူး၊ ဒုမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက်က မင်းစုအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးနိုင်က မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်၊ မဲရုံပုံစံ ချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်မဲပေးခြင်း၊ ခိုင်လုံမဲများနှင့် ပယ်မဲများစသည်တို့ကို ခေါင်းစဉ်အလိုက် သင်ကြားပို့ချခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲတွင် နယ်မြေ (၁)၊ (၂) မှ မဲရုံမှူး၊ ဒုမဲရုံမှူးများ စုစုပေါင်း ၁၃၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို တာဝန်ရှိသူများက စက်တင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

